# ကြေးမုံ
The Mirror
Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ တနင်္ဂနွေနေ့ (1-11-2015) (၈၃၇၁)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အယ်လ်ဂျီးရီးယားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် နိုဝင်ဘာ ၁**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ကျရောက်သော အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အဗ္ဗဒဲလ်အာဇစ်ဘူတီဖလီကာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁ရက်တွင် ကျရောက်သော အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အဗ္ဗဒဲလ်မဲလ်လိ(ခ်)ဆဲလဲလ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# တစ်နိုင်ငံလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်

နေပြည်တော် အောက်တိုဘာ ၃၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးဇေယျာအောင်၊ ဒေါက်တာသန်းအောင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မြန်မာအမျိုးသားလေကြောင်းဖြင့်ထွက်ခွာပြီး တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ရောက်ရှိရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။**

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဘုတ်ပြင်းလေဆိပ်တွင် မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက လှိုက်လှဲစွာကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

# ရန်ကုန်ဘတ်စ်ကား အများပိုင်စနစ်ဖြင့်ပြေးဆွဲရန် အစုရှယ်ယာများ စတင်ရောင်းချ ပြည်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းတွင် ဘတ်စ်ကားလိုင်း စတင်ပြေးဆွဲမည်

**ရန်ကုန် အောက်တိုဘာ ၃၁**

နိုင်ငံတော်-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် ရန်ကုန်ဘတ်စ်ကား အများနှင့်သက်ဆိုင်သော ကုမ္ပဏီကိုထူထောင်ကာ အများပိုင်စနစ်ဖြင့် ဘတ်စ်ကားလိုင်းပြေးဆွဲရန်အတွက် အစုရှယ်ယာများကို နိုဝင်ဘာ ၃ ရက်တွင် စတင်ရောင်းချသွားမည်ဖြစ်ကြောင်း ယနေ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမတွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ **စာမျက်နှာ ၅ ကော်လံ ၃ သို့** ✻

**အစိမ်းရောင်စီးပွားရေးလမ်းကြောင်း ပူးပေါင်းလျှောက်လှမ်းမှုမှသည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ . . .** နန်းနွယ်နီထွန်း ၏

သတင်းဆောင်းပါး စာမျက်နှာ - ၆



ဒေါက်တာဒေါ်ကေသီ

နည်းစနစ်ကျကျ ... 'ရွှေပြည်နန်းနံ့သာဖြူသနပ်ခါး' ...

ကျွန်မအလုပ်စဝင်တဲ့ ရေနံချောင်းမြို့ဟာ အလွန်ပူပြင်းခြောက်သွေ့တဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ပူပြင်းသောနေဒဏ်ကြောင့် ကျွန်မပါးပြင်ပေါ်မှာ အမည်းကွက်တွေ ပေါ်လာသလို အညာမြေရဲ့ ဆောင်းရာသီအအေးဒဏ်ကြောင့်လည်း ကျွန်မပါးပြင်ပေါ်မှာ အဖြူကွက်တွေ ပေါ်လာခဲ့ပါတယ်။ ကျွန်မက နံ့သာဖြူသနပ်ခါးကို အရမ်းကြိုက်နှစ်သက်သူတစ်ယောက်ပါ။ 'ရွှေပြည်နန်းနံ့သာဖြူသနပ်ခါး' ပေါ်လာတော့ ခြေဆုံးခေါင်းဆုံးလိမ်းခဲ့တာဖြင့် ကျွန်မပင်စင်ယူတဲ့ အထိပါပဲ။ ထိုသို့လိမ်းခဲ့တဲ့အကျိုးအားဖြင့် ကျွန်မမျက်နှာပေါ်က တင်းတိပ်၊ နေလောင်ကွက်တွေနဲ့ ဆောင်းရာသီအအေးဒဏ်ကြောင့်ဖြစ်သော အဖြူကွက်များ သိသိသာသာ ပျောက်ကင်းသွားတာ ကျွန်မကိုယ်တွေ့ပါပဲ။ မြင့်မားစွာကျရောက်နေတဲ့ ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ဖို့ဆိုရင် 'ရွှေပြည်နန်းသနပ်ခါး'သာ အကောင်းဆုံးဖြစ်ကြောင်း၊ ကျွန်မကိုယ်တွေ့ဖြစ်ရပ်များဖြင့် ထောက်ခံတင်ပြအပ်ပါသည်။ ရွှေပြည်နန်းသနပ်ခါးဟာ မျက်နှာမှာ တင်းတိပ်၊ နေလောင်ကွက်နဲ့ အဖြူကွက်တွေ ပျောက်ကင်းရုံသာမက ရေချိုးပြီးတိုင်း မျက်နှာနဲ့ လက်တွေကို မထူမပါးလေးလိမ်းထားမယ်ဆိုရင်လည်း စိတ်ရောကိုယ်ပါ ကြည်လင်လန်းဆန်းမှုကို ခံစားရပါတယ်။ ကျွန်မအတွက်ကတော့ 'ရွှေပြည်နန်းနံ့သာဖြူသနပ်ခါး'ဟာ နတ်ဆေးတစ်ပါးပါပဲ. . .

ဒေါက်တာဒေါ်ကေသီ၊ ပါမောက္ခ၊ ဌာနမှူး(ငြိမ်း) ... ဆေးတက္ကသိုလ်၊

... ဒေါက်တာ ... ဆေးတက္ကသိုလ်၊

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈(H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။)

ကြေးမုံစာတည်းရှုထောင့် ၁-၁၁-၂၀၁၅၊ တနင်္ဂနွေနေ့

# မှန်မှန်ကန်ကန်လှုပ်ရှားဆောင်ရွက်

မျက်မှောက်ကာလတွင် တစ်တိုင်းပြည်လုံးရှိ ပြည်သူများအနေဖြင့် မြန်မာ့နိုင်ငံရေးဖြစ်စဉ်၌ အရေးကြီးသည့်လုပ်ငန်းစဉ်ဖြစ်သည့် အထွေထွေရွေးကောက်ပွဲကြီးတွင် မိမိနှစ်သက်ရာကိုယ်စားလှယ်လောင်းကို မဲပေးရွေးချယ်နိုင်ရန်အတွက် အသင့်ဖြစ်နေလောက်ပြီဟု မျှော်လင့်ပါသည်။

ဆန္ဒမဲပေးခြင်းသည် မိမိတို့၏ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် မိမိတိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် အမှန်တကယ်အကောင်အထည်ဖော်နိုင်မည့်သူကိုသာ ရွေးချယ်ခြင်းဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။ အရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းများကလည်း မိမိတို့အနိုင်ရရှိရေးအတွက် ပြည်သူတို့အား အစွမ်းကုန်စည်းရုံးကြမည်ဖြစ်သည်။

မဲပေးခြင်းနှင့်စည်းရုံးခြင်း လုပ်ငန်းစဉ်နှစ်မျိုးကိုဆောင်ရွက်ရာတွင် သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများကို လေးစားလိုက်နာပြီး ဆောင်ရွက်ကြရန်လိုအပ်ပါသည်။ ဥပဒေ၊ စည်းကမ်းနှင့်မလျော်ညီသော တစ်ဖက်သားနစ်နာအောင်ပြုလုပ်မှု၊ အသရေဖျက်မှု၊ ခိုက်ရန်ဖြစ်ပွားမှု၊ ဆူပူမှု၊ အကြမ်းဖက်မှုများကို မပြုလုပ်မိရန် အရေးကြီးပါသည်။

ထိုနေရာတွင် ပါတီများကလည်း သတ်မှတ်ထားသော ပါတီစည်းရုံးရေးစည်းကမ်းများကို လိုက်နာရန် လိုအပ်ပြီး ကိုယ်စားလှယ်လောင်းများကလည်း ပြည်သူများအား မှန်မှန်ကန်ကန်စည်းရုံးကြဖို့လိုအပ်ပါသည်။ ပြည်သူများကလည်း စည်းကမ်းတကျပါဝင်လှုပ်ရှားကြရန်လိုအပ်ပြီး နိုင်ငံ့ဝန်ထမ်းများကလည်း ပါတီနိုင်ငံရေး ကင်းရှင်းစွာဖြင့် အသိတရားနှင့် ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန် ရက်သတ္တတစ်ပတ်သာလိုတော့သည့် ယနေ့အချိန်ကာလအထိ မြန်မာနိုင်ငံတစ်ဝန်းတွင် ရွေးကောက်ပွဲအကြိုဆောင်ရွက်မှုများနှင့် ပတ်သက်၍ အချို့နေရာအနည်းငယ်၌သာ စည်းကမ်းနှင့်မလျော်ညီသည့် ပြုမူဆောင်ရွက်မှု၊ အကြောင်းမဲ့နှောင့်ယှက်ဖျက်ဆီးမှုနှင့် ခိုက်ရန်ဖြစ်ပွားမှုတို့သာ ဖြစ်ပွားခဲ့သည်ကို တွေ့မြင်ရသဖြင့် မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်စဉ် ကောင်းမွန်နေသေးသည်ဟု ဆိုရမည်ဖြစ်သည်။

ဒီမိုကရေစီစနစ်ကိုကျင့်သုံးရာ၌ အများဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ခြင်းသည် အရေးပါသည့် လုပ်ငန်းစဉ်ဖြစ်၍ အများဆန္ဒနှင့်အညီ စနစ်ကျစည်းကမ်းရှိစွာဖြင့် လှုပ်ရှားဆောင်ရွက်ကြရမည်ဖြစ်သည်။ မိမိတို့ ဆောင်ရွက်မှုများသည် နိုင်ငံ၏ဂုဏ်သိက္ခာ၊ နိုင်ငံ၏အကျိုးစီးပွား မထိခိုက်ဖို့အထူးလိုအပ်ပါသည်။ မည်သည့် ရွေးကောက်မှုတွင်မဆို အနိုင်နှင့်အရှုံး နှစ်မျိုးသာရှိမည်ဖြစ်၍ နိုင်လျှင်လည်း ပြုံးပြုံး၊ ရှုံးလျှင်လည်း ပြုံးပြုံးနေတတ်ဖို့ လိုအပ်ပါသည်။

အားကစားစကားနှင့်ပြောမည်ဆိုလျှင် အရှုံး၊ အနိုင်သည် ပဓာနမဟုတ်၊ ယှဉ်ပြိုင်ခြင်းသည်သာ အဓိကဖြစ်သည်ဟူသော ဆိုစကားနှင့်လည်း ပြောချင်ပါသည်။ ဘောလုံးပွဲတစ်ပွဲ ယှဉ်ပြိုင်ကြသည့် နှစ်ဖက်အသင်းတို့ ခြေရည်တူ၊ ခြေရည်ကွာဟမှုရှိကြမည်ဖြစ်သော်လည်း နိုင်သည်ဖြစ်စေ၊ ရှုံးသည် ဖြစ်စေ အကွက်ကျကျ အကောင်းဆုံးနှင့် အသန့်ရှင်းဆုံးကစားနိုင်သော အသင်းကိုသာ ပရိသတ်များက အားပေးကြမည်ဖြစ်သည်။

ပရိသတ်များအနေဖြင့်လည်း မိမိတို့အသင်းအောင်နိုင်ရေးအတွက် အင်တိုက်အားတိုက် အားပေးကြမည်ဖြစ်ပြီး အကွက်ကျကျအကောင်းဆုံးကစားခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရှုံးနိမ့်ခဲ့ရပါက ကျေနပ်နှစ်သိမ့်ကြသကဲ့သို့ အားပေးကြရမည်ဖြစ်သည်။ ပြီးခဲ့သည့်ကာလက နိုင်ငံတကာပြိုင်ပွဲများတွင် ယှဉ်ပြိုင်ခဲ့သော မြန်မာလက်ရွေးစင်ဘောလုံးအသင်း ရှုံးသည့် ပွဲဖြစ်စေ၊ နိုင်သည့်ပွဲဖြစ်စေ မြန်မာပရိသတ်က အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် တစ်ခဲနက်အားပေးခဲ့ကြပုံမှာ အတုယူစရာဖြစ်သည်။

ယခုကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင်လည်း ထိုကဲ့သို့ပင် မြန်မာတို့၏ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပါဝင်ယှဉ်ပြိုင်မှုကို အားပေးကြစေချင်ပါသည်။ မြန်မာနိုင်ငံသားအားလုံးတို့သည် မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်စေလို သောဆန္ဒဖြင့် လှုပ်ရှားဆောင်ရွက်နေကြသည်မှာ အမှန်ဖြစ်သည်။ သို့ဖြစ်ရာ မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကောင်းစားရေးကို ရှေးရှု၍ စည်းကမ်းစနစ်ကျနစွာဖြင့် မှန်မှန်ကန်ကန်လှုပ်ရှားဆောင်ရွက် ရွေးချယ်တတ်စေရန် တိုက်တွန်းအပ်ပါသည်။ ။

## ဟိုတယ်နှင့် အထပ်မြင့်အဆောက်အအုံများတိုးချဲ့တည်ဆောက်မှု မြင့်တက်လာသည်နှင့်အမျှ ဓာတ်လှေကားဝယ်လိုအား မြင့်တက်လာ

**ရန်ကုန် အောက်တိုဘာ ၃၁**

မြန်မာနိုင်ငံတွင် ဟိုတယ်၊ အထပ်မြင့်အဆောက်အအုံများ၊ လူနေအဆောက်အအုံများနှင့် ဈေးဝယ်စင်တာများ တိုးချဲ့တည်ဆောက်မှု မြင့်တက်လာသည်နှင့်အမျှ ပြည်တွင်း၌ ဓာတ်လှေကား ဝယ်လိုအားမှာလည်း မြင့်တက်လာကြောင်း ဈေးကွက်စစ်တမ်းများအရသိရသည်။

ပြည်ပမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာသည်နှင့်အမျှ နိုင်ငံတကာအဆင့်မီ ရုံးခန်းများ၊ ဟိုတယ်များ၊ လူနေအဆောက်အအုံများကို တိုးချဲ့တည်ဆောက်ရန်လည်း လိုအပ်လျက်ရှိပြီး ဆောက်လုပ်ရေးကဏ္ဍ အားကောင်းလာသည်နှင့်အမျှ ဓာတ်လှေကား၊ စက်လှေကားဈေးကွက်မှာလည်း နှစ်စဉ်တိုးတက် သွက်လက်လျက်ရှိသည်ဟု ဓာတ်လှေကား၊ စက်လှေကားများကို ထုတ်လုပ် ဝန်ဆောင်မှုပေးနေသော Hitachi Elevator Myanmar မှ သိရသည်။

မြို့ပြအခြေခံအဆောက်အအုံများကို အဆင့်မြှင့်တင်ခြင်းနှင့် နိုင်ငံခြားကုန်ထုတ်လုပ်သူများ၏ စက်ရုံတည်ဆောက်ခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးလုပ်ငန်း၏ ဝယ်လိုအား မြင့်တက်လာနေသည်ဟု Hitachi Elevator Myanmar က သုံးသပ်သည်။

နိုင်ငံအတွင်းဓာတ်လှေကားနှင့် စက်လှေကားအသစ်များ၏ ဝယ်လိုအားမြင့်တက်လာမှုမှာ ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ယူနစ် ၁၃၀၀ မှ ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ယူနစ် ၂၀၀၀ အထိ နှစ်စဉ် တိုးတက်လာမည်ဟု ခန့်မှန်းထားပြီး နှစ်စဉ် ၇ ရာခိုင်နှုန်း တိုးလာမည်ဟု Hitachi Elevator Myanmar က ခန့်မှန်းထားသည်။

Hitachi သည် Siam Hitachi Elevator Co.,Ltd နှင့်မြန်မာနိုင်ငံမှ Prime Deco Engineering Co.,Ltd. တို့နှင့်အတူ မြန်မာနိုင်ငံတွင် ဓာတ်လှေကား၊ စက်လှေကားရောင်းချခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းတို့အတွက် Hitachi Elevator Myanmar ကုမ္ပဏီလီမိတက်ကို အကျိုးတူပူးပေါင်းဆောင်ရွက်မှု (JiontVenture) တည်ထောင်ဆောင်ရွက်နေသည်ဟု သိရသည်။

လက်ရှိတွင် Hitachi အနေဖြင့် ရန်ကုန်မြို့၏ အထင်ကရစီမံကိန်းတစ်ခုဖြစ်သော ဗီယက်နမ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဖြစ်သည့် AGL Myanmar Center မှ ဓာတ်လှေကားနှင့် စက်လှေကားအစုံ ၇၀ အတွက် တပ်ဆင်လျက်ရှိရာ ယခုနှစ်အတွင်း အပြီးတပ်ဆင်မည်ဖြစ်ကြောင်း Hitachi Elevator Myanmar ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

(၀၀၁)





## ရေကြီးမှုကြောင့် ပျက်စီးသွားသော နန့်ခင့်-အင်းတော်ချောင်းကူးတံတား ပြန်လည်တည်ဆောက်ပြီးစီး

**အင်းတော် အောက်တိုဘာ ၃၁**

ရေကြီးမှုကြောင့် ပျက်စီးသွားခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နန့်ခင့်ကျေးရွာနှင့် အင်းတော်မြို့ဆက်သွယ်သည့် နန့်ခင့်-အင်းတော်ချောင်းကူးတံတားကို အသစ်ပြန်လည်တည်ဆောက်ခဲ့ရာ အောက်တိုဘာ ၂၀ ရက်က တည်ဆောက်ပြီးစီးခဲ့သဖြင့် ဒေသခံများဆက်သွယ်သွားလာရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယင်းတံတားကို သစ်တားတိုင် ၃၄ တိုင်နှင့် သစ်သားရက်မ၊ သစ်သားကြမ်းခင်းများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားအရှည်မှာ ၁၈၇ ပေ၊ အကျယ် ၉ ပေ၊ အမြင့် ၁၂ ပေရှိပြီး ငွေကျပ် ၇၅ သိန်းအကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တံတားအသစ် ပြန်လည်တည်ဆောက်ပြီးစီးသွား၍ နန့်ခင့်ကျေးရွာရှိ အိမ်ခြေ ၁၅၀၊ အိမ်ထောင်စု ၁၅၀ မှ လူဦးရေ ၇၇၈ ဦးတို့၏ ဆက်သွယ်သွားလာရေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ကြပြီးဖြစ်ကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**



## ကျောက်ဆည်တွင် အလှဆင်ရုပ်ပြုလုပ်နည်းသင်တန်း ဒုတိယအကြိမ်ဖွင့်

**ကျောက်ဆည် အောက်တိုဘာ ၃၁**

ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းအထောက်ကူဖြစ်စေရန်အတွက် ဒေသ၏ ရိုးရာယဉ်ကျေးမှုအမွေဖြစ်သော အမှတ်တရ အလှဆင်ရုပ်ပြုလုပ်နည်းသင်တန်း ဒုတိယအကြိမ်မြောက်ဖွင့်လှစ်ခြင်းကို အောက်တိုဘာ ၂၉ ရက်က အင်ဒိုင်းကျေးတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

"အလှဆင်ရုပ်သင်တန်းကို ဖွင့်လှစ်တာက ဒေသရဲ့ယဉ်ကျေးမှုကို ပြည်သူက အသိအမှတ်ပြုပြီး ဝယ်လိုအားများပြီး ဝင်ငွေကောင်းလို့ ကျေးလက်ဒေသရဲ့ စီးပွားရေးတစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်အောင် ဖွင့်ပေးတာပါ။ အခုချိန်မှာ ဒီဆင်ရုပ်တွေက ကျောက်ဆည်တင်ရောင်းတာမဟုတ်တော့ဘူး။ တခြားမြို့တွေကလည်း ဒီနယ်က လုပ်ထားတဲ့ ဆင်ရုပ်တွေကို မှာပြီး ရောင်းချနေပြီ။ ကျေးလက်ကလူတွေ လက်မှုပညာနဲ့ဝင်ငွေရရှိအောင် သင်တန်းတွေ ဖွင့်ပေးတာပါ"ဟု ကျောက်ဆည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမြင့်က ပြောသည်။

အမှတ်တရ အလှဆင်ရုပ်များ ပြုလုပ်ရာတွင် အဓိကကုန်ကြမ်းမှာ ဂျပ်စက္ကူ၊ သတင်းစာစက္ကူများဖြစ်သည်။

ဆင်ပုံကြမ်း ၁၀ ရုပ်ပြုလုပ်လျှင် သတင်းစာစက္ကူ ၅၀ ကျပ်သား၊ ဂျပ်စက္ကူ ၅၀ ကျပ်သား၊ ကော်ပြုလုပ်ရန်အတွက် ဂျုံမှုန့် ၂၅ ကျပ်သားကုန်ကျပြီး ဆင်ရုပ် ၁၀ ရုပ်အတွက် ငွေကျပ် ၃၀၀ သာ ကုန်ကြသည်။ ပြုလုပ်ပြီး ဆင်ရုပ်ပုံကြမ်းများကို ဖောက်သည်များထံသွင်းပါက ၁၀ ရုပ်ကို ငွေကျပ် ၄၀၀၀ အထိ ရရှိကြောင်း သိရသည်။

"ဆင်ရုပ်လုပ်တဲ့ပညာက တတ်သင့်တယ်။ အရင်းအနှီးနည်းတယ်။ အမြတ်များတယ်။ အဓိကက စက္ကူပဲလိုတာ။ ကျန်တာတွေကတော့ စွန့်ပစ်ပစ္စည်းတွေနဲ့တင်ရတယ်။ ရောင်းဖို့ကတော့ ပူစရာမလိုဘူး။ ကိုယ်လုပ်နိုင်သလောက်ဝယ်တယ်။ ကျွန်တော်တို့ဆို ဒီဆင်ရုပ်လုပ်တဲ့ အလုပ်နဲ့ မိသားစု တစ်နှစ်ပတ်လုံး လုပ်စားနေရတာ။ ဈေးကောင်းရချင်ရင်တော့ လှောင်ထားပြီး ဆင်ပွဲနီးမှ ထုတ်ရောင်း၊ ကျွန်တော်တို့က ဖောက်သည်လည်းပေးတယ်။ မှာရင်လည်း လုပ်ပေးတယ်"ဟု ဆင်ရုပ်ပြုလုပ်ခြင်းပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူ ကိုနိုင်ထွန်းက ပြောသည်။

ကျောက်ဆည်မြို့နယ်အတွင်း အမှတ်တရ အလှဆင်ရုပ်ပြုလုပ်ခြင်းသင်တန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးကာ မြို့၏အနောက်ဘက်ခြမ်းကျေးရွာများမှ ပြည်သူများကို သင်တန်းတစ်ကြိမ်ဖွင့်လှစ်ခဲ့ပြီး ယခု ဒုတိယကြိမ်အဖြစ် သုံးရက်ကြာ ဖွင့်လှစ်သွားမည် ဖြစ်ကြောင်းနှင့် သင်တန်းသို့ ကျေးရွာခြောက်ရွာမှ သင်တန်းသား သင်တန်းသူ ၃၂ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ဇမသဏ္ဍာန်၊ ဒေးဒေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှိုင်၊ သီရိ

## ပြည်တွင်းရေးရာ

☆ ရွှေ့ဖုံးမှ

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် ထားဝယ်မြို့ လောကမာရဇိန်ဘုရားကြီးသို့ သွားရောက်ကြရာ ဒေသခံပြည်သူများက လမ်းဘေး ဝဲယာတစ်လျှောက်မှ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် လောကမာရဇိန်ဘုရားကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ပြီး အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ထားဝယ်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်း၍ မြို့ပြအင်္ဂါရပ်နှင့်အညီ ဆောင်ရွက်နေမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြန်မာအမျိုးသားလေကြောင်းဖြင့် ကော့သောင်းမြို့သို့ရောက်ရှိရာ ကော့သောင်းလေဆိပ်၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် ကော့သောင်းမြို့ရှိ ပြည်တော်အေးဘုရားသို့ သွားရောက်ကြရာ ဒေသခံပြည်သူများက လမ်းဘေး ဝဲယာတစ်လျှောက်မှ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပြည်တော်အေးဘုရားအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ဒေသခံပြည်သူတစ်ဦးက မဟာဓာတ်အားလိုင်းမှ လျှပ်စစ် ဓာတ်အားချိတ်ဆက်ရရှိရေး၊ ကွန်ကရစ်ဆိပ်ခံတံတားသစ်တစ်စင်း တည်ဆောက်ပေးရေးနှင့် စက်မှုအထက်တန်းကျောင်း တည်ဆောက်ပေးရေးတို့ကိုတင်ပြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ကော့သောင်းမြို့ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ဘုရင့်နောင်ကုန်းမြေရှိ ဘုရင့်နောင်မင်းတရားကြီးရုပ်တုနှင့် ကုန်းမြေသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မြန်မာ အမျိုးသားလေကြောင်းဖြင့် ဘုတ်ပြင်းလေဆိပ်သို့ရောက်ရှိကြရာ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် လေဆိပ်ဧည့်ခန်းမ၌ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးအား လွတ်လပ်၍တရားမျှတမှုရှိစေရေး၊ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးတို့အတွက် ပြည်သူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး ဒေသခံပြည်သူများက တင်ပြသည့် ဒေသဖွံ့ဖြိုးရေးအတွက် အဓိကကျသော လမ်းများ အဆင့်မြှင့်တင်ပေးရေး၊ လျှပ်စစ်မီးနှင့်သောက်သုံးရေရရှိရေး လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

နိုင်ငံတော်သမ္မတသည် ထားဝယ်နှင့် ကော့သောင်းမြို့နယ်တို့မှ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ် မိမိတို့နိုင်ငံတွင် ပြီးခဲ့သည့် မိုးတွင်းကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ သဘာဝဘေးဒဏ်ကြုံတွေ့ခဲ့ရမှုနှင့် ကယ်ဆယ်ရေး လုပ်ငန်းဆောင်ရွက်ပေးခဲ့မှု၊ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိမိတို့အစိုးရလက်ထက်၌ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျဖြင့် တည်ငြိမ်အေးချမ်းစွာ ဆောင်ရွက်နိုင်မှုကြောင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များဖြစ်သည့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတား၊ တယ်လီဖုန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေး စသည့်ကဏ္ဍများတွင် တိုးတက်မှုများစွာ ရရှိနေပြီဖြစ်ပါကြောင်း၊ ရရှိပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှုနှင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းပြီး တစ်နိုင်ငံလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးအား တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကြီးဖြစ်အောင် ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မြန်မာအမျိုးသားလေကြောင်းဖြင့် မြိတ်လေဆိပ်သို့ ညနေပိုင်းတွင်ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် ကင်းထောက်လူငယ်များက တစ်ခဲနက် ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကော့သောင်းမြို့ပြည်တော်အေးသာသနာ့ဗိမာန်၌ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြိတ်လေဆိပ်တွင် ဒေသခံပြည်သူတစ်ဦးအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ထားဝယ်လေဆိပ်တွင် မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက တစ်ခဲနက်လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဘုတ်ပြင်းလေဆိပ်တွင် မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက ကြိုဆိုနေသည်ကို တွေ့မြင်ရစဉ်။ (သတင်းစဉ်)

# ခရီးသည် ၂၂၄ ဦးလိုက်ပါလာသည့် ရုရှားလေယာဉ်တစ်စင်း ဆိုင်းနိုင်းကျွန်းဆွယ်တွင် ပျက်ကျ



**မော်စကို အောက်တိုဘာ ၃၁**

ခရီးသည် ၂၂၄ ဦး လိုက်ပါစီးနင်းလာသည့် ရုရှားလေယာဉ်တစ်စင်းသည် အောက်တိုဘာ ၃၁ ရက်က အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ် အလယ်ပိုင်းတစ်နေရာတွင် ပျက်ကျသွားခဲ့ကြောင်း အီဂျစ်လေကြောင်းအာဏာပိုင်များက ပြောကြားခဲ့သည်။

ရုရှားလေကြောင်း ကိုဂယ်လျန် အဗီရာလေကြောင်းလိုင်းမှ အဲဘတ်စ်အေ ၃၂၁ လေယာဉ်သည် ဆိုင်းနိုင်းပင်လယ်နီအပန်းဖြေစခန်း ရှီရန်အယ်-ရှိုးခ်မှ ရုရှားနိုင်ငံ၏ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည့် စိန့်ပီတာဘက်သို့ ဦးတည်ပျံသန်းနေခဲ့ပြီး ဆိုင်းနိုင်းကျွန်းဆွယ် အလယ်ပိုင်းတောင်တန်းထူထပ်သည့်နေရာတွင် ပျက်ကျသွားခဲ့ကြောင်း လေကြောင်းပျံသန်းမှုဝန်ကြီးဌာနက ပြောသည်။

လိုက်ပါစီးနင်းသူ အများစုမှာ သေဆုံးနိုင်ဖွယ်ရှိသည်ဟု လေယာဉ်ပျက်ကျသွားခဲ့သည့် နေရာသို့ ရောက်ရှိခဲ့သော လုံခြုံရေးအရာရှိတစ်ဦးကဆိုသည်။

“လေယာဉ်ပျက်ကျတဲ့နေရာကို ရောက်တော့ ထိုင်ခုံတွေမှာ ခါးပတ်ပတ်ပြီး သေနေတဲ့ ခရီးသည်တွေ အများကြီးကိုတွေ့ရတယ်”ဟု အမည်မဖော်လိုသည့် အရာရှိတစ်ဦးက ဆိုသည်။

“လေယာဉ်က မီးလောင်ပြီး ပျက်စီးနေတယ်။ ကျောက်ဆောင်တစ်ခုနဲ့ ဝင်တိုက်ထားပုံရတယ်။ လေယာဉ်ထဲမှာ သေနေတဲ့ ခရီးသည် ၁၀၀ ကျော်လောက်ကို ဆွဲထုတ်ခဲ့ရတယ်။ လေယာဉ်ထဲမှာ လူတွေရှိနေသေးတယ်”ဟု ယင်းက ဆက်လက်ပြောသည်။

ဆိုင်းနိုင်းကျွန်းဆွယ် ဒေသသည် အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရေးအတွက် စစ်သွေးကြွများ၏ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နေသည့် နေရာလည်းဖြစ်သည်။ ယင်းဒေသတွင် အီဂျစ်စစ်သားများနှင့် လုံခြုံရေးအရာရှိ ရာပေါင်းများစွာ သတ်ဖြတ်ခြင်းခံခဲ့ရသည်။ ယခင်လများက အစပြုပြီး စစ်သွေးကြွများက ယင်းဒေသသို့ရောက်ရှိလာသည့် အနောက်နိုင်ငံသားများကို အဓိကပစ်မှတ်ထား တိုက်ခိုက်နေကြောင်း သိရသည်။

စက်တင်ဘာ ၃၀ ရက်မှစပြီး ရုရှားအစိုးရက ဆီးရီးယားနိုင်ငံအတွင်းရှိ အစိုးရဆန့်ကျင်သည့် လက်နက်ကိုင်တပ်ဖွဲ့များကို လေကြောင်းတိုက်ခိုက်ရေး ဆင်နွှဲခဲ့သည်။

လေယာဉ် ပျက်ကျရသည့် အကြောင်းအရင်းနှင့်ပတ်သက်ပြီး ထုတ်ပြန်ကြေညာရန် အချိန်စောလွန်းနေသေးကြောင်း လေကြောင်းပျံသန်းမှုဝန်ကြီး မိုဟာမက်ဟိုဆန်ကီမယ်လ်က အစိုးရထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားထားသည်။

လေယာဉ်တွင် လက်နက်ဖြင့် ပစ်ခတ်ထားသည့်နေရာ မည်သည့်နေရာမှ မတွေ့ရှိရကြောင်း အခင်းဖြစ်ပွားသည့်နေရာသို့ ရောက်ရှိနေကြသည့် လုံခြုံရေးအရာရှိများက ဆိုသည်။ **ရိုက်တာ။**

# တရုတ်-ကိုရီးယား-ဂျပန် သုံးနိုင်ငံထိပ်သီးအစည်းအဝေးတက်ရန် တရုတ်ဝန်ကြီးချုပ် ဆိုးလ်သို့ရောက်ရှိ



**ဆိုးလ် အောက်တိုဘာ ၃၁**

တရုတ်-ကိုရီးယား-ဂျပန် သုံးနိုင်ငံ ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် တရုတ်နိုင်ငံဝန်ကြီးချုပ် လီခချန်းသည် အောက်တိုဘာ ၃၁ ရက်တွင် တောင်ကိုရီးယားနိုင်ငံမြို့တော် ဆိုးလ်သို့ ရောက်ရှိလာခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တရုတ်ဝန်ကြီးချုပ်သည် တောင်ကိုရီးယားနိုင်ငံ သမ္မတ ၏ ဖိတ်ကြားမှုဖြင့် အဆိုပါ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာခြင်းဖြစ်ပြီး တရုတ်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစွာ ဆောင်ရွက်နိုင်ရေးအတွက်လည်း ဦးတည်လာရောက်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံဝန်ကြီးချုပ်၏ ထိပ်သီးအစည်းအဝေး တက်ရောက်ရန် လာရောက်သည့် ခရီးစဉ်အတွင်း တောင်ကိုရီးယားနိုင်ငံသမ္မတပက် အပါအဝင် တောင်ကိုရီးယားနိုင်ငံမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် စီစဉ်ထားပြီး ယင်းဆွေးနွေးပွဲများ၏ ရည်ရွယ်ချက်မှာ တရုတ်နှင့် တောင်ကိုရီးယားနှစ်နိုင်ငံအကြား စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးနှင့် နှစ်နိုင်ငံ ပြည်သူများအကြား ယဉ်ကျေးမှုဆိုင်ရာဖလှယ်ရေးတို့ တိုးမြှင့်ရန် ရည်ရွယ်ထားကြောင်း သတင်းတွင်ဖော်ပြသည်။

တရုတ်-တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့၏ ထိပ်သီးအစည်းအဝေးတွင် လွန်ခဲ့သည့် သုံးနှစ်ခွဲတာကာလအတွင်း ကြားဖြတ်ပြတ်တောက်ခဲ့မှုများအား သုံးနိုင်ငံခေါင်းဆောင်များက ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ အရေးကိစ္စများ၏ အပြောင်းအလဲများနှင့် သုံးနိုင်ငံ အကျိုးတူပူးပေါင်း ဆွေးနွေးသွားကြမည်ဖြစ်သည်။

တရုတ်-ကိုရီးယားနှင့် ဂျပန်နိုင်ငံများမှ ထိပ်သီးဆွေးနွေးမှုများသည် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် ကြီးမားသော အလှည့်အပြောင်းဖြစ်ကြောင်း ဝေဖန်သုံးသပ်သူများက ပြောကြားကြသည်။

တရုတ်-ကိုရီးယား-ဂျပန် နိုင်ငံမှ ထိပ်သီးများ၏ အစည်းအဝေးကို ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ နှစ်စဉ်ကျင်းပခဲ့သည်။ **ဆင်ဟွာ။**

# ဆီးရီးယားနိုင်ငံသို့ အမေရိကန်စစ်သား ၅၀ နီးပါး စေလွှတ်မည်

**ဝါရှင်တန် အောက်တိုဘာ ၃၁**

ဆီးရီးယား နိုင်ငံအတွင်းရှိ အိုင်အက်စ်စစ်သွေးကြွများအား တိုက်ခိုက်ရေးဆင်နွှဲနေသော အစိုးရဆန့်ကျင်သည့် လက်နက်ကိုင်အဖွဲ့များအား စစ်ဆင်ရေးနှင့်ပတ်သက်သည့်အကြံဉာဏ်ပေးရန် အမေရိကန်စစ်သား ၅၀ နီးပါးကို စေလွှတ်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတဘာရက်အိုဘားမားက ဆုံးဖြတ်ချက်ချမှတ်လိုက်ပြီဖြစ်သည်။

ယင်းအစီအစဉ်နှင့်ပတ်သက်ပြီး သမ္မတအိုဘားမား အတည်ပြုခဲ့ကြောင်းကို အောက်တိုဘာ ၃၀ ရက်တွင် အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဂျွန်အန်းနက်စ်က ထုတ်ဖော်ပြောကြားခဲ့သည်။



စေလွှတ်မည့်အမေရိကန်စစ်သားများသည် ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်စစ်သွေးကြွများအား တိုက်ခိုက်ချေမှုန်းနေသည့် အစိုးရဆန့်ကျင်သည့် လက်နက်ကိုင်တပ်ဖွဲ့များကို တိုက်ခိုက်ရေး အကြံဉာဏ်များပေးမည်ဖြစ်သည်။

သို့သော် တိုက်ခိုက်ရေးတွင် မည်သို့မျှ ပါဝင်ပတ်သက်ခြင်းရှိမည်မဟုတ်ဟု ဂျွန်အန်းနက်စ်က ဆက်လက်ပြောသည်။

ယင်းကဲ့သို့ အမေရိကန်စစ်သားများ ဆီးရီးယားနိုင်ငံကို စေလွှတ်ခြင်းသည် အိုင်အက်စ်စစ်သွေးကြွများအား တိုက်ခိုက်ချေမှုန်းရာတွင် အမေရိကန်အစိုးရ၏ ပါဝင်ပတ်သက်မှုကို ပေါ်လွင်စေရန်ရည်ရွယ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံအနေဖြင့် အီရတ်နိုင်ငံအတွင်းရှိ အိုင်အက်စ်စစ်သွေးကြွများအား ချေမှုန်းရေးနှင့်ပတ်သက်ပြီး အီရတ်စစ်သားများအား စစ်ရေးလေ့ကျင့်ပေးရန် အတွက် အမေရိကန်စစ်သားများကို စေလွှတ်ခဲ့ပြီးဖြစ်သည်။

ယခုလအစောပိုင်းတွင် ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်စစ်သွေးကြွများအား တိုက်ခိုက်ချေမှုန်းရေးအတွက် အစိုးရဆန့်ကျင်သည့် လက်နက်ကိုင်အဖွဲ့များကို အိုဘားမားအစိုးရက လေကြောင်းမှ လက်နက်များ ထောက်ပံ့ပေးခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# ယူအေအီးနိုင်ငံ၌ ရူပီးငွေအတုများ ပေါ်ထွက်နေ

**ဒူဘိုင်း အောက်တိုဘာ ၃၁**

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)၌ အိန္ဒိယနိုင်ငံသုံး ရူပီးငွေအတုများ လှည့်ပတ်သုံးစွဲမှု ငွေကြေးစီးကြောင်းအတွင်း ဝင်ရောက်နေကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ပြည်သူများ အထူးသဖြင့် ငွေကြေးလဲလှယ်ရေး ကုမ္ပဏီများနှင့် ယင်းကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်သူများအနေဖြင့် ငွေစက္ကူတုများ၏ ဘေးအန္တရာယ်ကို သတိပြုကြရန် အာဏာပိုင်များက တိုက်တွန်းသည်။

အိန္ဒိယနိုင်ငံသုံး ရူပီးငွေစက္ကူများ ရိုက်ထုတ်နိုင်ရန် ငွေကြေးအတုအပ ပြုလုပ်သူများက အသုံးပြုသော ပုံနှိပ်နည်းပညာမှာ အလွန်အဆင့်အတန်းမြင့်မားလှသဖြင့် သာမန်ပြည်သူများနှင့် ငွေလဲလှယ်ရေးဒိုင်များမှ အလုပ်သမားများပင် ငွေစက္ကူအတုနှင့် အစစ်ခွဲခြားရန် ခက်ခဲကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ရေးသားဖော်ပြသည်။

ယူအေအီးနိုင်ငံ၌ အလုပ်လုပ်ကိုင်နေကြသော အိန္ဒိယနိုင်ငံသား ၂ ဒသမ ၂ သန်းအနက် ၄၀ ရာခိုင်နှုန်းမှာ အိန္ဒိယနိုင်ငံ ကေရာလာပြည်နယ်မှ ဖြစ်ကြသည်။ **ပီတီအိုင်။**



# စွမ်းရည်ရှိသောတပ်၊ နိုင်ငံတော်မှ အားထားရသည့်တပ်၊ ပြည်သူက အားကိုးရသည့်တပ်များဖြစ်ရန် မလွဲမသွေ လုပ်ဆောင်ကြရမည်ဖြစ်



**နေပြည်တော် အောက်တိုဘာ ၃၁**

မည်သည့်နိုင်ငံရေးစနစ်ဖြစ်စေကာမူ တပ်မတော်၏ တာဝန်မှာ နိုင်ငံတော်ကာကွယ်ရန်နှင့် နိုင်ငံကပေးအပ်လာသည့် တာဝန်များကို ထမ်းဆောင်ရန်ပင်ဖြစ်ကြောင်း၊ ယင်းတာဝန်များကိုထမ်းဆောင်နိုင်ရန် အမှန်တကယ် စွမ်းရည်ရှိသောတပ်များဖြစ်ရန် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စွမ်းရည်ရှိသောတပ်၊ နိုင်ငံတော်မှ အားထားရသည့်တပ်၊ ပြည်သူက အားကိုးရသည့်တပ်များဖြစ်ရန် မလွဲမသွေ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများနှင့် တွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ မြိတ်မြို့သို့ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် မြိတ်မြို့ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ မြိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်စိုး၊ တပ်နယ်မှအရာရှိများ၊ စစ်သည်မိသားစုဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်များ စွမ်းရည်ရှိအောင် လုပ်ဆောင်ရာတွင် စစ်စည်းကမ်းကောင်းမွန်မှုနှင့် အမိန့်နာခံမှုရှိခြင်းသည် အရေးကြီးသည့် လိုအပ်ချက်ဖြစ်ကြောင်း၊ အသေးအဖွဲမှစ၍ မိမိကိုယ်မိမိ ပေါ့ပေါ့ဆဆ နေထိုင်ပြုမူ လုပ်ကိုင်မှုများမရှိစေရန် သတိပေးမှာကြားလိုကြောင်း၊ လုပ်ငန်းတာဝန်နှင့် ပတ်သက်၍လည်း တာဝန်မဲ့၍မရကြောင်း၊ အဆင့်အလိုက် မိမိတာဝန်ကို မိမိအလေးအနက်ထား တာဝန်ယူထမ်းဆောင်ကြရန်လိုကြောင်း မှာကြားပြီး NCA လက်မှတ်ရေးထိုးခဲ့မှုအခြေအနေများနှင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည့် အခြေအနေများ၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ တပ်မတော်၏ ရပ်တည်ချက်မူဝါဒ သဘောထားများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မိသားစုများအတွက် သုတရသစာစောင်များနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ငွေဆောင်ကမ်းခြေ မြန်မာ့မြေပေါ်တွင် မျှတသန့်ရှင်းစွာယှဉ်ပြိုင်ခဲ့သော Myanmar Wave Rider Cup and KTA Race Open 2015 ရွက်လှေအားကစားကလပ်ပြိုင်ပွဲ အောင်မြင်စွာကျင်းပပြီးစီး

**ငွေဆောင် အောက်တိုဘာ ၃၁**

နိုင်ငံတကာနှင့် ပြည်တွင်း ရွက်လှေအားကစားသမားများပါဝင်သည့် Myanmar Wave Rider Cup and KTA Race Open 2015 ရွက်လှေအားကစားပြိုင်ပွဲ၏ နောက်ဆုံးနေ့အဖြစ် ကလပ်ပြိုင်ပွဲများကို အောက်တိုဘာ ၃၁ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ အောင်မြင်စွာ ပြီးဆုံးခဲ့ပြီဖြစ်သည်။



ယခင်နေ့များက ပြိုင်ပွဲကျင်းပရန် သင့်တင့်သည့် လေတိုက်နှုန်းမရရှိမှုကြောင့် ပြိုင်ပွဲမကျင်းပနိုင်ခဲ့သော Kiteboarding ကလပ်ပြိုင်ပွဲများကို ယနေ့တွင်မူ ကောင်းမွန်သည့် လေတိုက်နှုန်းရရှိသဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ Kiteboarding အားကစားနည်းသည် မြန်မာ့မြေ၊ မြန်မာ့ပင်လယ်ပြင်တွင် ပထဆုံး အကြိမ်အဖြစ် ကျင်းပနိုင်ခဲ့သော အားကစားနည်းဖြစ်သည်။

Kiteboarding ပြိုင်ပွဲတွင် TT Men Class Winners နှင့် Women Class Winners Formula Men Class Winners နှင့် Formula Women Class Winners ဟူ၍ အားကစားနည်းနှစ်မျိုး ထည့်သွင်းထားသည်။ TT Men Class Winners နှင့် Formula Men Class Winners ပြိုင်ပွဲနှစ်မျိုးလုံးတွင် ထိုင်းနိုင်ငံသား Narapichit Pudla က ပထမရရှိခဲ့ပြီး Formula Women Class Winners နှင့် Formula Women Class Winners ပြိုင်ပွဲများတွင်လည်း ဂျာမနီနိုင်ငံသူ Kathrin Borgwardt တစ်ဦးတည်းကပင် ပထမဆုများ ရရှိခဲ့သည်။

Stand Up Paddle (SUP) ကစားနည်းတွင် ပြိုင်ပွဲလေးမျိုး ထည့်သွင်းကစားခဲ့ပြီး SUP Women Class Winners ပြိုင်ပွဲတွင် မြန်မာနိုင်ငံသူ စန္ဒာသက်နှင်း၊ SUP Open Class Winners ပြိုင်ပွဲတွင် မြန်မာနိုင်ငံသား သက်ကိုကို၊ SUP Youth Boys Class Winners ပြိုင်ပွဲတွင် မြန်မာနိုင်ငံသား ဘိုဘိုလွင်၊ SUP Youth Girls Class Winners ပြိုင်ပွဲတွင် မြန်မာနိုင်ငံသူ မေသဇင်ကျော်တို့က ပထမဆုများရရှိခဲ့သည်။

Windsurfing Class ပြိုင်ပွဲတွင် အားကစားနည်း နှစ်မျိုးပါဝင်ပြီး R300 Open Class Winners ပြိုင်ပွဲတွင် မြန်မာနိုင်ငံသား ခွန်အောင်သိန်းဦးနှင့် R300 Youth Girls Class Winners ပြိုင်ပွဲတွင် မြန်မာနိုင်ငံသူ ရွှေယမင်းတို့က ပထမဆုများရရှိခဲ့ကြသည်။

ညပိုင်းတွင် ငွေဆောင်ကမ်းခြေရှိ Ngwe Saung Yacht Club and Resort တွင် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် အထွေထွေမန်နေဂျာ ဦးဖုန်းကျော်မိုးမြင့်က ဂုဏ်ပြုအမှာစကားပြောကြားခဲ့ပြီး ဆုရရှိသူများအား မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ Kiteboard Tour Asia (KTA) မှတာဝန်ရှိသူများနှင့် ပွဲဖြစ်မြောက်ရေးအတွက် ပံ့ပိုးပေးကြသည့် ကုမ္ပဏီအသီးသီးမှ တာဝန်ရှိသူများက ဆုရရှိသူ အားကစားသမားများအား ဆုများအသီးသီးပေးအပ်ခဲ့ကြသည်။ Myanmar Wave Rider Cup and KTA Race Open 2015 ပိတ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အားကစားသမားများအား ညစာဖြင့်တည်ခင်းဧည့်ခံခဲ့ပြီး ငွေဆောင်ရွက်လှေ ကလပ်တွင် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ပေးခဲ့သည်။

Myanmar Wave Rider Cup and KTA Race Open 2015 ရွက်လှေ ကလပ်ပြိုင်ပွဲတွင် Windsurfing၊ Kiteboarding နှင့် Stand Up Paddle (SUP) ရွက်လှေကစားနည်းသုံးမျိုးပါဝင်ပြီး ပြိုင်ပွဲအမျိုးအစားအလိုက် ပထဆု၊ ဒုတိယဆုနှင့် တတိယဆုများ ပေးအပ်ခဲ့ခြင်းဖြစ်သည်။

Myanmar Wave Rider Cup and KTA Race Open 2015သည် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပသည့် နိုင်ငံတကာ ကလပ်ပြိုင်ပွဲတစ်ခုဖြစ်ပြီး ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ အင်္ဂလန်၊ အမေရိကန်၊ စင်ကာပူ၊ တရုတ်၊ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့မှ ရွက်လှေအားကစားသမားများ ပါဝင်ခဲ့ကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ပညာရှင်အဖွဲ့ဝင်သစ်ကတ်ပြား အပ်နှင်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃၁**

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ပညာရှင်အဖွဲ့ဝင်သစ် ကတ်ပြားအပ်နှင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ် စိန်ရတုခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဝင်များ၊ အဆင့်မြင့်ပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခများတက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသိမ်းမြင့်က မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဖြစ်ပေါ်လာပုံနှင့် အဖွဲ့ဝင်သစ်ကတ်ပြား ပေးအပ်ရခြင်းအကြောင်းရင်းကို ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ကို ၁၉၉၉ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် ပညာရှင်အဖွဲ့ဝင် ၇၁၇ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ယခုအခါတွင် ပညာရှင်အဖွဲ့ဝင် ၅၄၉ ဦးသာ ကျန်ရှိတော့ကြောင်း။

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ကို ရည်ရွယ်ချက်(၅)ရပ်ဖြင့် ဖွဲ့စည်း ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းရည်ရွယ်ချက်(၅)ရပ်မှာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် ပညာရှင်များက မိမိတတ်ကျွမ်းသော ပညာရပ်ဖြင့် နိုင်ငံတော်အား အထောက်အကူပြုရန်၊ နိုင်ငံတော်ကို အကျိုးပြုမည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် သုတေသနလမ်းညွှန်မှုများပေးရန်၊ နိုင်ငံတော်ကို အကျိုးပြုမည့် ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် စီမံဆောင်ရွက်ရန်၊ နိုင်ငံတော်တွင် လိုအပ်လျက်ရှိသော ဝိဇ္ဇာနှင့်သိပ္ပံပညာရပ်ဆိုင်ရာ အခြေခံကောင်းများ တိုးတက်ဖြစ်ပေါ်လာစေရန်နှင့် နိုင်ငံတော်တည်ဆောက်မှုတွင် ပါဝင်နေကြသော ပြည်သူတို့၏ပညာဉာဏ် အမြော်အမြင်နှင့် ကျွမ်းကျင်မှုများ အစဉ်မပြတ် တိုးတက်ကောင်းမွန်စေရေးအတွက် စီမံဆောင်ရွက်ရန်တို့ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင် အဖွဲ့ဝင်သစ် ၁၉၂ ဦးအား အဖွဲ့ဝင်ကတ်ပြားများကို ပေးအပ်ချီးမြှင့်သည်။

**(ကြေးမုံ)**

**❋ ရန်ကုန်မှ**

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ကုမ္ပဏီများ မှတ်ပုံတင်ရုံးတွင် တရားဝင်ခွင့်ပြုချက်ရရှိပြီး အောက်တိုဘာ ၂၂ ရက်တွင် လုပ်ငန်းစတင်ဆောင်ရွက်ခွင့်ရရှိခဲ့ကြောင်း သိရသည်။ အများပိုင်စနစ်ဖြင့် ဘတ်စ်ကားလိုင်းပြေးဆွဲမှုကို ယာဉ်အစီးရေ ၆၅ စီးဖြင့် ရန်ကုန်မြို့ ပြည်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းတွင် စတင်ပြေးဆွဲသွားရန် စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။

အများပြည်သူသို့ အစုရှယ်ယာများ စတင်ရောင်းချခြင်းကို နိုဝင်ဘာ ၃ ရက်တွင် စတင်ရောင်းချသွားမည်ဖြစ်ပြီး အစုရှယ်ယာတစ်စုလျှင် ငွေကျပ်တစ်သိန်းဝန်းကျင်ဖြစ်ကြောင်း၊ ကျပ် ငါးဘီလီယံအထိ အများပြည်သူထံသို့ အစုရှယ်ယာ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အများပိုင်စနစ်ဖြင့် ဘတ်စ်ကားလိုင်း ပြေးဆွဲမှုတွင် နိုင်ငံတော်၏ မတည်ထည့်ဝင်မှု၊ ကုမ္ပဏီကြီးများ၏ မတည်ထည့်ဝင်မှုနှင့် အများပြည်သူများ၏ ရင်းနှီးမြှုပ်နှံမှုများဖြင့် အဆင့်မြင့် ယာဉ်လိုင်းပြေးဆွဲသွားမည်ဟု သိရသည်။

ဘတ်စ်ကားလိုင်း ပြေးဆွဲရန်အတွက် လျာထားသည့် ခရီးစဉ်လမ်းကြောင်းမှာ ပြည်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းတို့ဖြစ်ကြောင်း သိရပြီး လာမည့် ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပြေးဆွဲနိုင်ရန် လျာထားသည်ဟု သိရသည်။

“ဘတ်စ်ကားလိုင်း ပြေးဆွဲဖို့ အစိုးရက မတည်တဲ့အတွက် အစုရှယ်ယာဝယ်ဖို့တော့ အစီအစဉ်ရှိပါတယ်။ ပြည်လမ်းနဲ့ ကမ္ဘာအေးဘုရားလမ်းကို ပြေးဆွဲမယ်ဆိုတော့ ဘယ်လိုပုံစံ၊ ဘယ်လိုမှတ်တိုင်တွေ သတ်မှတ်ပြီး ဆွဲမလဲဆိုတာကိုတော့ ရှင်းရှင်းလင်းလင်း သိချင်ပါတယ်။ အခု အဲဒီလမ်းမကြီးတွေက တံတားတွေတည်ဆောက်နေပြီး လမ်းပိတ်ဆို့မှု အလွန်များနေတာပါ။ ကားလိုင်းစဆွဲမယ့်အချိန်မှာ တံတားစီမံကိန်းတွေ ပြီးနိုင်လား၊ တခြားကားလိုင်းတွေရဲ့ ပြေးဆွဲမှုလမ်းကြောင်းနဲ့ ဘယ်လိုတိုက်ဆိုင်နေမလဲဆိုတာတွေကို သိချင်ပါတယ်”ဟု ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသူ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

**(၀၀၁)**

၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း နေပြည်တော်၌ကျင်းပခဲ့သည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံအစိမ်းရောင်စီးပွားရေးဌာန(ASEAN Institute for Green Economy- AIGE)တစ်ခုကို မြန်မာနိုင်ငံ (ရန်ကုန်မြို့)၌ ဖွင့်လှစ်တည်ထောင်နိုင်မှု တစ်နှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး -

# အစိမ်းရောင်စီးပွားရေးလမ်းကြောင်း ပူးပေါင်းလျှောက်လှမ်းမှုမှသည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့...

သတင်းဆောင်းပါး – နန်းနွယ်နီထွန်း




## ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရရှိရေး

ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး အထောက်အကူပြုတဲ့ အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားကြပါစို့။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့ နေပြည်တော် MICC – 2 ၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

ပြင်ပတစ်နေရာမှ ပြန်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင် ဦးဝင်းနိုင်က ရုံးခန်းတွင်းရှိ ရွှေ့လျားလေအေးပေးစက်ကို အမြင့်ဆုံးသို့မြှင့်သည်။ လေတိုက်အားပြင်းထန်မှုနှင့်အတူ အလုပ်စားပွဲပေါ်မှ ကျောက်စိမ်းဖြင့် ထုဆစ်ထားသည့် ပန်းပုကျွန်းသစ်သဏ္ဌာန်အရာနှင့် ဆင်ရုပ်ကလေးကို ချိတ်ဆက်ထားသောရွှေကြိုးမှ တချွင်ချွင်မြည်သံကို နားစွင့်ရင်း "green economy ဆိုတာ အားလုံးနဲ့ သက်ဆိုင်ပါတယ်။ ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေတဲ့ ဖွံ့ဖြိုးတိုးတက်မှုကသာ နိုင်ငံအတွက်၊ ကမ္ဘာအတွက် အောင်မြင်တဲ့ စီးပွားရေးတစ်ရပ်ဖြစ်လာမှာ"ဟု စတင်ဖြေကြားရင်း အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာများအကြောင်း မြန်မာ့အလင်း၏ မေးမြန်းချက်ကို စတင်ဖြေကြားသည်။

စီးပွားရေးအောင်မြင်မှုရရှိရန် ဆယ်စုနှစ် သုံးစုလုပ်ဆောင်ခဲ့သည့် သူ့ရည်မှန်းချက်သည် အကျိုးအမြတ်ဖြစ်ခဲ့သော်လည်း နာဂစ်ကဲ့သို့ သဘာဝဘေးဒဏ်ကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရပြီးနောက် သစ်ထုတ်လုပ်ရေးလုပ်ငန်းကို ရပ်နားခဲ့သည်မှာ ၂၀၁၀ ပြည့်နှစ်ကတည်းကပင်ဖြစ်သည်။

သစ်ထုတ်လုပ်မှုကို နိုင်ငံတော်က ကန့်သတ်လိုက်သည့်အခါ အစိမ်းရောင်စီးပွားရေးလမ်းကြောင်းပေါ်သို့ ပြောင်းရွှေ့ကာ သဘာဝသယံဇာတ ပြန်လည်ကုစားရေး၊ အမြဲစိမ်းသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့တွင် ကူညီဆောင်ရွက်ပေးလျက်ရှိသည်ကို အလွန်ပင်ဂုဏ်ယူမိကြောင်း ဦးဝင်းနိုင်က ပြောကြားသည်။

"ပုံမှန်အတိုင်းဆက်သွားရင် ထိခိုက်မှာက နိုင်ငံအပါအဝင် မျိုးဆက်သစ်တွေအားလုံးပါဝင်လိမ့်မယ်။ ကျွန်တော်တို့နိုင်ငံမှာ သဘာဝသယံဇာတတွေဟာ တခြားနိုင်ငံတွေနဲ့နှိုင်းယှဉ်ရင် အများကြီးကျန်နေသေးတယ်။ သို့သော် အခုထုတ်လုပ်မှုအတိုင်း ဆက်သွားနေမယ်ဆိုရင် နောင် ၁၀ နှစ်အတွင်းမှာ သဘာဝတရားကြီးပျက်စီးသွားပြီး သဘာဝဘေး ကျိန်စာသင့်ရတော့မယ်။ နိုင်ငံတကာမှာ တိုးတက်မှုတွေအတွက် များပြားတဲ့ သစ်တောကြီးတွေ ပြုန်းခဲ့ကြပြီး ရာသီဥတုဘေးတွေ မကြာခဏဖြစ်ပေါ်နေတယ်။ ကျွန်တော်တို့ဆီမှာလည်း နာဂစ်ကနေစလို့ သဘာဝဘေးကို မကြာခဏကြုံလာခဲ့ကြရပြီ။ သစ်တောပြုန်းတီးမှုနဲ့ ဂေဟစနစ်ပျက်ယွင်းလာမှုတွေဟာ အစိမ်းရောင်စီးပွားရေးဖော်ဆောင်မှုကို တွန်းအားဖြစ်စေခဲ့ပါတယ်။ ကိုယ့်အလုပ်ရုံ၊ စက်ရုံဝန်းကျင် စိမ်းလန်းစိုပြည်ရေးကနေ တစ်နိုင်ငံလုံးသဘာဝဘေး ပြန်လည်ကုစားရေးအတွက် အများကြီးလုပ်ဆောင်ကြဖို့ လိုအပ်နေတယ်။ အစိမ်းရောင်စီးပွားရေး (green economy)ကို ဒီအချိန်မှာ မကူးပြောင်းရင်မဖြစ်တော့ဘူး"ဟု ဦးဝင်းနိုင်က ဆက်လက်ပြောကြားသည်။

တိုးတက်ဖွံ့ဖြိုးလာသည့် ၂၀ ရာစုနောက်ပိုင်း ကမ္ဘာတစ်ဝန်းလုံးတွင် သဘာဝသယံဇာတများ ဆုံးရှုံးခဲ့ရပြီး သစ်တောပြုန်းတီးမှု၊ ဂေဟစနစ်များ ပျက်ယွင်းမှုနှင့် နောက်ဆက်တွဲအကျိုးဆက်များဖြစ်သည့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှု၊ ဓာတ်သတ္တုများကြောင့် ကုန်းနေ၊ ရေနေသတ္တဝါများအတွက် ဂေဟစနစ်ပြောင်းလဲခြင်း၏ အန္တရာယ်များ ကြုံတွေ့နေမှုနှင့် လူသားတို့၏ ကျန်းမာရေးထိခိုက်ချို့ယွင်းလာမှုတို့ကို ရင်ဆိုင်နေကြရသည်။

မြန်မာနိုင်ငံသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲနေရသည့် နိုင်ငံတစ်ခုဖြစ်သော်လည်း ရေရှည်တည်တံ့သည့် Rio+2 ကြေညာချက်များနှင့်အညီ ကာဗွန်ထုတ်လွှတ်မှုနည်းပါးသည့် စီးပွားရေးလုပ်ငန်းများအဖြစ် ဆောင်ရွက်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုမြင့်မားရေး၊ သစ်တောများ၊ ဇီဝမျိုးစုံနှင့် မျိုးကွဲများ၊ ရေသယံဇာတနှင့် ဂေဟစနစ်ထိန်းသိမ်းရေး၊ စိုက်ပျိုးမွေးမြူရေး၊ သစ်တောများနှင့် မြေအသုံးချမှုစနစ်တကျဖြစ်စေရေး၊ သဘာဝသယံဇာတများ ထုတ်ယူရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းပါးဆုံးဖြစ်လာရေး၊ ရေရှည်တည်တံ့သည့် အစိမ်းရောင်မြို့ကြီးများဖြစ်လာရေးတို့ကို ဦးစားပေးဆောင်ရွက်ရန် ကြိုးပမ်းသည့်နိုင်ငံတစ်ခု ဖြစ်လာခဲ့ပြီ။

အခြေခိုင်စ မြန်မာ့စီးပွားရေးအသိုက်အမြုံအတွင်း



သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသော အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု။

သို့ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများက ရောက်ရှိလာကာ အစိမ်းရောင်စီးပွားရေးအသိုက်အဝန်းများကို မည်သို့မည်ပုံလုပ်ဆောင်မည်ဖြစ်ကြောင်း အပြိုင်အဆိုင်ကြေညာမောင်းခတ်ကာ ရောက်ရှိလာကြသကဲ့သို့ ပြည်တွင်းလုပ်ငန်းရှင်များကလည်း မိမိတို့၏လုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံများ၏ မောင်းနှင်မှုပုံစံကို ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်သယံဇာတများ ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် ထွက်ရှိထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီစွာ စတင်လုပ်ဆောင်နေကြပြီဖြစ်ကြောင်းနှင့် အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးမှုသည်သာ ရေရှည်ဖွံ့ဖြိုးတိုးတက်ခြင်းအတွက် အခြေခံကောင်းများဖြစ်ခြင်းကို ကုန်သည်ကြီးများနှင့် စက်မှုလက်မှုအသင်းချုပ်အပါအဝင် ညီနောင်အသင်းများ၏ တာဝန်ရှိသူများက တညီတညွတ်တည်း ပြောကြားသည်။

"ဖွံ့ဖြိုးတိုးတက်မှုကိုသာ ရှေးရှုခဲ့ရလို့ သဘာဝသယံဇာတတွေပျက်စီးနေခဲ့ရပြီ။ ယနေ့ကမ္ဘာပေါ်က သဘာဝသယံဇာတတွေကို စတင်ထိန်းသိမ်းပြီး သစ်တောတွေကို ပြန်လည်စိုက်ပျိုးခဲ့မယ်၊ ဒါမှမဟုတ် ထိခိုက်စေမယ့်အရာတွေ လုံးဝရပ်တန့်မယ်ဆိုရင်တောင် နောင်နှစ် ၇၀ ကျော်တဲ့အထိ သဘာဝဘေးအန္တရာယ်တွေကို ကုစားဖို့မလုံလောက်ပါဘူး"ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်သူကျင့်ဝတ်များကို လိုက်နာလေးစားရန် လိုအပ်ကြောင်း ဒေါက်တာမျိုးကြွယ်က ဆက်လက်ပြောကြားသည်။

ထို့ပြင် ၂၀၁၄ ခုနှစ်က နေပြည်တော်တွင် ကျင်းပခဲ့သည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအတွင်း အာဆီယံအစိမ်းရောင်စီးပွားရေးဌာနကို ဖွင့်လှစ်ထူထောင်ကာ ဒေသတွင်းစီးပွားရေးလုပ်ငန်းများအတွက် အကူအညီများပေးအပ်ခြင်း၊ ပြည်တွင်းနှင့်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လျက် ဒေသတွင်း ပတ်ဝန်းကျင်ဆိုင်ရာ၊ ရာသီဥတုနှင့်စီးပွားရေးဆိုင်ရာကိစ္စရပ်များ ဖြေရှင်းနိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖော်ထုတ်ရေးနှင့် သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းတို့ဖြင့် အစိမ်းရောင်စီးပွားရေးစနစ်ကို ထူထောင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သိရသည်။

"လုပ်ငန်းတိုင်းက အလုပ်စတင်လုပ်ကိုင်ဖို့ တင်ပြလာကတည်းက ပတ်ဝန်းကျင်ဆန်းစစ်မှု အစီရင်ခံစာကို အရင်ဆုံးတင်သွင်းရပါတယ်။ အလုပ်ရုံတိုင်း၊ စက်ရုံတိုင်းဟာ မိမိရဲ့ပတ်ဝန်းကျင်ကို ထိခိုက်ဆုံးရှုံးတာမျိုး မဖြစ်စေရသလို မိမိစက်ရုံ၊ အလုပ်ရုံဝန်းကျင် စိမ်းလန်းစိုပြည်ရေးနဲ့ လေထု၊ ရေထုနဲ့ မြေထုညစ်ညမ်းမှုကို အကောင်းဆုံးလျှော့ချတဲ့နည်းလမ်းတွေကို တင်ပြရတာရှိပါတယ်။" ဒေါက်တာမျိုးကြွယ်က ပြောကြားသည်။

ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်များသည် လူသားတို့ မဆင်မခြင်လုပ်ဆောင်နေသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကြောင့် အများဆုံးဖြစ်ပေါ်နေခြင်းဖြစ်ကာ သဘာဝသယံဇာတနှင့် လူမှုစီးပွားအခြေအနေများ ထာဝရဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှသာ ရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံတိုင်း၏ မူဝါဒချမှတ်သူများ၊ ဥပဒေရေးဆွဲ အကောင်အထည်ဖော်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအားလုံးတို့က သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နိုင်ငံတကာအခုအချိန်မှာ အရင်က လက်ကျန်လုပ်ငန်းတွေက ပတ်ဝန်းကျင်ဆန်းစစ်မှု အားနည်းနေသေးပေမယ့် အခုနောက်ပိုင်း ပေါ်ထွက်လာတဲ့ လုပ်ငန်းတိုင်းဟာ ဒေသခံတွေရဲ့ အကျိုးစီးပွား၊ သဘာဝပတ်ဝန်းကျင် ဂေဟစနစ်တွေ၊ မြစ်ချောင်း၊ အင်းအိုင်တွေ၊ သက်ရှိကုန်းနေ၊ ရေနေသတ္တဝါတွေကို ထိခိုက်မှုအနည်းဆုံးနည်းလမ်းတွေနဲ့ ကုစားကြပြီး ပြန်လည်ကုစားရေးအစီအစဉ်တွေမှာလည်း နိုင်ငံတကာလုပ်ငန်းတွေနည်းတူ ကြိုးစားဆောင်ရွက်လာကြတယ်"ဟု စက်ရုံအလုပ်ရုံများနှင့် သီလဝါအထူးစီးပွားရေးဇုန်၏ သဘာဝပတ်ဝန်းကျင် ဆန်းစစ်မှုနှင့် လိုအပ်ချက်ဆောင်ရွက်ချက်များကို လုပ်ဆောင်ပေးနေသည့် E-Guard Environmental Services မှ တာဝန်ရှိသူတစ်ဦးက သီလဝါအထူးစီးပွားရေးဇုန် သဘာဝပတ်ဝန်းကျင်ဆန်းစစ်မှုဆိုင်ရာ ပြည်သူလူထုနှင့် တွေ့ဆုံရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားသည်။

ထောင်စုနှစ်အစီရင်ခံစာအရ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လုပ်မှုသည် ၁၀ နှစ်အတွင်း ၅၀ ရာခိုင်နှုန်းခန့် မြင့်တက်နေရပြီး နှစ်စဉ်သစ်တောဧကေ သန်းနှင့်ချီကာ ဆုံးရှုံးနေရသည့်အပြင် မျိုးရင်းမျိုးစိတ်များမှာလည်း မျိုးသုဉ်းလာကာ ရေသယံဇာတသည်လည်း ပိုမိုရှားပါးလာခဲ့သည်။

သို့သော် မြန်မာနိုင်ငံတွင် ပြန်လည်ကုစားရေးအတွက် အစိမ်းရောင်စံပြဇာတိုဌာနကို ဖွင့်လှစ်ကာ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ဒေသတွင်း ရာသီဥတုပြောင်းလဲမှုနှင့် စီးပွားရေးဆိုင်ရာ ဆက်စပ်မှု၊ စိုက်ပျိုးမွေးမြူရေးနှင့် ကောင်းမွန်သည့် အလေ့အကျင့်များ ပိုမိုကျယ်ပြန့်လာစေရေးအတွက် မူဝါဒများချမှတ်ရေး၊ မဟာဗျူဟာများ ရေးဆွဲအကောင်အထည်ဖော်ရေးနှင့် ကျွမ်းကျင်၍ အစိမ်းရောင်စီးပွားရေးအသိုက်အဝန်းကို အတူတကွ ပူးပေါင်းလုပ်ဆောင်နိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ ထွက်ပေါ်ရေးတို့အတွက် အာဆီယံအစိမ်းရောင်စီးပွားရေးဌာနမှ တွန်းအားပေးဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

"စီးပွားရေးလုပ်ငန်းတိုင်း သဘာဝပတ်ဝန်းကျင် ဆန်းစစ်လေ့လာမှုအတွက် ကနဦးဆောင်ရွက်ချက်၊ လုပ်ငန်းလည်ပတ်နေချိန် စဉ်ဆက်မပြတ် ဆောင်ရွက်ချက်တွေလုပ်ဖို့လိုသလို နိုင်ငံတော်ကလည်း လုပ်ငန်းရှင်အချင်းချင်း ပူးပေါင်းဆောင်ရွက်ဖို့နဲ့ နည်းပညာအကူအညီတွေ ပေးနိုင်မယ်ဆိုရင် အကောင်းဆုံးပဲ"ဟု ဦးခင်မောင်ဝင်းက ပြောကြားသည်။

သဘာဝသယံဇာတများကို အကန့်အသတ်မဲ့ ထုတ်ယူခြင်း၏ အကျိုးဆက်ကို မြန်မာနိုင်ငံတွင်လည်း စတင်ခံစားနေရပြီဖြစ်ကာ ပြန်လည်ကုစားရေးနှင့် စနစ်တကျစီမံခန့်ခွဲခြင်းတို့ကို လုပ်ဆောင်ရန် အရေးတကြီး လိုအပ်နေပြီဖြစ်ကြောင်းကိုလည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းသော ရေရရှိရေးနှင့် စီမံခန့်ခွဲရေးပညာရှင် Myanmar Water Engineering မှ မန်နေဂျင်း ဒါရိုက်တာ ဦးခင်မောင်ဝင်းက ပြောကြားသည်။

စာမျက်နှာ ၇ သို့ ❖

# အညွှန်းကိန်းများနှင့် မြန်မာပြည်

မောင်ငိုကာ

ကမ္ဘာ့ဘဏ်က နှစ်စဉ်ထုတ်ပြန်တဲ့ "စီးပွားရေးဆောင်ရွက်မှု ၂၀၁၆ ခုနှစ် အစီရင်ခံစာ (Doing Business 2016 Report)"ကို ပြီးခဲ့တဲ့ အောက်တိုဘာလ ၂၈ ရက်နေ့က ထုတ်ပြန်ခဲ့ပါတယ်။ Doing Business Report ဟာ ကမ္ဘာ့နိုင်ငံအသီးသီးအနေနဲ့ စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ရာမှာ ဘယ်လောက်လွယ်ကူချောမွေ့တယ်ဆိုတာကို အချက်ကြီး ၁၀ ချက်နဲ့ အကဲဖြတ်တာ ဖြစ်ပါတယ်။ ဒီလိုအကဲဖြတ်တဲ့အချက်တွေထဲမှာ စီးပွားရေးလုပ်ငန်းတစ်ခု စတင်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခွင့်ရရှိရေးဆောင်ရွက်ခြင်း၊ လျှပ်စစ်ဓာတ်အား ရရှိမှုအခြေအနေ၊ ပိုင်ဆိုင်မှုများ မှတ်ပုံတင်ခြင်း၊ ငွေကြေးအထောက်ပံ့ရရှိခြင်း၊ ရင်းနှီးမြှုပ်နှံမှု အနည်းငယ်သာဆောင်ရွက်နိုင်သူများကိုကာကွယ်ခြင်း၊ အခွန်ပေးဆောင်ခြင်း၊ စာချုပ်စာတမ်းများ အသက်ဝင်မှုရှိခြင်း၊ ပြည်ပကူးသန်းရောင်းဝယ်မှု အခြေအနေနဲ့ စီးပွားရေးလုပ်ငန်း စာရင်းရှင်းလင်းဆောင်ရွက်နိုင်ခြင်းစတဲ့ အချက် ၁၀ ချက်ပေါ်မှာမူတည်ပြီး အကဲဖြတ်တာဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ယခင်က ကမ္ဘာ့စီးပွားရေးအသိုက်အဝန်းနဲ့ ထိတွေ့ဆောင်ရွက်နိုင်မှုနည်းပါးခဲ့တာကြောင့် ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံကို ထည့်သွင်းအကဲဖြတ်ခြင်း မရှိခဲ့ပေမယ့် လက်ရှိအစိုးရတက်လာပြီးနောက်ပိုင်း ၂၀၁၃ ခုနှစ်မှာ အကဲဖြတ်မှု စတင်ဆောင်ရွက်ခဲ့ပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့အစီရင်ခံစာကို တစ်နှစ်ကြိုတင်ထုတ်ပြန်တာ ဖြစ်တဲ့အတွက် Doing Business 2014 Report မှာ မြန်မာနိုင်ငံ စတင်ပါဝင်လာခဲ့ပါတယ်။ ဒါပေမယ့် ရလဒ်ကတော့ မကောင်းလှပါဘူး။ နိုင်ငံပေါင်း ၁၈၉ နိုင်ငံအကဲဖြတ်တဲ့အထဲမှာ မြန်မာနိုင်ငံက အဆင့် ၁၈၂ ရရှိခဲ့ပြီး မြန်မာနိုင်ငံအောက်မှာ အာဖရိကနိုင်ငံအချို့သာ ကျန်ရှိခဲ့ပါတယ်။

အစိုးရအနေနဲ့ ကိုယ့်နိုင်ငံရဲ့ ပကတိအခြေအနေကို လက်ခံပြီး နိုင်ငံအတွင်းမှာ စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့ပါတယ်။ တကယ်တော့ မြန်မာနိုင်ငံရဲ့ အခြေအနေက အလွန်ခက်ခဲတဲ့ အဆင့်ကနေ စတင်ခဲ့ရတယ်ဆိုရင်လည်း မမှားပါဘူး။ ဒါပေမယ့် ပြုပြင်ပြောင်းလဲမှုတစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့ခြင်းရဲ့ ရလဒ်ကို Doing Bussiness 2016 Report မှာ စတင်တွေ့မြင်ရပြီဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်အစီရင်ခံစာမှာ အဆင့် ၁၈၂ ဖြစ်ခဲ့တဲ့ မြန်မာနိုင်ငံဟာ မကြာခင်ရက်ပိုင်းက ထုတ်ပြန်တဲ့ ၂၀၁၆ အစီရင်ခံစာအရအဆင့် ၁၆၇ ကို တက်လှမ်းနိုင်ခဲ့ပြီး အဆင့် ၁၅ ဆင့် တိုးတက်မှုရရှိခဲ့ပါတယ်။ ဒီလိုအဆင့်တိုးတက်မှုဟာ သိသာထင်ရှားတဲ့ရလဒ်ဖြစ်တယ်ဆိုတာကို အခြားအာဆီယံနိုင်ငံများနဲ့ နှိုင်းယှဉ်ကြည့်ရင် အောက်ပါအတိုင်းတွေ့ရမှာဖြစ်ပါတယ်-

| စဉ် | နိုင်ငံ | ၂၀၁၄ | ၂၀၁၆ | တက်/ကျ |
|---|---|---|---|---|
| (၁) | စင်ကာပူ | ၁ | ၁ | - |
| (၂) | မလေးရှား | ၆ | ၁၈ | ၁၂ ဆင့်ကျ |
| (၃) | ထိုင်း | ၁၈ | ၄၉ | ၃၁ ဆင့်ကျ |
| (၄) | ဘရူနိုင်း | ၅၉ | ၈၄ | ၂၅ ဆင့်ကျ |
| (၅) | ဗီယက်နမ် | ၉၉ | ၉၀ | ၉ ဆင့်တက် |
| (၆) | ဖိလစ်ပိုင် | ၁၀၈ | ၁၀၃ | ၅ ဆင့်တက် |
| (၇) | အင်ဒိုနီးရှား | ၁၂၀ | ၁၀၉ | ၁၁ ဆင့်တက် |
| (၈) | ကမ္ဘောဒီးယား | ၁၃၇ | ၁၂၇ | ၁၀ ဆင့်တက် |
| (၉) | လာအို | ၁၅၉ | ၁၃၄ | ၂၅ ဆင့်တက် |

အထက်ပါ ဇယားအရ အာဆီယံနိုင်ငံတွေထဲမှာ တက်သွားတဲ့နိုင်ငံရှိသလို ကျသွားတဲ့နိုင်ငံများကိုလည်း တွေ့ရမှာဖြစ်ပြီး မြန်မာနိုင်ငံအနေနဲ့အဆင့် ၁၅ ဆင့် တိုးတက်ခဲ့တဲ့အတွက် ဒုတိယအတိုးတက်ဆုံးနိုင်ငံ ဖြစ်လာတယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ ကမ္ဘာ့စီးပွားရေးအသိုက်အဝန်းမှာ အခြေတကျရှိနေပြီးဖြစ်တဲ့ အခြားအာဆီယံနိုင်ငံအချို့ အဆင့်ကျဆင်းသွားချိန်မှာ ပြုပြင်ပြောင်းလဲမှုများစွာကို အခက်အခဲမျိုးစုံထဲက တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့ရတဲ့ မြန်မာနိုင်ငံရဲ့ တိုးတက်မှုကတော့ စိတ်ကျေနပ်ဖွယ်ဖြစ်ပါတယ်။

ပိုပြီးထူးခြားတာက Doing Business Report မှာ အဓိကအချက်တစ်ခုအဖြစ် အကဲဖြတ်တဲ့ "စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း(Starting a Business)"နဲ့ပတ်သက်ရင် မြန်မာနိုင်ငံဟာ ၂၀၁၅ အစီရင်ခံစာ အထိ အဆင့် ၁၈၉ ဖြစ်ခဲ့ရာမှ ယခုနှစ် ၂၀၁၆ အစီရင်ခံစာမှာ ၁၆၀ အထိ တိုးတက်လာခဲ့ပြီး အဆင့် ၂၉ ဆင့် ခုန်ပျံရောက်ရှိခဲ့တဲ့အတွက် **"အတိုးတက်ဆုံးနိုင်ငံ(the most improved country)"**အဖြစ် ကမ္ဘာ့ဘဏ်က အသိအမှတ်ပြုခဲ့ပါတယ်။ လက်တွေ့မှာလည်း စီးပွားရေးလုပ်ငန်းတစ်ခု စတင်ဖို့ ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းမှာ လုပ်ထုံးလုပ်နည်းပြင်ဆင်ခြင်း၊ မလိုလားအပ်တဲ့အဆင့်တွေ လျှော့ချခြင်းတွေကြောင့် ယခင်တုန်းက အနည်းဆုံး ခြောက်လလောက်ကြာခဲ့တဲ့ ကုမ္ပဏီမှတ်ပုံတင်ခြင်းလုပ်ငန်းဟာ ယခုကာလမှာ သုံးရက်နဲ့အပြီး ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ တကယ်တော့ အစိုးရအနေနဲ့က Doing Business Report မှာ အဆင့်ကောင်းကောင်းရရှိဖို့ထက် မိမိလုပ်ငန်းရှင်များ လက်တွေ့ကျကျ လွယ်ကူသက်သာစွာ ဆောင်ရွက်နိုင်ဖို့ ဦးတည်ခဲ့တာဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် "စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း(Starting a Business)"နဲ့ ပတ်သက်ပြီး ကမ္ဘာ့ဘဏ်ရဲ့ အကဲဖြတ်ချက်ကလည်း စိတ်ကျေနပ်ဖွယ်ပဲဖြစ်ပါတယ်။

နောက်တစ်ခုတင်ပြချင်တာက အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့အစည်း (Transparency International) က လာဘ်ပေးလာဘ်ယူကိစ္စများနဲ့ပတ်သက်ပြီး နိုင်ငံအသီးသီးကို နှစ်စဉ်အကဲဖြတ် ထုတ်ပြန်တဲ့ (Corruption Perception Index) မှာ မြန်မာနိုင်ငံအနေနဲ့ ၂၀၁၁ ခုနှစ်မှာ အဆင့် ၁၈၀၊ ၂၀၁၂ ခုနှစ်မှာ အဆင့် ၁၇၂၊ ၂၀၁၃ ခုနှစ်မှာ အဆင့် ၁၅၇ နဲ့ ၂၀၁၄ ခုနှစ်မှာ အဆင့် ၁၅၆ ရရှိခဲ့ပြီး တစ်နှစ်ပြီး တစ်နှစ်တိုးတက်မှုတွေ ရရှိခဲ့တဲ့ အခြေအနေဖြစ်ပါတယ်။

အထက်က တင်ပြခဲ့တဲ့ အညွှန်းကိန်းနှစ်ခုဟာ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ နိုင်ငံတစ်ခုကို စီးပွားရေးလုပ်ဖို့ လေ့လာသုံးသပ်ရာမှာ ဦးစားပေး လေ့လာဆန်းစစ်လေ့ရှိကြတဲ့ အညွှန်းကိန်းတွေလည်း ဖြစ်ပါတယ်။ အဆိုပါ အညွှန်းကိန်းတွေနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့ တစ်နှစ်ပြီးတစ်နှစ် တိုးတက်မှုရရှိလာခြင်းဟာ တိုင်းပြည်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုဝင်ရောက်လာရေးအတိုင်းအတာတစ်ခုအထိ အထောက်အပံ့ပြုမှာဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် **လေးနှစ်ကျော်တာကာလအတွင်း ဆောင်ရွက်ခဲ့တဲ့ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေက မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို သိသာထင်ရှားတဲ့ ပြောင်းလဲမှုတွေဖြစ်ပေါ် စေခဲ့တာကတော့ အမှန်ပါပဲ။**

❖ စာမျက်နှာ ၆ မှ

သဘာဝသယံဇာတများကို တူးဖော်မှုတွင် Extractive Industries Transparency Initiative အဖွဲ့ဝင်လောင်းအဖြစ် မြန်မာနိုင်ငံကို ယမန်နှစ်ကတည်းက အသိအမှတ်ပြုလက်ခံထားပြီးဖြစ်ခြင်းကြောင့် သဘာဝသယံဇာတများ တူးဖော်ခြင်းများတွင် နိုင်ငံတကာ ကျင့်ဝတ်စည်းကမ်းများနှင့်အညီသာ လုပ်ဆောင်ရတော့မည်ဖြစ်ကြောင်း ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်တွင် နိုင်ငံတော်သမ္မတကလည်း ပြောကြားထားခဲ့သည်။

မြန်မာနိုင်ငံ၏ လူဦးရေအချိုးအစားကို ကြည့်မည်ဆိုပါက Demographic Window ဟုခေါ်သည့် အလုပ်လုပ်ကိုင်နိုင်စွမ်းရှိသည့် လူဦးရေအချိုးအစားမှာ ပိုမိုများပြားနေခြင်းသည် အခွင့်ကောင်းတစ်ရပ်ဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ်များ၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ကာ အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ကြိုးစားတည်ဆောက်ကြရန် လိုအပ်ကြောင်း နိုင်ငံတော်သမ္မတက အဆိုပါဖိုရမ်တွင် ထည့်သွင်းပြောကြားသွားခဲ့ကြောင်း သိရသည်။

"သစ်တောတွေ အရင်အတိုင်း စိမ်းလန်းဖို့အတွက် ကျွန်တော်တို့ နှစ်တွေအကြာကြီး ပြန်စောင့်ရဦးမယ်။ သို့သော် ထိုင်ပြီးစောင့်နေလို့တော့ မရပါဘူး။ ပြန်လည်ကုစားမှုတွေကို လူသားတိုင်းလုပ်ဆောင်မှသာ အစိမ်းရောင်မြေကမ္ဘာ သာယာလှပလာမယ်" ဟု ဦးဝင်းနိုင်က သစ်ထုတ်လုပ်မှုနှင့်ပတ်သက်သည့် သူ့လုပ်ဆောင်ချက်များအတွက် ပြန်လည်ကုစားနေသည့် အစီအစဉ်များကို အားတက်သရော ဆက်လက်ပြောပြသည်။


## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန - ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ(ယခင်မြန်မာ့ရုပ်ရှင်လုပ်ငန်း)မှ မန္တလေးမြို့ မစိုးရိမ်ရုပ်ရှင်ရုံအား နှစ်ရှည်ငှားရမ်းစာချုပ်ဖြင့် ငှားရမ်းလုပ်ကိုင်ခဲ့သော Mandalay Golden Wing Co.,Ltd. ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အများသိရှိနိုင်ပါရန် အသိပေးကြေညာခြင်း

ဦးဝင်းအောင် Mandalay Golden Wing Co., Ltd. နှင့် အများသိရှိနိုင်စေရန် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ နေပြည်တော်မှ အောက်ပါအတိုင်း အသိပေးကြေညာလိုက်ပါသည်။

၁။ Mandalay Golden Wing Co., Ltd. သည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ယခင်မြန်မာ့ရုပ်ရှင်လုပ်ငန်း)နှင့် နိုင်ငံတော်မှ ခွင့်ပြုထားသည့် အခြားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဖွင့်လှစ်နိုင်ရန်အတွက် မန္တလေးမြို့ မစိုးရိမ်ရုပ်ရှင်ရုံကို လက်ရှိအနေအထားအတိုင်း အငှားချထားခြင်းခံရသူ ဦးဝင်းအောင် Mandalay Golden Wing Co., Ltd. အား တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ ၂၆-၁-၁၉၉၉ ရက်နေ့မှစ၍ စာချုပ်ချုပ်ဆိုငှားရမ်းခဲ့ပါသည်။

၂။ Mandalay Golden Wing Co., Ltd. သို့ မစိုးရိမ်ရုပ်ရှင်ရုံငှားထားစဉ်ကာလအတွင်း ၆-၁-၂၀၁၀ ရက်နေ့တွင် MGW ဥက္ကဋ္ဌ ဦးဝင်းအောင်က ၎င်းတို့ Co., Ltd. ငှားရမ်းလုပ်ကိုင်နေသည့် မန္တလေးမြို့၊ မစိုးရိမ်ရုပ်ရှင်ရုံအား အပြီးအပိုင်ဝယ်ယူခွင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့ လျှောက်ထားခဲ့ပါသည်။ ၎င်းလျှောက်ထားချက်အရ ပြန်ကြားရေးဝန်ကြီးဌာနက မန္တလေးမြို့ မစိုးရိမ်ရုပ်ရှင်ရုံအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်သို့ အပ်နှံခဲ့သည့်အတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ ပြန်ကြားရေးဝန်ကြီးဌာနသို့ မစိုးရိမ်ရုပ်ရှင်ရုံကို လက်ရှိလုပ်ကိုင်နေသူ ဦးဝင်းအောင် Mandalay Golden Wing Co., Ltd. အား ရောင်းချရန် ဆုံးဖြတ်ခဲ့သော်လည်း ဦးဝင်းအောင်က ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ သတ်မှတ်သည့်ဈေးနှုန်းဖြင့် ဝယ်ယူနိုင်ခြင်း မရှိသည့်အတွက် မစိုးရိမ်ရုပ်ရှင်ရုံကို အခြားဝယ်ယူသူတစ်ဦးသို့ ၅-၆-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၅/၂၀၁၂)အရ အပြီးအပြတ်ရောင်းချခဲ့ပြီးဖြစ်ပါသည်။

၃။ ၂၆-၁-၁၉၉၉ ရက်နေ့မှစ၍ မန္တလေးမြို့၊ မစိုးရိမ်ရုပ်ရှင်ရုံအား ငှားရမ်းထားခဲ့သူ ဦးဝင်းအောင် Mandalay Golden Wing Co., Ltd. အနေဖြင့် ငှားရမ်းခြင်းရပ်စဲကြောင်းစာချုပ်ကို နှစ်ဦးသဘောတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ယခင်မြန်မာ့ရုပ်ရှင်လုပ်ငန်း) နှင့် စာချုပ်ချုပ်ဆိုရန်ရှိသလို ငှားရမ်းစဉ်က လက်ခံရယူခဲ့သော မရွှေ့ပြောင်းနိုင်သောပစ္စည်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို လွှဲပြောင်းပေးအပ်ကြောင်းစာချုပ်ကို ချုပ်ဆိုပေးရန် တာဝန်တစ်ရပ် တင်ရှိနေပါသည်။

၄။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ အဆိုပါ မစိုးရိမ်ရုပ်ရှင်ရုံကို ရောင်းချခဲ့သော်လည်း Mandalay Golden Wing Co., Ltd. ငှားရမ်းခဲ့စဉ်က ကုမ္ပဏီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ထားသည့် မစိုးရိမ်ရုပ်ရှင်ရုံဝင်းအတွင်းရှိ ဆိုင်ခန်း/အိမ်ခန်း(၆)ခန်းတွင် နေထိုင်သူများကို ဖယ်ရှားပေးရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ယခင်မြန်မာ့ရုပ်ရှင်လုပ်ငန်း)က ၁၉၅၅ ခုနှစ် အစိုးရအိမ်ဥပစာနှင်ထုတ်ခြင်း အက်ဥပဒေအရ ဆောင်ရွက်ခဲ့ခြင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက အပြီးသတ်အမိန့်ချမှတ်ပြီးသည့်နောက် ဆိုင်ခန်း/အိမ်ခန်းခြောက်ခန်းနေထိုင်သူများမှ ၄-၉-၂၀၁၅ ရက်နေ့တွင် အဆိုပါ ဆိုင်ခန်း/အိမ်ခန်းများကို မန္တလေးတိုင်းဒေသကြီး မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် မစိုးရိမ်ရုပ်ရှင်ရုံဝယ်ယူခွင့်ရရှိထားသည့် ပုဂ္ဂိုလ်ထံ မစိုးရိမ်ရုပ်ရှင်ရုံကို လက်ရောက်လွှဲပြောင်းပေးရေး ဆောင်ရွက်ရန်ရှိပါသည်။ သို့ရာတွင် ဦးဝင်းအောင်သို့ ငှားရမ်းထားသည့် မစိုးရိမ်ရုပ်ရှင်ရုံကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြန်လည်လက်ခံပြီးမှသာ လက်ရောက် လွှဲပြောင်းပေးရမည်ဖြစ်သည့်အတွက် Mandalay Golden Wing Co., Ltd. အထွေထွေမန်နေဂျာ ဦးခင်မောင်မြင့်ထံ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများအနေဖြင့် လွှဲပြောင်းရေးအတွက် အကြိမ်ကြိမ် ညှိနှိုင်းခဲ့ခြင်း၊ Mandalay Golden Wing Co., Ltd. ရုံးချုပ်တည်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၂၃)(ဂ)၊ သုခဝတီလမ်းရှိ ရုံးချုပ်အဆောက်အအုံ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ သွားရောက်ညှိနှိုင်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

၅။ အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နေပြည်တော်သို့ နှစ်ရှည်ငှားရမ်းခြင်း သဘောတူစာချုပ် နှစ်ဦးသဘောတူရပ်စဲခြင်းနှင့် အဆောက်အအုံပစ္စည်းများ လွှဲပြောင်းလက်ခံခြင်း စာချုပ်တွင်လက်မှတ်ရေးထိုးရန်အတွက် ၂၃-၁၀-၂၀၁၅ ရက်နေ့တွင် လည်းကောင်း၊ ၂၇-၁၀-၂၀၁၅ ရက်နေ့တွင်လည်းကောင်း အကြိမ်ကြိမ် အကြောင်းကြားခဲ့ပြီးဖြစ်သော်လည်း ၂၉-၁၀-၂၀၁၅ ရက်နေ့အထိ လူကြီးမင်းကိုယ်တိုင်ဖြစ်စေ၊ ကုမ္ပဏီမှ တရားဝင်လွှဲအပ်ထားသော တာဝန်ရှိသူကိုယ်စားလှယ်တစ်ဦးဦးဖြစ်စေ လာရောက်ခြင်းမရှိသည့်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးလှချို က ၃၀-၁၀-၂၀၁၅ ရက်စွဲပါ နို့တစ်စာဖြင့် အသိပေး အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

၆။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အကြောင်းကြားစာများ၊ အသိပေးစာများ အကြိမ်ကြိမ်ပေးပို့ခဲ့သော်လည်း လူကြီးမင်းတို့ကုမ္ပဏီဘက်မှ လာရောက်လက်မှတ်ရေးထိုးပေးရန် ပျက်ကွက်ပါသဖြင့် လုပ်ဆောင်ပေးရမည့် တာဝန်ပိုင်းကို ပျက်ကွက်သည်ဟု မှတ်ယူပြီး ချုပ်ဆိုထားသော ငှားရမ်းစာချုပ်ကို တစ်ဖက်သတ်ရပ်စဲဖျက်သိမ်း၍ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ခြင်းကိစ္စရပ်များကို ဦးဝင်းအောင်နှင့် Mandalay Golden Wing Co,Ltd.တို့ သိရှိလက်ခံသဘောတူပြီးဖြစ်သည်ဟု မှတ်ယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**

# မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲသော ဒီမိုကရေစီတစ်ရပ်ဖော်ဆောင်ခြင်း



*(အောက်တိုဘာ ၂၃ ရက်က Nikkei Asian Review တွင်ဖော်ပြသော သမ္မတရုံးဝန်ကြီး ဦးစိုးသိန်း၏ Creating a sustainable democracy in Myanmar ဆောင်းပါးကို စာရေးသူ၏ခွင့်ပြုချက်အရ ဆီလျော်အောင် ဘာသာပြန်ဆိုပါသည်။)*

— ကြယ်စင်သာ —

မြန်မာနိုင်ငံ၌ နိုဝင်ဘာလတွင် သမိုင်းဝင်အထွေထွေရွေးကောက်ပွဲတစ်ရပ်ကျင်းပရန် လုပ်ဆောင်နေကြချိန်တွင် နိုင်ငံတကာအပါအဝင် အများကလည်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှု အရှိန်အဟုန်နှင့် အတိုင်းအတာကို အကဲဖြတ်ပြီး ထင်မြင်ချက်ပေးကြမည်သာဖြစ်သည်။

ယင်းသို့သောအချိန်ကာလတွင် ဦးစွာတင်ပြလိုသည်မှာ ယနေ့မြန်မာနိုင်ငံနှင့် လွန်ခဲ့သော (၄၊ ၅) နှစ်က မြန်မာနိုင်ငံ၏ အခြေအနေများကို နှိုင်းယှဉ်ကြည့်ရှုကြရန် ဖြစ်ပါသည်။ လွန်ခဲ့သော (၄၊ ၅) နှစ်ကဆိုလျှင် မြန်မာနိုင်ငံသည် စစ်အုပ်ချုပ်ရေးအောက်တွင် ရှိနေခြင်း၊ မီဒီယာကဏ္ဍနှင့် အင်တာနက်အသုံးပြုနိုင်မှုအပေါ် ကန့်သတ်မှုများရှိခြင်း၊ လူငါးဦးထက်ပို၍ စုဝေးခြင်းမှ တားမြစ်ခြင်း၊ နိုင်ငံတကာကုန်သွယ်မှုအပေါ် တင်းကျပ်စွာ ထိန်းချုပ်ထားခြင်းနှင့် လူနည်းစုကသာ မိုဘိုင်းတယ်လီဖုန်းကို အသုံးပြုနိုင်ခြင်းစသည်ဖြင့်ရှိခဲ့သည်။

ယခုအခြေအနေတွင်မူ ပြီးခဲ့သောရာစုနှစ်ဝက်အခြေအနေနှင့် မနှိုင်းယှဉ်သာသည့် နိုင်ငံရေးအရ လွတ်လပ်မှုများရရှိနေပြီဖြစ်သည်။ ပြည်သူတို့၏လူနေမှုအဆင့်အတန်းမြင့်တက်လာခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြုလုပ်နေခြင်း၊ ကမ္ဘာပေါ်ရှိ အခြားနိုင်ငံအချို့ထက် မိုဘိုင်းဖုန်းဆက်သွယ်ရေးစနစ်များ ပိုမိုလျင်မြန်စွာ ပျံ့နှံ့နေခြင်းစသည်ဖြင့် တွေ့မြင်ရမည်ဖြစ်သည်။

ယခင်က အခြေအနေနှင့် ယခုအခြေအနေတို့ကွာခြားမှုကား နှိုင်းယှဉ်၍မရနိုင်တော့ပေ။ ဖြစ်ပေါ်လာသည့် ကြီးမားသော ပြောင်းလဲမှုများမှာ အကောင်းဆီသို့ ဦးတည်ညွှန်ပြနေပြီဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဆီးရီးယားနှင့် လစ်ဗျားနိုင်ငံများတွင် ကြုံတွေ့ခဲ့ရသည့် သွေးထွက်သံယိုနှင့် ပရမ်းပတာ၊ ဖရိုဖရဲအခြေအနေမျိုးဖြစ်ပေါ်ခဲ့မှုမရှိဘဲ အာဏာရှင်ပုံစံအုပ်ချုပ်ရေးစနစ်မှ ဒီမိုကရေစီအတွက် နိုင်ငံရေးအခင်းအကျင်းသစ်တစ်ရပ်နှင့် စီးပွားရေးဝန်းကျင်သစ်တစ်ရပ်သို့ အသွင်ကူးပြောင်းဖြစ်ပေါ်လာခဲ့ပြီးဖြစ်သည်။

**အကဲဖြတ်မစောလွန်းပါနှင့်**

မျက်မှောက်မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ နေ့ချင်းညချင်း ဒီမိုကရေစီပေါ် ပေါက်လာမည်ဟူသော မျှော်လင့်ချက်ကို အခြေခံသည့်အမြင်မျိုးထက် ကမ္ဘာလုံးဆိုင်ရာအတွေ့အကြုံနှင့်နှိုင်းယှဉ်ပြီး မိမိတို့အမှန်တကယ်ရောက်ရှိနေသည့် အခြေအနေအပေါ်တွင်သာ အကဲဖြတ်ကြခြင်းက ပိုမိုသင့်လျော်ပါလိမ့်မည်။ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများအပေါ် မျှော်လင့်ချက်များစွာထားရှိနေသူအချို့က လက်ရှိဖြစ်ပေါ်တိုးတက်မှုများကို အားရကျေနပ်မှု မရှိနိုင်ဖြစ်နေကြသည်။ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်က ပိုမိုမြန်ဆန်သော အပြောင်းအလဲကောင်းများကို ဖြစ်ပေါ်စေလိုသည့် ဆန္ဒရှိသည်။ ပြည်သူလူထုတစ်ရပ်လုံးကလည်း အမှန်တကယ်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ်ရောက်ရှိရန်နှင့် အခြေခံလူနေမှုအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရန် မျှော်မှန်းလျက်ရှိကြသည်။ အမျိုးသမီးနှင့် ကလေးငယ်များ၊ မသန်မစွမ်း၊ သက်ကြီးရွယ်အိုများနှင့် စစ်မှုထမ်းဟောင်းများအပါအဝင် လူတိုင်းတန်းတူအခွင့်အရေးရရှိနိုင်ရေး၊ လူမျိုးရေးနှင့် ဘာသာရေးခွဲခြားမှု၊ စီးပွားရေးအရမညီမျှမှုနှင့် အကျင့်ပျက်ခြစားမှုများ အဆုံးသတ်နိုင်ရေးတို့ကို လိုလားလျက်ရှိကြသည်။ အတူတကွသာယာဝပြောမှုမျိုးကို မြင်တွေ့ခံစားချင်ကြသည်။ သို့သော်လည်း ထိုကဲ့သို့သောအခြေအနေမျိုးမှာ နေ့ချင်း ညချင်းဖြစ်ပေါ်လာမည်မဟုတ်ပေ။ စတင်စိုက်ပျိုးသည့် အပင်တစ်ပင်မှ ချက်ချင်းလက်ငင်း အသီးမရနိုင်သေးသည့် အခြေအနေမျိုးတွင် ရှေ့သို့မည်ကဲ့သို့ တက်လှမ်းမည်ဆိုသည့် လက်တွေ့ကျသော အတွေးအခေါ်နှင့် စိတ်ရှည်သည်းခံမှုများထားရှိနိုင်ရန်လိုအပ်ပြီး လက်တွေ့မကျသော၊ အပြုသဘော မဆောင်သည့် အတွေးအခေါ်များကို ဖယ်ရှားနိုင်ရမည်ဖြစ်သည်။

ယနေ့မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးအပါအဝင် သာယာဝပြောသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်သကဲ့သို့ ကျပ်တည်းသောစီးပွားရေးအခြေအနေမှ လွတ်မြောက်ရန် အခက်အခဲဆုံးပြောင်းလဲမှုအချို့ကိုလည်း လုပ်ဆောင်နိုင်ခဲ့ပြီးဖြစ်သည်။ ထိုကဲ့သို့သော ပြောင်းလဲမှုများသည် နိုင်ငံတော်သမ္မတ၏ ရဲဝံ့ပြတ်သားသည့် ဆုံးဖြတ်ချက်နှင့် ဦးဆောင်နိုင်မှုများကြောင့် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပါသည်။

**အစသာရှိသေးသည်**

လေးနှစ်တာပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခဲ့ပြီးနောက် နိုင်ငံအနေဖြင့် ရှေ့တွင်ရင်ဆိုင်ရမည့် အခက်အခဲများကိုလည်း ကောင်းစွာသိရှိထားကြရန် လိုအပ်ပါသေးသည်။ ပထမဦးဆုံးရင်ဆိုင်ရမည်မှာ အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်နှင့် စိတ်နေစိတ်ထားပိုင်းဆိုင်ရာပြဿနာများဖြစ်သည်။ အလားတူ ပြည်သူများမှာ ဗဟိုဦးစီးစနစ်တွင် ကျင်လည်ခဲ့ရသည့်အခြေအနေနှင့် အမူအကျင့်များမှ မည်ကဲ့သို့ ပြောင်းလဲရုန်းထွက်ကြရမည်ကို မသိရှိကြသေးခြင်းဖြစ်သည်။ နိုင်ငံတကာအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်အတူ နိုင်ငံတော်အစိုးရသည် ၂၀၁၁ ခုနှစ်က စတင်ခဲ့သော ပြုပြင်ပြောင်းလဲမှုများနှင့်အတူ အခက်အခဲများစွာကို အစွမ်းကုန်ဖြေရှင်းဆောင်ရွက်ခဲ့သော်လည်း ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းများစွာ ကျန်ရှိနေဆဲဖြစ်သည်။

ယခုအခါ ယင်းနှစ်သွယ်သော စိန်ခေါ်မှုများမှာ တည်ရှိနေဆဲပင်ဖြစ်သည်။ ဌာနဆိုင်ရာဝန်ထမ်းအများစုမှာ ဗဟိုဦးစီးစနစ်နှင့်အတူ ဖြစ်တည်ခဲ့သော စိတ်နေစိတ်ထားအတိုင်းသာရှိနေဆဲဖြစ်သကဲ့သို့ နိုင်ငံရေးအတွေ့အကြုံလည်းမရှိကြသေးသူများကလည်း စစ်မှန်သော ခွဲခြမ်းစိတ်ဖြာမှုအစား ပြစ်တင်ဝေဖန်မှုများနှင့်သာ ပျော်မွေ့နေကြသည်။

ယခုကဲ့သို့ နိုင်ငံပြုပြင်ပြောင်းလဲ တည်ဆောက်ရေးကြိုးပမ်းနေချိန်မျိုးတွင် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် လီရှန်

> **မြန်မာနိုင်ငံတွင် ဝေဖန်မှုနှင့် အတိုက်အခံပြုလုပ်သည့် ယဉ်ကျေးမှုကသာ အားသာလျက်ရှိပြီး လက်တွေ့ကျသော မူဝါဒချမှတ်ရေးနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကမူ လွန်စွာအားနည်းလျက်ရှိသည်။**

လွန်းက ၎င်း၏ဖခင် လီကွမ်ယုကို ချီးကျူးခဲ့သည့်စကားတစ်ခုအား သတိရသင့်ပါသည်။ လီရှန်လွန်းက နိုင်ငံများစွာရှိ ကိုလိုနီဆန့်ကျင်ရေး၊ တိုက်ပွဲဝင်သူများနှင့် သူရဲကောင်းများသည် လွတ်လပ်ရေးနှင့် အာဏာကို ရရှိနိုင်ကြမည်ဖြစ်သော်လည်း နိုင်ငံတော်တည်ဆောက်ရေးတွင်မူ အောင်မြင်မှုများရရှိချင်မှ ရရှိပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတော်တည်ဆောက်ရေး၊ စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူနေမှုဘဝမြှင့်တင်ရေးဆိုင်ရာ အခက်အခဲများမှာ လွန်စွာကွဲပြားခြားနားမှု ရှိနေခြင်းကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဝေဖန်မှုနှင့် အတိုက်အခံပြုလုပ်သည့် ယဉ်ကျေးမှုကသာ အားသာလျက်ရှိပြီး လက်တွေ့ကျသော မူဝါဒချမှတ်ရေးနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကမူ လွန်စွာ အားနည်းလျက်ရှိသည်။ ၂၁ ရာစုမြန်မာနိုင်ငံကို တည်ဆောက်နိုင်ရန်အတွက် အချိန်များစွာပေးရန် လိုအပ်ပါသည်။ အကြောင်းမှာ တည်ငြိမ်အေးချမ်းစွာ ပြောင်းလဲဖော်ဆောင်နိုင်ရမည်ဖြစ်သည့်အပြင် ပြည်သူအားလုံးလည်းပါဝင်ရန်လိုအပ်ခြင်းကြောင့် ဖြစ်သည်။ နေရာတိုင်း၊ ကဏ္ဍတိုင်းတွင် ထိုကဲ့သို့ လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်တည်ဆောက်နိုင်ရေးအတွက် နိုင်ငံ၌လုံလောက်သော လူ့စွမ်းအားအရင်းအမြစ်များ မရှိသေးပေ။

Creating a sustainable democracy in Myanmar



The gate to the massive compound of Myanmar's parliament building in Naypyitaw © Reuters

As Myanmar heads toward a historic general election in November, many will be judging the pace and scope of the country's democratic reforms.

We need first to compare the Myanmar of today with the Myanmar of just four or five years ago, when the country was under military dictatorship, with severe restrictions on the media and on Internet access; when gatherings of more than five people were prohibited; when international trade was tightly controlled; and only a tiny fraction of people had access to mobile telephones.

စွမ်းဆောင်ရည်ကန့်သတ်ချက်နှင့် ပြုပြင်ရမည့် စိတ်နေစိတ်ထားလိုအပ်ချက်ရှိနေဆဲဖြစ်သော ရှိသမျှလူအင်အားနှင့် ဖော်ဆောင်နေရခြင်းသည်ပင် အမှန်တကယ် ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများဖြစ်သည်။

တစ်ဖက်တွင်လည်းပြည်သူလူထုအနေဖြင့် ဒီမိုကရေစီလိုလားသောဆန္ဒများကို ၎င်းတို့၏ ကိုယ်ပိုင်ပြုမူမှုများနှင့် ချိတ်ဆက်ထားရန်လိုအပ်သည်။ အိန္ဒိယသမ္မတဟောင်း အေပီဂျေ အဗ္ဒုလ်ကာလမ်က **"ပြည်သူများသည် တာဝန်ရှိ ပုဂ္ဂိုလ်များအပေါ် အပြစ်သာတင်လိုကြသည်။ သို့ရာတွင် နိုင်ငံ၏ပကတိ အခြေအနေကို ၎င်းတို့၏ ကိုယ်ပိုင်ပြုမူမှုများနှင့် ချိတ်ဆက်မှု မရှိသလောက်ပင်ဖြစ်သည်"**ဟု ပြောကြားခဲ့သည်ကိုလည်း သတိပြုသင့်ပေသည်။ လက်ရှိအခြေအနေတွင် တစ်ပါးသူ၏အပြစ်ကို အမြဲတစေ ရှာဖွေပြောဆိုလေ့ရှိသူများနှင့် လမ်းပေါ်တွင် စည်းကမ်းမဲ့စွာ အမှိုက်ပစ်သူ၊ အခွန်ရှောင်သူ၊ ယာဉ်စည်းကမ်းနှင့် လမ်းစည်းကမ်း မလိုက်နာသူများမှာ အတူတူပင်ဖြစ်နေကြသည်။ ယင်းအတွက် လူ့အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို ကျယ်ကျယ်ပြန့်ပြန့်ဖြင့် လုပ်ဆောင်ကြရန်နှင့် ယဉ်ကျေးမှုဆိုင်ရာ အပြောင်းအလဲတစ်ရပ် ဖော်ဆောင်ရန်လိုအပ်လျက်ရှိသကဲ့သို့ အချိန်ကာလအားဖြင့်လည်း မျိုးဆက်သစ်တစ်ခုပေါ်ထွန်းလာသည့်တိုင် ကြာမြင့်ပေလိမ့်ဦးမည်။

မျက်မှောက်အစိုးရအနေဖြင့် အောင်မြင်မှုများစွာရရှိခဲ့ပြီးဖြစ်ပါသည်။ နှစ် ၆၀ ကြာ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုကို အဆုံးသတ်ပြီး တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုတည်ဆောက်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၆ ဖွဲ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းများ ဖော်ဆောင်လျက်ရှိသည်။ အောက်တိုဘာလ ၁၅ ရက်နေ့က တိုင်းရင်းသားလက်နက်ကိုင် ရှစ်ဖွဲ့နှင့် သမိုင်းဝင်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် နိုင်ငံရေးဆွေးနွေးပွဲများအတွက် လမ်းခင်းပေးလိုက်ခြင်းပင်ဖြစ်သည်။

**စီးပွားရေးဆိုင်ရာအခက်အခဲများ**

တစ်ပြိုင်နက်တည်းတွင် မြန်မာနိုင်ငံ၌ စီးပွားရေးပြုပြင်ပြောင်းလဲရန်နှင့် ၅၁ သန်းကျော်သော ပြည်သူအားလုံးအတွက် လူနေမှုအဆင့်အတန်းများ တိုးတက်လာစေရန် အစိုးရကအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)၏ အဆိုအရ ပြီးခဲ့သည့်လေးနှစ်တာကာလအတွင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှု တစ်ဦးချင်းဝင်ငွေမှာ အမေရိကန် ဒေါ်လာ ၁၀၀၀ ရှိရာမှ အမေရိကန်ဒေါ်လာ ၁၂၇၀ အထိ ၂၀ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့သည်။ မက်ခရိုစီးပွားရေးတည်ငြိမ်မှု ပိုမိုရရှိရေးနှင့် ပတ်သက်ပြီး ငွေကြေးပြောင်းလဲမှုသည် အများပြည်သူကဏ္ဍဆိုင်ရာ ဘဏ္ဍာရေးပြုပြင်ပြောင်းလဲမှုအထိ များစွာသော ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်နိုင်ခဲ့ပြီးဖြစ်သည်။

ယခင်က သဘာဝအရင်းအမြစ်များ ထုတ်ယူသုံးစွဲရာတွင် တာဝန်ခံသည့် စီမံခန့်ခွဲမှုအတွက် ကမ္ဘာလုံးဆိုင်ရာ စံသတ်မှတ်ချက်တစ်ခုဖြစ်သော သယံဇာတလုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိရေး ဆောင်ရွက်မှုကျင့်သုံးသည့် သဘောတူညီချက်(EITI)ကို ကြားခဲ့ဖူးသူမှာ မြန်မာနိုင်ငံတွင် လူနည်းစုအချို့သာရှိခဲ့သည်။ ယခုအခါ ယင်းသဘောတူညီချက်ပါ စံသတ်မှတ်ချက်များနှင့်အညီ မြန်မာနိုင်ငံသည်လည်း (EITI) တွင် တင်းပြည့်အဖွဲ့ဝင်နိုင်ငံ လျှောက်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။ အစိုးရအဖွဲ့အတွင်း ပွင့်လင်းမြင်သာမှုရှိရေးနှင့် အရပ်သားများပိုမိုပါဝင်လာရေးမြှင့်တင်ရန် ဘက်စုံပါဝင်သည့် လုပ်ဆောင်မှုတစ်ရပ်ဖြစ်သော ပွင့်လင်းမြင်သာသည့် အစိုးရအဖွဲ့နှင့် လက်တွဲဆောင်ရွက်မှု (Open Government Partnership) ကိုလည်း ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှုနှင့် အဖွဲ့အစည်းဆိုင်ရာများတွင် ယခင်ကကျင့်သုံးမှုမရှိခဲ့ဖူးသည့် လူမှုရေးတာဝန်နှင့် ကျင့်ဝတ်(CSR)ကဲ့သို့သော စိတ်ကူးအကြံဉာဏ်များကို နေ့စဉ်မူဝါဒလုပ်ငန်းအဖြစ်ပေါင်းစပ်ဆောင်ရွက်နေနိုင်ကြပြီဖြစ်ပါသည်။

အကျင့်ပျက်ခြစားမှုသည် အဓိကကျသည့် ပြဿနာတစ်ရပ်အဖြစ်ရှိနေဆဲဖြစ်ရာ အဆိုပါ အကျင့်ပျက်ခြစားမှုကို လျှော့နည်းပပျောက်အောင်လည်း လုပ်ဆောင်လျက်ရှိသည်။ ရင်းနှီးမြှုပ်နှံမှုအသစ်များဖြင့် နိုင်ငံတွင်းဒေါ်လာဘီလီယံနှင့်ချီ၍ စီးဆင်းဝင်ရောက်လျက်ရှိခြင်းမှာ ဆက်သွယ်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းများအတွက် လိုင်စင်များ ချမှတ်ပေးရာ၌ ပွင့်လင်းမြင်သာမှုရှိရှိဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့်ပင်ဖြစ်သည်။

စာမျက်နှာ ၉ သို့

## ပြည်တွင်းရေးရာ

**❒ မြန်မာနိုင်ငံမှ**

ပင်မဆောင်ဆိုင်းဘုတ်၊ ကမ္ပည်းမော်ကွန်းနှင့် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ် Logo တို့အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြန်မာ့သတင်းအချက်အလက် နည်းပညာတက္ကသိုလ်ပင်မဆောင်ဖွင့်လှစ်သည့် ကမ္ပည်းမော်ကွန်းနှင့် အိန္ဒိယ-မြန်မာချစ်ကြည်ရေးအထိမ်းအမှတ်တို့အား အမွှေးနံ့သာရည်များပက်ဖျန်းပေးကြပြီး မှတ်တမ်းဓာတ်ပုံရိုက်ကြကာ အဆိုပါ ခြောက်ထပ်အဆောက်အအုံအတွင်းရှိ စာသင်ခန်းများ၊ လက်တွေ့ခန်းများနှင့် ICT နည်းပညာပြပွဲများအား လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို အဆိုပါပင်မခြောက်ထပ်ဆောင်စုဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မြန်မာ့သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ ကျောင်းဆောင်သစ်ဖွင့်ပွဲသည် နိုင်ငံတကာချစ်ကြည်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု၏ ပြယုဂ်ပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ပညာရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် အသုံးချမှုများကိုပြန်ကြည့်လျှင် ၁၉၇၀ ပြည့်နှစ် အစောပိုင်းကာလများကတည်းက ကွန်ပျူတာပညာရပ်နှင့် သက်ဆိုင်သည့် သင်တန်းများကို ရန်ကုန်တက္ကသိုလ်နှင့် စီးပွားရေးတက္ကသိုလ်တို့၌ စတင်သင်ကြားပို့ချပေးခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ် ဇန်နဝါရီလတွင် ကွန်ပျူတာတက္ကသိုလ်များအဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်ခဲ့ရာ ယခုဆိုလျှင် တစ်နိုင်ငံလုံး၌ ကွန်ပျူတာတက္ကသိုလ် ၂၇ ခုထိရှိနေပြီ ဖြစ်ပါကြောင်း။

အမြင့်ဆုံးဖြစ်သည့် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ပါရဂူဘွဲ့သင်တန်း Ph.D (IT)နှင့် Ph.D (CHT)များကို ရန်ကုန်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ်များ၌ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ပါရဂူဘွဲ့ရများကို မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ တက္ကသိုလ်အသီးသီးမှ ဘွဲ့ရလူငယ်မောင်မယ်များအား IT ပညာရပ်များ လေ့ကျင့်သင်ကြားပေးပြီး လုပ်ငန်းခွင်အသင့်အနေအထားရှိမည့် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ဂျပန်နိုင်ငံ JICA အကူအညီဖြင့် Information and Communication Technology Institute(ICTI)သင်တန်းကျောင်းကို ၂၀၀၇ ခုနှစ်တွင်လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံ၏အကူအညီဖြင့် အိန္ဒိယ-မြန်မာသတင်းအချက်အလက်နည်းပညာကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်းဌာန (India –Myanmar Centre for Enhancement of IT Skills (IMCEITS)ကို ၂၀၀၈ ခုနှစ်တွင်လည်းကောင်း စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပါကြောင်း။

ယနေ့ ပင်မခြောက်ထပ်ကျောင်းဆောင်သစ်ဖွင့်လှစ်နိုင်သည့် မြန်မာ့သတင်းအချက်အလက်နည်းပညာတက္ကသိုလ်သည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးစွာဆက်ဆံခဲ့ရာမှ ပေါ်ထွက်လာသည့် ချစ်ကြည်ရေး၊ နည်းပညာပူးပေါင်းဖလှယ်ရေးတို့၏ ရလဒ်ဖြစ်ပါကြောင်း၊ မြန်မာ့သတင်းအချက်အလက် နည်းပညာတက္ကသိုလ် ပင်မဆောင်နှင့် ဝန်ထမ်းအိမ်ရာများကို နိုင်ငံတော်ခွင့်ပြုဘဏ္ဍာငွေဖြင့် ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်မှ စတင်တည်ဆောက်ခဲ့ပါကြောင်း၊ အိန္ဒိယသမ္မတနိုင်ငံမှ လက်တွေ့ခန်းသုံးပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများ၊ နည်းပညာများနှင့် သင်ကြားမည့်ပညာရှင်များကို ၅ နှစ်စီမံကိန်းဖြင့် စဉ်ဆက်မပြတ် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအတွင်းမှာပင် နိုင်ငံတကာအဆင့်မီ နည်းပညာအတတ်ပညာများကို သင်ကြားလေ့လာတက်ရောက်ခွင့်ရရှိမည့် အခွင့်အရေးတစ်ရပ်ပင်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ အဆင့်မြင့်မြန်မာသတင်းအချက်အလက် နည်းပညာဆိုင်ရာတက္ကသိုလ်ပေါ်ထွက်လာခြင်းအားဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုအကောင်အထည်ဖော်မှုများဖြင့် ပေါ်ထွက်လာသည့် တက္ကသိုလ်ကြီးအားအကျိုးရှိရှိ အသုံးချနိုင်ရန် စွမ်းဆောင်သွားကြပါဟု တိုက်တွန်းပြောကြားသည်။



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာ့သတင်းအချက်အလက်နည်းပညာတက္ကသိုလ် အဆောက်အအုံအတွင်း ခင်းကျင်းပြသထားသော ကွန်ပျူတာတက္ကသိုလ်များမှ ပြခန်းများကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက မြန်မာ့သတင်းအချက်အလက် နည်းပညာတက္ကသိုလ်ဆိုင်ရာများအား ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီးက မြန်မာ့သတင်းအချက်အလက်နည်းပညာတက္ကသိုလ် တည်ထောင်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် Post Graduate Diploma in Software Development (PGDSD) ဘွဲ့လွန်ဒီပလိုမာဘွဲ့ရသင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ တက္ကသိုလ်ကို နည်းပညာသစ်များအသုံးပြု၍ နိုင်ငံ၏စီးပွားရေးနှင့် သတင်းအချက်အလက်နည်းပညာကဏ္ဍပိုမိုမြင့်မားတိုးတက်လာစေရန်၊ နိုင်ငံတကာမှ နည်းပညာအတတ်ပညာများရရှိနိုင်ရန်၊ သတင်းအချက်အလက်နည်းပညာအသုံးပြုသုတေသနလုပ်ငန်းများ တိုးတက်လာရန်နှင့် သတင်းအချက်အလက်နည်းပညာ အခြေခံစီးပွားရေးလုပ်ငန်းများ တိုးတက်တည်ထောင်လာစေရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စတင်ဖွင့်လှစ်မည့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ပထမနှစ် ဘွဲ့ကြိုသင်တန်းတွင် B.E (Hons) Computer Science and Engineering နှင့် B.E (Hons) Electronics and Communication ဘွဲ့များနှင့် ဘွဲ့လွန်ဒီပလိုမာသင်တန်းတွင် PGDSD (Post Graduate Diploma and Software Development)ဘွဲ့များ ပေးအပ်သွားမည်ဖြစ်သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် မြန်မာ့သတင်းအချက်အလက် နည်းပညာတက္ကသိုလ်အဆောက်အအုံအတွင်း ခင်းကျင်းပြသထားသော ကွန်ပျူတာတက္ကသိုလ်များမှ ပြခန်းများ၊ တက္ကသိုလ်၏ စာသင်ခန်းများနှင့် အိန္ဒိယနိုင်ငံ သတင်းအချက်အလက် နည်းပညာရှင်မှ ကျောင်းသား ကျောင်းသူများအား သင်ကြားပြသမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များသည် တည်ဆောက်ပြီးစီးနေပြီဖြစ်သော မင်္ဂလာမန္တလေး တည်ဆောက်ရေးစီမံကိန်း (MINGALAR MANDALAY COMMERCIAL PROJECT) အား လှည့်လည်ကြည့်ရှုသည်။ **(သတင်းစဉ်)**

# အယ်လ်ဂျီးရီးယားနိုင်ငံ အမျိုးသားနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် နိုဝင်ဘာ ၁**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁ရက်တွင် ကျရောက်သော အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရမ်တာနီလာမမ်ရာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

**❂ စာမျက်နှာ ၈ မှ**

စာမျက်နှာ ၈ မှ

ထိုကဲ့သို့ ဆောင်ရွက်မှုအားလုံးသည် အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်များ ချပေးလိုက်ခြင်းပင်ဖြစ်ပါသည်။ အနောက်နိုင်ငံများ၏ ပိတ်ဆို့မှုများ ရုပ်သိမ်းခဲ့ခြင်းနှင့် ပြင်ပကမ္ဘာနှင့် စီးပွားရေးဆက်ဆံမှုတိုးမြှင့်နိုင်ရေးအတွက် လက်ရှိအစိုးရနှင့် အခြားသောအဖွဲ့အစည်းအသီးသီး၏ ကြိုးစားလုပ်ဆောင်ခဲ့ခြင်းများအပေါ် အထူးကျေးဇူးတင်မိပါသည်။

စစ်မှန်သည့် ဒီမိုကရေစီထွန်းကားသော မြန်မာနိုင်ငံတည်ဆောက်ရာတွင် အဓိကကျသည့် စိန်ခေါ်မှုတစ်ခုမှာ အင်စတီကျူးရှင်းများအားနည်းနေခြင်းပင်ဖြစ်သည်။ ထိုအင်စတီကျူးရှင်းများသည် ၂၆ နှစ်ကြာမြင့်ခဲ့သော မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်ဝါဒနှင့် ၂၄ နှစ်ကြာမြင့်သော တပ်မတော်အုပ်ချုပ်ရေးစနစ်အောက်ရှိ အင်စတီကျူးရှင်းများပင်ဖြစ်သည်။

နိုဝင်ဘာလ ၈ ရက်နေ့တွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများကျင်းပတော့မည်ဖြစ်သကဲ့သို့ နိုင်ငံတကာစောင့်ကြည့်လေ့လာသူများကိုလည်း ပထမဆုံးအကြိမ်အဖြစ် ဖိတ်ကြားထားရှိပြီးဖြစ်သည်။ ထိုရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အရေးပါလျက်ရှိပြီး ထိုလုပ်ငန်းစဉ်ကို ဖော်ဆောင်ရာ၌လည်း အခက်အခဲများစွာနှင့် ကြုံတွေ့ခဲ့ရသည်။ အထူးသဖြင့် မဲဆန္ဒရှင်စာရင်းပြုစုသည့် ပြဿနာများ၊ အတွေ့အကြုံနှင့် နည်းပညာပိုင်းဆိုင်ရာစွမ်းဆောင်ရည် ချို့တဲ့မှုများက အဓိကပြဿနာများဖြစ်ခဲ့ပါသည်။

ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝင်ရောက်ယှဉ်ပြိုင်ကြမည့်ပါတီအားလုံးနှင့် လူပုဂ္ဂိုလ်များက သက်ဆိုင်ရာဥပဒေများနှင့် စည်းမျဉ်းများကိုလိုက်နာကြရေးမှာ မရှိမဖြစ်လိုအပ်နေသည်။ အဆိုပါရွေးကောက်ပွဲသည် ပြီးပြည့်စုံသောရွေးကောက်ပွဲဟု မဆိုနိုင်သော်လည်း ယုံကြည်စိတ်ချရမှုရှိပြီး ပြည်သူများ၏ ဆန္ဒကို ထင်ဟပ်ပေါ်လွင်စေသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်လိမ့်မည့်အပြင် ရွေးကောက်ပွဲရလဒ်ကို အားလုံးက လက်ခံကြရမည်သာဖြစ်ပေသည်။ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများကျင်းပရေးနှင့် ရွေးကောက်ပွဲရလဒ်များကို လေးစားအသိအမှတ်ပြုရေးတို့မှာ လက်ရှိအစိုးရအဖွဲ့၏ မဖြစ်မနေဆောင်ရွက်ရမည့် တာဝန်နှင့်ဝတ္တရားတစ်ရပ်ပင်ဖြစ်ပါသည်။

အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းနှင့် နိုင်ငံတကာမိတ်ဆွေများအကြား ပူးတွဲဆောင်ရွက်နိုင်မှုများကြောင့် ယခုကဲ့သို့ ခရီးရောက်ခဲ့ခြင်းလည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီဖော်ဆောင်မှုမှာ လမ်းလျှောက်သင်ခါစ ကလေးငယ်တစ်ယောက်ကဲ့သို့ဖြစ်နေပါသည်။ နိုင်ငံ၏လက်ရှိပြောင်းလဲတိုးတက်ဖြစ်ပေါ်နေသော အခြေအနေများနှင့်ပတ်သက်၍ ဘယ်နေရာက လာခဲ့ကြရသည်၊ ဘယ်လောက်အကွာအဝေးက လာခဲ့ကြရသည်ကို သိနေရန်လိုအပ်ပြီး အပြုသဘောဆောင်သည့် ဝေဖန်မှုများကိုလည်း ကြိုဆိုလျက်ရှိပါသည်။ သို့ရာတွင် လက်ရှိဆောင်ရွက်နေသော အသွင်ကူးပြောင်းမှုသည် စဉ်ဆက်မပြတ်သော အသွင်ကူးပြောင်းမှုတစ်ရပ်ဖြစ်ရေးအတွက် ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ ကမ္ဘာတစ်ဝန်းမှ စိတ်ရှည်သည်းခံပေးရန်လည်း လိုအပ်ပါသေးသည်။ ရှေ့တွင် ခက်ခဲစွာဆက်လက်လုပ်ဆောင်ရမည့် နှစ်ရှည်လများလုပ်ငန်းများအတွက် ခံနိုင်ရည်ရှိရန်လည်း လိုအပ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

**❍ မြန်မာလက်ဝှေ့သမားများမှ**

မြန်မာ-ထိုင်း ငါးချီလက်ဝှေ့စိန်ခေါ်ပွဲစဉ် ပြိုင်ပွဲလေးပွဲတို့တွင် မြန်မာလက်ဝှေ့ကျော် မန္တလေးတိုင်းဒေသကြီး လက်ရွေးစင် စိုးမောင်ဦး(မြန်မာ)က ထိုင်းဘုရင့်ဖလား ငွေတံဆိပ်ဆုရ ဝါလချစ်(ထိုင်း)ကို စတုတ္ထအချီတွင် လည်းကောင်း၊ မြန်မာ့လက်ရွေးစင်ရွှေခါးပတ်ချန်ပီယံ ရဲသွေးနီ(မြန်မာ)က ထိုင်းဘုရင့်ဖလား ငွေတံဆိပ်ဆုရ ရွက်စီ(ထိုင်း)ကို ပထမအချီတွင် လည်းကောင်း၊ မြန်မာ့လက်ရွေးစင် ကျားပေါက်(မြန်မာ)က မဲဆောက်ဖလားဆုရှင် ဝဲလ်ကွန်း(ထိုင်း)ကို ပထမအချီတွင်လည်းကောင်း အသီးသီးအလဲထိုးယှဉ်ပြိုင်အနိုင်ရ ဗိုလ်စွဲနိုင်ကြပြီး မြန်မာ့လက်ရွေးစင် ရွှေခါးပတ်ချန်ပီယံ ဖျံသွေး(မြန်မာ)နှင့် ထိုင်းဘုရင့်ဖလားနှစ်ထပ်ကွမ်း ချန်ပီယံလေသပ်စ်(ထိုင်း)ကို ပွဲစဉ်တွင် အနိုင်အရှုံးမပေါ်ဘဲ ပူးတွဲသရေကျခဲ့သည်။

ယင်းပွဲစဉ်တွင် လေသပ်စ်(ထိုင်း)က ဖျံသွေး(မြန်မာ)ကို ဝါရင့်လက်ဝှေ့သမားကဲ့သို့ လက်ရည်အနည်းငယ်အသာစီးဖြင့် ငါးချီအပြီးထိ ထိုးသတ်ရာ ဖျံသွေး(မြန်မာ)က လက်ရည်စွမ်းအားအပြည့်ဖြင့် အားကျမခံ ယှဉ်ပြိုင်ထိုးသတ်ကာ သရေကစားသွားနိုင်ခဲ့သည်။ မြန်မာ-ထိုင်းပွဲစဉ်လေးပွဲစလုံးမှာ မြန်မာလက်ဝှေ့ကျော်တို့က စိတ်ဓာတ်ကောင်း လက်ရည်အမှန်တို့ဖြင့် ထိုင်းလက်ဝှေ့သမားများထက် သာလွန်အောင်ကြိုးစား ယှဉ်ပြိုင်ထိုးသတ်နိုင်ခဲ့သည်ကို အဖွဲ့ချုပ်မှ ခုံဒိုင်ချုပ် ဦးဒေါင်းနီက ပြောကြားခဲ့ကြောင်းနှင့် ပြိုင်ပွဲသို့ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီး ဦးမျိုးမြင့်အောင်၊ တိုင်းအား/ကာဒုညွှန်ကြားရေးမှူး ဦးဝေဇင်၊ ပြိုင်ပွဲအလှူရှင် အောင်သမာဓိ စိန်ရွှေရတနာဆိုင်မှ တာဝန်ရှိသူများက အောင်လံဆုများကို အသီးသီးပေးအပ် ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ထိုင်းနိုင်ငံ တော်ဝင်ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ



**ရန်ကုန် အောက်တိုဘာ ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ထိုင်းနိုင်ငံဘုရင့်တော်ဝင်မိသားစု၏ ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် နာဂလိုဏ်ဂူကျောင်းတိုက်၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အဘိဓဇမဟာရဋ္ဌဂုရု အမှူးပြုသည့် ပင့်သံဃာ ၂၅ ပါး ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ဇနီး၊ ထိုင်းဘုရင့်ကိုယ်စား ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Don paramudwinai နှင့် ထိုင်းဘုရင့်မိသားစုကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr.Pisanu Suvanajata နှင့် သံရုံးမိသားစုများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ငါးပါးသီလခံယူဆောက်တည်ကြပြီး ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် ထိုင်းနိုင်ငံဘုရင့်မိသားစုများကိုယ်စား ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးက ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးဝင်းက ကထိန်လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ထိုင်းဘုရင့်မိသားစုများကိုယ်စား ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Don paramudwinai၊ ထိုင်းနိုင်ငံ အလှူရှင်များနှင့် မြန်မာအလှူရှင်များ၏ လှူဒါန်းငွေများကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်ပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တော်ဝင်ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားရာတွင် ထိုင်းဘုရင်နှင့် မိသားစု၏ တော်ဝင်ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကြီးကို မြတ်ဗုဒ္ဓ၏ အဆုံးအမဒေသနာတော်နှင့်အညီ မြန်မာနိုင်ငံတော်တွင် နှစ်စဉ်နှစ်တိုင်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်မှာ ယနေ့ထက်တိုင်ဖြစ်ပါကြောင်း၊ ယနေ့အခမ်းအနားသည် နှစ်နိုင်ငံပြည်သူတို့၏ နှလုံးသားတွင် ထာဝရပိုမိုခိုင်မြဲသည့် အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုနှင့် လေးစားမှုတို့ကိုန်းအောင်းလျက်ရှိနေသည်ကို ဖော်ဆောင်ပါကြောင်း၊ မြန်မာနိုင်ငံသူနိုင်ငံသားများအနေဖြင့် များစွာသော မဟာကုသိုလ်တရားများတိုးပွားစေရန်နှင့် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မြဲလာစေရန် ဤတော်ဝင်ကထိန်သင်္ကန်းလှူဒါန်းပွဲကြီးကို နှစ်စဉ်ကျင်းပနိုင်ရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထိုင်းဘုရင့် မိသားစု၏ လှူဒါန်းငွေစုစုပေါင်းမှာ မြန်မာကျပ်ငွေ သိန်း ၄၀၀ ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဒုတိယအကြိမ်မြောက် JICM အစည်းအဝေးကို နိုဝင်ဘာ ၁၆ ရက်တွင် နေပြည်တော်၌ ပြုလုပ်မည်



**ရန်ကုန် အောက်တိုဘာ ၃၁**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM) အစည်းအဝေးကို လာမည့် နိုဝင်ဘာ ၁၆ ရက်တွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဦးဆောင်ပြီး နေပြည်တော်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၃၁ ရက်က ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန(MPC)တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC) ပထမအကြိမ် အစည်းအဝေး၏ နောက်ဆုံးနေ့ ဆွေးနွေးမှုအပြီး သတင်းစာရှင်းလင်းပွဲတွင် နှစ်ဖက်ကိုယ်စားလှယ်များက ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ယနေ့ပြီးစီးခဲ့သည့် ပထမအကြိမ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အစည်းအဝေး သုံးရက်တာကာလအတွင်း၌ ပြည်ထောင်စုအစိုးရဘက်မှ ကိုယ်စားလှယ် ၁၀ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်များဘက်မှ ကိုယ်စားလှယ် ၁၀ ဦးနှင့် အရပ်သားကိုယ်စားလှယ် ခြောက်ဦးပါဝင်သည့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီကို မူအားဖြင့်ဖွဲ့စည်းနိုင်ခဲ့ကြောင်း သိရသည်။ ယင်းကော်မတီတွင်ပါဝင်မည့် အရပ်သားခြောက်ဦး၏ အမည်စာရင်းကို နှစ်ဖက်ကိုယ်စားလှယ်များက ပထမအကြိမ် အစည်းအဝေးတွင် ပေးသွင်းနိုင်ခဲ့ခြင်းမရှိခဲ့သော်လည်း ပြည်ထောင်စုအဆင့်ကော်မတီ၏ အလုပ်တာဝန်များနှင့် တွဲဖက်ဆောင်ရွက်ရမည့် အလုပ်အဖွဲ့ဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးနိုင်ခဲ့သည်။ ယင်းအပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီများ၏ ဖွဲ့စည်းပုံကိုလည်း ဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)၏ အထူးအကြံပေး ဦးလှမောင်ရွှေက "ဒီဆွေးနွေးချက်တွေအားလုံးကို ထပ်ပြီးအချောသပ်ပြီးရင် နိုဝင်ဘာ ၁၆ ရက် နေပြည်တော်မှာ ပြုလုပ်မယ့် JICM အစည်းအဝေးမှာ နှစ်ဖက်ခေါင်းဆောင်တွေက ညှိနှိုင်းပြီး အတည်ပြုမယ်။ ဒါပြီးရင် အပစ်ရပ်ထားတဲ့ အဖွဲ့တွေနဲ့ အစိုးရရဲ့ကြားထဲမှာ ထိန်းသိမ်းတဲ့နယ်မြေတွေကို ဆက်ဆွေးနွေးဖို့ရှိမယ်။ နှစ်ဖက်တပ်ဖွဲ့ဝင်တွေ လိုက်နာရမယ့်ကိစ္စတွေက အခုလည်းအတော်ဆွေးနွေးခဲ့ပြီးသွားပြီ။ လာမယ့် နိုဝင်ဘာ ၁၆ ရက်မှာ ဆွေးနွေးပြီးရင် တိုင်းရင်းသားဘာသာစကားတွေနဲ့ ဖြန့်ချိဖို့ အစီအစဉ်တွေပါရှိတယ်" ဟု ပြောကြားသည်။

JMC အား ပြည်ထောင်စုအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် ဒေသန္တရအဆင့်ဟူ၍ အဆင့်(၃)ဆင့်ဖြင့် ဖွဲ့စည်းသွားမည်ဖြစ်သည်။ ပြည်ထောင်စုအဆင့်သည် မူဝါဒရေးရာဆိုင်ရာကိစ္စများကို တာဝန်ယူဆောင်ရွက်မည် ဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် ဒေသန္တရအဆင့်များသည် လုပ်ငန်းအကောင်အထည်ဖော်ခြင်းများကို အဓိကဆောင်ရွက်မည်ဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် ဆုံးဖြတ်ချက် မချမှတ်နိုင်သည့်ကိစ္စရပ်များအား ပြည်ထောင်စုအဆင့်မှအဆုံးအဖြတ် ပေးသွားမည်ဖြစ်သည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ဖွဲ့စည်းရခြင်းနှင့် စပ်လျဉ်းပြီး "JMC ရဲ့ အဓိကတာဝန်ကတော့ NCA စာချုပ်ထဲမှာပါတဲ့ တပ်ပိုင်းဆိုင်ရာကိစ္စတွေ၊ နှစ်ဖက်တပ်တွေ လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေနဲ့ ပြည်သူလူထုကို အကာအကွယ်ပေးရမယ့် ကိစ္စရပ်တွေကို အခြေခံပြီး ဒါကို စောင့်ကြည့်လေ့လာ စိစစ်ပြီးတော့ လိုအပ်ရင်လိုအပ်တဲ့ အရေးယူဆောင်ရွက်မှုတွေ လုပ်မယ်။ ပြဿနာဖြေရှင်းတယ်ဆိုတဲ့ အဓိက အခြေခံတာဖြစ်ပါတယ်"ဟု MPC အစီအစဉ်ညွှန်ကြားရေးမှူး ဒေါက်တာမင်းဇော်ဦးက ပြောကြားသည်။

ယနေ့ပြုလုပ်သည့် ပထမအကြိမ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အစည်းအဝေးတတိယနေ့ ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ကရင်အမျိုးသားအစည်းအရုံး(KNU)မှ စောအိုင်းဇက်တို့က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက် အစည်းအဝေးပွဲအပြီး ညနေ ၆ နာရီတွင် MPC မှ အထူးအကြံပေး ဦးလှမောင်ရွှေ၊ အစီအစဉ်ညွှန်ကြားရေးမှူး ဒေါက်တာမင်းဇော်ဦး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)မှ ဆလိုင်းယောအောင်နှင့် ရှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ(RCSS)၏ အကြံပေးဖြစ်သူ ခွန်ဆေကျိုင်ယင်တို့က သတင်းမီဒီယာရှင်းလင်းပွဲတစ်ရပ်ကို ပြုလုပ်ခဲ့သည်။

ပထမအကြိမ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC) အစည်းအဝေးကို အောက်တိုဘာ ၂၉ ရက်မှ ၃၁ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်သည်။

ပထမအကြိမ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM)ကို နေပြည်တော်တွင် ၂၀၁၅ခုနှစ် အောက်တိုဘာ ၁၅ ရက် မွန်းလွဲပိုင်းမှ အောက်တိုဘာ ၁၇ ရက်အထိ ပြုလုပ်ခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) တို့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

**(သတင်း-မြတ်သန္တာမောင်**
**ဓာတ်ပုံ-အငယ်လေး)**

■ **ကျောဖုံးမှ**

ပွဲထွက်လာခဲ့သည့်အပြင် လီဗာပူးအသင်းကလည်း ဖာမီနို၊ အမီရာကန်၊ လူးကတ်၊ လယ်လာနာ၊ ကော်တင်ဟို၊ မီနာ၊ စကာတယ်၊ အယ်လ်ဘာတို၊ ဆာခို၊ ကလိုင်းတို့ကို ၄-၂-၃-၁ ကစားကွက်ဖြင့်ပင်ပွဲထွက်လာခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ကွင်းလယ်ကစားသမား ရာမီရက်စ်၏ သွင်းဂိုးဖြင့် ပထမပိုင်းပွဲကစားချိန်လေးမိနစ်တွင် အိမ်ကွင်း၌ ဦးဆောင်ဂိုးစတင်ရရှိခဲ့သော်လည်း ပထမပိုင်းပွဲပြီးခါနီးတွင် လီဗာပူးအသင်းကွင်းလယ်ကစားသမား ကော်တင်ဟို၏ ချေပဂိုးသွင်းယူခြင်းကို ခွင့်ပြုပေးလိုက်ရပြီး ပထမပိုင်းပြီးချိန်တွင် တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက် ပေါ်ထားခဲ့သည်။

သို့ရာတွင် လီဗာပူးအသင်းသည် အဝေးကွင်းတွင် နိုင်ပွဲရရှိရေးအတွက် ပွဲကစားချိန် ၆၄ မိနစ်တွင် ဂျိမ်းစ်မီနာ နေရာတွင် ဘန်တီကီကို လူစားလဲကစားစေခဲ့ပြီးသည့်နောက် လီဗာပူးအသင်း၏ ကစားဟန်သည် ပိုမိုကောင်းမွန်လာကာ ပွဲကစားချိန် ၇၄ မိနစ်တွင် ဘန်တီကီ၏ ဖန်တီးပေးမှုနှင့်အတူ ကော်တင်ဟိုက လီဗာပူးအသင်းအတွက် ဒုတိယမြောက်သွင်းဂိုးကို သွင်းယူပေးခဲ့သည်။

ချယ်လ်ဆီးအသင်းမှာမူ ပွဲစဉ်(၁၁)မကစားမီ ရပ်တည်နေသည့်အဆင့်(၁၅)မှ နောက်တစ်ဆင့်တက်လှမ်းနိုင်ရေးအတွက် ချေပဂိုးရရှိရန်ရုန်းကန်ခဲ့သော်လည်း ပွဲကစားချိန် ၈၃ မိနစ်တွင် ဘန်တီကီ၏ သွင်းဂိုးထပ်မံခွင့်ပြုပေးလိုက်ရသည်။ ပွဲကစားချိန် မိနစ် ၉၀ ပြည့်ခဲ့သော်လည်း နှစ်သင်းစလုံး ဂိုးထပ်မံမသွင်းယူနိုင်ခြင်းကြောင့် လီဗာပူးအသင်းက ချယ်လ်ဆီးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

# MNL အမှတ်ပေးပြိုင်ပွဲ ပြီးဆုံး

**ရန်ကုန် အောက်တိုဘာ ၃၁**

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ရာသီပိတ်နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပသည်။

**(သုဝဏ္ဏကွင်း)**

ဟံသာဝတီ - နှစ်ဂိုး

နေပြည်တော် - တစ်ဂိုး

နေပြည်တော်အသင်း၏ ပထမပိုင်းကစားပုံမှာ အားရစရာမရှိဘဲ ပုံမှန်ကစားနေသည့် ဟံသာဝတီကိုပင် အသာမရခဲ့ပေ။ ဟံသာဝတီအသင်းမှာ ပထမပိုင်းတွင် ဂိုးရနိုင်သည့် အပိုင်အခွင့်အရေးလေးကြိမ်ရရှိခဲ့ပြီး ၃၄ မိနစ်တွင် ဘမ်ဘာက ခေါင်းတိုက်ကာ ဂိုးစသွင်းခဲ့သည်။ ဒုတိယပိုင်းတွင် နေပြည်တော်အသင်းအပြောင်းအလဲပြုလုပ်ကာ တိုက်စစ်အားမြှင့်ခဲ့သော်လည်း ကစားပုံပြောင်းလဲခဲ့ခြင်းမရှိပေ။ နေပြည်တော်အသင်း တိုက်စစ်ကစားပုံ ထိရောက်မှုမရှိရန် ဟံသာဝတီအသင်း အလွယ်တကူဖျက်ထုတ်နိုင်ခဲ့ပြီး မိနစ် ၉၀ တွင် ကျော်ဇေယျက ဒုတိယဂိုး ထပ်သွင်းခဲ့သည်။ နေပြည်တော်အသင်းအတွက် နှစ်သိမ့်ချေပဂိုးတစ်ဂိုးကို ပွဲပြီးခါနီးတွင် စိုးသူရိန်ထွန်းက သွင်းယူခဲ့သည်။

အခြားပွဲစဉ်များတွင် ရခိုင်အသင်းက ကမ္ဘောဇအသင်းကို သုံးဂိုး-နှစ်ဂိုး၊ ရတနာပုံအသင်းက မနောမြေအသင်းကို သုံးဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရပြီး ဧရာဝတီအသင်းနှင့် ဇေယျာရွှေမြေအသင်းတို့ နှစ်ဂိုးစီ သရေကျခဲ့သည်။

MNL အမှတ်ပေးပြိုင်ပွဲ ပြီးဆုံးသွားပြီဖြစ်ရာ ရန်ကုန်အသင်းက ပထမ၊ ရတနာပုံအသင်းက ဒုတိယ၊ မကွေးအသင်းက တတိယ၊ ဧရာဝတီအသင်းက စတုတ္ထတို့ ရရှိခဲ့သည်။ တန်းဆင်းနှစ်နေရာအတွက် အဆုံးအဖြတ်ပွဲတွင် နိုင်ပွဲရရှိခဲ့သည့် ရခိုင်အသင်းမှာ ၂၃ မှတ်ဖြင့် လွတ်မြောက်ခဲ့ပြီး ၁၉ မှတ်ရရှိသည့် မနောမြေ၊ ၁၇ မှတ်ရရှိသည့် နေပြည်တော်အသင်းတို့မှာ တန်းဆင်းခဲ့ရသည်။

**(ရှိုင်းထက်ဇော်)**

## ဥတုရာသီ တောကိုမီး၏

# ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု ထုတ်ပြန်ကြေညာ

## စာပေလောကတွင် ထင်ရှားကျော်ကြားသည့် မြဇင်၊ မောင်ပေါ်ထွန်းနှင့် ကိုလေး(အင်းဝဂုဏ်ရည်)တို့ရရှိ

**ရန်ကုန် အောက်တိုဘာ ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံးအားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် ဆရာကြီးဦးဝင်းဖေ(မြဇင်)၊ ဆရာကြီးဦးခင်မောင်စိုး(မောင်ပေါ်ထွန်း)နှင့်ဆရာကြီးဦးကိုလေး(ကိုလေး-အင်းဝဂုဏ်ရည်)တို့အား ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်လိုက်သည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင် ၇၂ ဦးကို ဘာသာရပ်အလိုက် အဖွဲ့ငယ် ၁၃ ဖွဲ့ ဖွဲ့စည်းပြီး စာပေဆုများရွေးချယ်ခဲ့ရာ အဖွဲ့ငယ်တစ်ဖွဲ့လျှင် အမျိုးသားစာပေတစ်သက်တာဆုချီးမြှင့်ရန် ဆရာကြီး သုံးဦးစီ အမည်စာရင်းကို အဆိုပြုတင်သွင်းစေပြီး အဆိုပြု တင်သွင်းခြင်းခံရသော ဆရာကြီးများကို ကော်မတီဝင်တစ်ဦးချင်းစီက ကော်မတီဝင်စာပေ ပညာရှင်များအားလုံးရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ ဆန္ဒမဲပေးရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၁ ခုနှစ်ကပင် စတင်ချီးမြှင့်ခဲ့ပြီး ဆုရရှိပြီးသော ပညာရှင်ကြီးများမှာ စည်သူဦးလှကြိုင်(ပါရဂူ)(ကွယ်လွန်)၊ စည်သူဦးထင်ဖတ်(မောင်ထင်)(ကွယ်လွန်)၊ စည်သူ ဦးဌေးမောင်(ဌေးမောင်)၊ စည်သူ ဦးလေးမြိုင်(လေးမြိုင်)၊ စည်သူဒေါ်ရင်ရင်(စောမုံညင်း)(ကွယ်လွန်)၊ စည်သူဒေါ်ကြန်(မကြန်)၊ စည်သူ ဦးကြည်အေး(ဆင်ဖြူကျွန်းအောင်သိန်း)၊ စည်သူ ဒေါက်တာကျော်စိန် (ဒေါက်တာကျော်စိန်)(ကွယ်လွန်)၊ စည်သူ ဒေါက်တာခင်မောင်ညွန့်၊ စည်သူ ဒေါက်တာသော်ကောင်း၊ ဦးဝင်းမောင်(မင်းယုဝေ)၊ ဒေါ်ခင်ဆွေဦး (ခင်ဆွေဦး)၊ ဦးအောင်သင်း (အောင်သင်း) (ကွယ်လွန်)၊ ဦးတင်မောင်(သိပ္ပံမျိုးတင်)(ကွယ်လွန်)၊ ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)၊ စည်သူဦးတင်လှိုင်(လယ်တွင်းသားစောချစ်)၊ ဦးမြင့်ကြည် (တက္ကသိုလ်မြတ်စိုး)တို့ ဖြစ်ကြသည်။ ၂၀၁၂ ခုနှစ်မှစ၍ အမျိုးသားစာပေတစ်သက်တာဆုရှင် သုံးဦးအထိ တိုးမြှင့်ချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင်လည်း မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုသောအားဖြင့် စာပေပညာရှင်ကြီး သုံးဦးကို ဆက်လက်ရွေးချယ် ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ဆုငွေများချီးမြှင့်ရာတွင်လည်း ယခင်က အမျိုးသားစာပေတစ်သက်တာဆုကို တစ်ဦးလျှင် ခြောက်သိန်းအထိ ချီးမြှင့်ခဲ့ရာမှ ယခုအစိုးရလက်ထက် ၂၀၁၁ ခုနှစ်တွင် ၁၀ သိန်းထိလည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် ၁၅ သိန်းထိလည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် ၂၅ သိန်းထိ လည်းကောင်း အဆင့်ဆင့်တိုးမြှင့်ခဲ့ရာ ယခုနှစ်တွင်လည်း ၂၅ သိန်း ချီးမြှင့်သွားမည်ဖြစ်သည်။

အဆိုပါဆုများကို ဒီဇင်ဘာ ၁၂ ရက်(စနေနေ့)တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲ အခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

# ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ

## စာရေးဆရာမ စံပယ်ဖြူနု၏ ငြိမ်းချမ်းရေးတမ်းတသံများကို ရေးဖွဲ့သော "မြောက်ဖျားက အလွမ်းရာသီ ဝတ္ထုရှည်"က အမျိုးသားစာပေဆု ဆွတ်ခူး

**ရန်ကုန် အောက်တိုဘာ ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၁၄ ခုနှစ်အတွင်း ပထမအကြိမ် ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခြင်းခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ယနေ့ ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်စာပေဆုတွင် စံပယ်ဖြူနု ရေးသားသည့် "မြောက်ဖျားက အလွမ်းရာသီ" (ကံ့ကော်ဝတ်ရည်စာပေ)၊ ဝတ္ထုတိုပေါင်းချုပ် စာပေဆုတွင် ကြူးနှစ်ရေးသားသည့် မာရ်နတ်ရဲ့ စည်းစိမ်(ရေသောက်မြစ် စာအုပ်တိုက်)၊ ကဗျာပေါင်းချုပ်စာပေဆုတွင် မောင်လင်းကြည် ရေးသားသည့် မိုးဦးလေဦးကဗျာများ (မုံရွေးစာပေတိုက်)၊ စာပဒေသာစာပေဆုတွင် တက္ကသိုလ်ခင်မောင်ဇော် ရေးသားသည့် တက္ကသီလာ မြကျွန်းသာ (ရန်ကုန်တက္ကသိုလ်သမိုင်း) (ခေတ်ပြတိုက်စာပေ)၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုတွင် ဒေါက်တာမောင်ဖြေ ရေးသားသည့် မွန်မြတ်သော ကျေးဇူးဆပ်သူနှင့် မွန်မြတ်သော ကျေးဇူးပြုသူ(နှစ်ဆယ့်ခွန်စာပေ)၊ ကလေးစာပေဆုတွင် ဇော်မျိုးဟန်(ငါးသိုင်းချောင်း)ရေးသားသည့် ပန်းစုံရွှေပြည် ကလေးကဗျာများ (နိုင်ငံ့ဂုဏ်ရည်စာပေတိုက်)၊ လူငယ်စာပေဆုတွင် ဆူးသစ် ရေးသားသည့် ခွန်အားရှိသောစာ ခွန်အားရှိသော လူငယ် (နိုင်ငံ့ဂုဏ်ရည်စာပေ)၊ ဘာသာပြန် (သုတ) စာပေဆုတွင် နတ်မောက်အနီချို ရေးသားသည့် ကိုယ့်ကိုယ်ကိုယ်ကိုး တိုး၍သာဝင် (Wisdom House စာအုပ်တိုက်)၊ ဘာသာပြန် (ရသ) စာပေဆုတွင် ဟိန်းလတ်ရေးသားသည့် ကျွန်မမာလာလာ (အလင်္ကာဝတ်ရည်စာပေ)၊ သုတပဒေသာ (ဝိဇ္ဇာဘာသာရပ်) စာပေဆုတွင် ဒေါက်တာတိုးလှ ရေးသားသည့် လယ်ယာမြေသက္ကရာဇ်တွေထဲက သမိုင်း (သမိုင်းသုတေသနဦးစီးဌာန)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ) စာပေဆုတွင် ကျော်ဦး ရေးသားသည့် စွမ်းအင်နှင့်ဝန်းကျင်(ပါရမီစာပေ)၊ သုတပဒေသာ(အသုံးချသိပ္ပံ)စာပေဆုတွင် ရတနာစိုးရေးသားသည့် ဝါး (မြန်မာမြင့်စာပေတိုက်)၊ နိုင်ငံရေးစာပေဆုတွင် ဒေါက်တာကျော်ဝင်း ရေးသားသည့် နိုင်ငံရေးအတွေးအခေါ်သမိုင်း(နေရီရီစာပေ)၊ အင်္ဂလိပ်ဘာသာ(သုတ)စာပေဆုတွင် ဦးစိုင်းအောင်ထွန်း ရေးသားသည့် SHAN LEGENDS (Naing Htet Aung)၊ အင်္ဂလိပ်ဘာသာ(ရသ)စာပေဆုတွင် ဦးထွန်းအောင်ချိန် ရေးသားသည့် MAUNG YIN MAUNG AND MA ME' MA(Myanmar Knowledge Society) တို့ကို ဆုချီးမြှင့်ကြောင်း ကြေညာသည်။




အမျိုးသားစာပေဆု ဘာသာရပ်များကို အမျိုးအစား တိုးမြှင့်ချီးမြှင့်ခဲ့ရာတွင် ၂၀၁၀ ပြည့်နှစ်မှ စတင်၍ အင်္ဂလိပ်ဘာသာစာအုပ်ဆုကို လည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင်မူ အဆိုပါ အင်္ဂလိပ်ဘာသာစာအုပ်ဆုကို သုတနှင့်ရသခွဲခြား၍လည်းကောင်း ချီးမြှင့်ခဲ့သည့်အတွက် စုစုပေါင်းဘာသာရပ် ၁၆ မျိုး ဖြစ်လာခဲ့သည်။ အင်္ဂလိပ်ဘာသာစာအုပ်ဆု ချီးမြှင့်ရာတွင် ယခုနှစ်မှ စ၍ မြန်မာဘာသာ (သို့မဟုတ်) တိုင်းရင်းသားဘာသာဖြင့် ရေးသားထားသောစာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် စာအုပ်များကိုပါ ထည့်သွင်းရွေးချယ်ချီးမြှင့်နိုင်ခဲ့သည်။ ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေဆုတွင် ပြဇာတ်စာပေဆုကို ရွေးချယ်ချီးမြှင့်နိုင်ခြင်း မရှိကြောင်း သိရသည်။

အမျိုးသားစာပေဆုကို ယခင်က ကျပ်သုံးသိန်း ချီးမြှင့်ခဲ့ရာမှ ယခုအစိုးရလက်ထက် ၂၀၁၁ ခုနှစ်တွင် ကျပ်ငါးသိန်းထိလည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် ကျပ် ၁၀ သိန်းထိ လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် ကျပ် ၁၅ သိန်း ထိလည်းကောင်း အဆင့်ဆင့်တိုးမြှင့်ခဲ့ရာ ယခုနှစ်တွင်လည်း ကျပ် ၁၅ သိန်း ချီးမြှင့်မည်ဖြစ်သည်။

အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများ ပါဝင်သော ပုဂ္ဂိုလ် ၇၂ ဦးဖြင့် ဖွဲ့စည်းထားသည်။ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနက အမျိုးသားစာပေဆု ရွေးချယ်ရေးအတွက် စာအုပ်များ ပေးပို့နိုင်ခြင်း မရှိတော့သဖြင့် စာရေးသူများနှင့် ထုတ်ဝေသူများက ပေးပို့သောစာအုပ်များကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ ရွေးချယ်ခဲ့ကြသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ စာပေဗိမာန်ရှိ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ တယ်လီဖုန်းအမှတ် ၀၁-၃၇၆၅၆၉၊ ၀၁-၃၇၄၅၃၂၊ ၀၁-၃၈၁၄၄၉ တို့သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅×၇) လက်မ ရောင်စုံဓာတ်ပုံ နှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ နှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားရှိသည်။

ဆုရစာအုပ်များကို ထုတ်ဝေသည့် စာပေတိုက်များကိုလည်း ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်နိုင်ရေးအတွက် ဖိတ်ကြားသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါဆုများကို ဒီဇင်ဘာ ၁၂ ရက်(စနေနေ့)တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည့် အမျိုးသား စာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၁၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

**ရန်ကုန် အောက်တိုဘာ ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်ကကြီးမှူးကျင်းပသည့် ၂၀၁၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ပြိုင်ပွဲတွင်ဆုရရှိသော စာမူများနှင့်စာရေးဆရာများ၏အမည်စာရင်းကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ထုတ်ပြန် ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ဒုတိယဆုကို သွဲ့ထားညို(သက္ကလ)၏ "အလင်းစေတမန်"ကလည်းကောင်း၊ တတိယဆုကို စိုးမြင့်မောင်(သာရဝေါ) ၏ "မုန်းခက် ပြုံးတစ်သက်"ကလည်းကောင်း ရရှိကြသည်။

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို ကေ(တောင်တန်းပြာ) ၏ "အောက်ချင်းငှက်ကလေးရဲ့ ဒဏ္ဍာရီနှင့် အခြားဝတ္ထုတိုများ"က လည်းကောင်း၊ ဒုတိယဆုကို ထွန်းလှိုင်၏"မထိုးတစ်ကျပ် ထိုးတစ်ကျပ်နှင့်ကိုယ်တွေ့ဝတ္ထုတိုများ" ကလည်းကောင်း၊ တတိယဆုကို ရဲရင့်ကျော်၏ "သမုဒယဒီရေတောနှင့် အခြားဝတ္ထုတိုများ"ကလည်းကောင်း ရရှိကြသည်။

ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ပုလောစိုးနှံ့သာ၏ "ပြဒါးမဲ့မှန်ကဗျာများ"ကလည်းကောင်း၊ ဒုတိယဆုကို မောင်သာလင်း၏ "ချိုးကူသံလေး ပလွေတေးနှင့် ငါ့မွေးရပ်ရွာ ကဗျာများ"ကလည်းကောင်း၊ တတိယဆုကို လွင်ဦး (ကွမ်းခြံကုန်း) ၏ "မူးမြစ်တေးသံ ကဗျာများ"ကလည်းကောင်း ရရှိကြသည်။

သုတပဒေသာ(ဝိဇ္ဇာပညာရပ်) ဆုတွင် ပထမဆုကို ဦးထွဏ်းလွင်(မိတ္ထီလာ)၏ "လုမ္ဗိနီကို တူးဖော်ခြင်း"ကလည်းကောင်း၊ ဒုတိယဆုကို ဇော်လွင်ဦး(ဟသ်ာတ) ၏ "ကွယ်ပျောက်လုဆဲ ယင်းတလဲ"ကလည်းကောင်း၊ တတိယဆုကို စေတုတ္တရာချင်းလှထွန်း၏ "မုန်းချောင်းရေပြာ စေတုတ္တရာ" ကလည်းကောင်း ရရှိကြသည်။

သုတပဒေသာ(သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်) ဆုတွင် တတိယဆုကို တီးတိုး(Geo physics)၏ "ကမ္ဘာ၊ နေ၊ နေမိသားစုနှင့် စကြဝဠာ"က ရရှိသည်။

စာပဒေသာ(ဆောင်းပါး) ဆုတွင် ပထမဆုကို မောင်ချိုဝေ၏ "ဇာတိစိတ်၏ ခေါ်ဆောင်ရာ" ကလည်းကောင်း၊ ဒုတိယဆုကို အီချို၏ "ရွှေပိတောက်"ကလည်းကောင်း၊ တတိယဆုကို သောင်းညွန့်သစ်(အမျိုးသားစာပေဆုရ)၏ "သစ်ပင်တောတောင်တို့၏ ပရိယာယ်" ကလည်းကောင်း ရရှိကြသည်။

မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုတွင် ဒုတိယဆုကို မအိအိမွန်(ယဉ်ကျေးမှု) ၏ "ကချင်ရိုးရာ အနုလက်ရာဒီဇိုင်းများ" ကလည်းကောင်း၊ တတိယဆုကို ခင်ညိုညိုမြင့်၏ "ငါးထုပ်ဖက်ပေါ်ကျသည့်ပျားရည်စက်" ကလည်းကောင်း ရရှိကြသည်။

ကလေးစာပေဆုတွင် ပထမဆုကို ရဲဘော်မြသိန်း(ဟိုပုန်း)၏ "ကျူရှင်နှင့် အခြားကလေး ဝတ္ထုတိုများ" ကလည်းကောင်း၊ ဒုတိယဆုကို နန္ဒာမိုးကြယ်၏ "မင်္ဂလာရှိသောနေ့ ကလေးကဗျာများ" ကလည်းကောင်း၊ တတိယဆုကို သန်းအောင်(အညာမြေ)၏ "ရွှေစင်နှစ်ပွင့်"ကလည်းကောင်း ရရှိကြသည်။

လူငယ်စာပေဆုတွင် ပထမဆုကို ဧပရယ်ယုနိုင် (ရွှေတောင်)၏ "ကိုယ်တိုင်ရေး ရောင်စုံပန်းချီကားတစ်ချပ်"က ရရှိသည်။

နိုင်ငံရေးစာပေဆုတွင် တတိယဆုကို မနွယ်နွယ်ဝင်း၏ "မြန်မာ့လွတ်လပ်ရေးမှတ်တိုင် ပြည်ခရိုင်(၁၉၂၀-၁၉၄၈)" က ရရှိသည်။

ပြဇာတ်စာပေဆုတွင် ဒုတိယဆုကို ဇင်မင်း(သမိန်ထော) ၏ "တောဟောဝန်လယ် တောင်စွယ် ဝေယံဦး" ကလည်းကောင်း၊ တတိယဆုကို မောင်(မကွေး)၏ "လှေခွက်ချည်းကျန် အလံမလဲဟေ့" ကလည်းကောင်း ရရှိကြသည်။

အင်္ဂလိပ်စာမူဆုတွင် ပထမဆုကို Dr. Saw Mra Aung ၏ "A Glimpse into Part of Ancient Myanmar History and Fundamental Buddhist Concepts" က ရရှိသည်။

ဘာသာပြန်ဆုတွင် ပထမဆုကို ဒီပံလင်း၏ "မြစ်နဒီတို့ ခမ်းခြောက်လေသောအခါ" က ရရှိသည်။

ဆုချီးမြှင့်ငွေများနှင့်ပတ်သက်၍ ယခင်က စာပေဗိမာန်စာမူဆုများကို ပထမဆု ၁ ဒသမ ၅ သိန်း၊ ဒုတိယဆု တစ်သိန်း၊ တတိယဆု ငွေကျပ် ၇၅၀၀၀ ချီးမြှင့်ခဲ့ရာမှ ယခုအစိုးရလက်ထက် ၂၀၁၁ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၂ ခုနှစ်တွင် တစ်ကြိမ် တိုးမြှင့်ချီးမြှင့်ခဲ့ပြီး ၂၀၁၃ ခုနှစ်မှစ၍ စာပေဗိမာန်စာမူဆုကို ပထမဆု ခုနစ်သိန်း၊ ဒုတိယဆု ငါးသိန်း၊ တတိယဆု သုံးသိန်းအထိ တိုးမြှင့်ချီးမြှင့်ခဲ့ရာ ယခုနှစ်တွင်လည်း ယခင်နှုန်းအတိုင်း ဆုများချီးမြှင့်သွားမည်ဖြစ်သည်။

စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့ကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများပါဝင်သော ပုဂ္ဂိုလ် ၃၂ ဦး ဖြင့် ဖွဲ့စည်းထားပြီး ၂၀၁၄ ခုနှစ်အတွက် ပြိုင်ပွဲသို့တင်သွင်းလာသော စာမူ ၂၁၂ ခုကို သက်ဆိုင်ရာဘာသာရပ်အလိုက်ခွဲခြားပြီး ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန်ရှိ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ တယ်လီဖုန်းအမှတ် ၀၁-၃၇၆၅၆၉၊ ၀၁-၃၇၄၅၃၂၊ ၀၁-၃၈၁၄၄၉ တို့သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅×၇)လက်မ ရောင်စုံဓာတ်ပုံနှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ နှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားရှိသည်။

အဆိုပါဆုများကို ဒီဇင်ဘာ ၁၂ ရက်(စနေနေ့)တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည့် အမျိုးသား စာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အန်ဂျလီနာဂျိုလီနှင့် ဘရက်ပစ်ထ်တို့၏ ရုပ်ရှင်သစ် "By the Sea"



"By the Sea" ရုပ်ရှင်သစ်မှာ ဟောလိဝုဒ်ရဲ့ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ အန်ဂျလီနာဂျိုလီနဲ့ ဘရက်ပစ်ထ်တို့ ဇနီး မောင်နှံနှစ်ဦး စလုံးပါဝင်သရုပ်ဆောင်ထားကြပါတယ်။ အဲဒီရုပ်ရှင်ရဲ့ ဇာတ်ဝင်ခန်း တစ်ခန်းမှာတော့ သူတို့မောင်နှံ နှစ်ဦး အပြင်းအထန်ရန်ဖြစ်ခဲ့ကြပေမယ့် အပြင်မှာတော့ သူတို့နှစ်ဦးဟာ ရန်ဖြစ်ခဲပါတယ်လို့ မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ မင်းသမီးဂျိုလီက ဆိုခဲ့ပါတယ်။

အဆိုပါရုပ်ရှင်မှာသူတို့နှစ်ဦးဟာ လမ်းခွဲခဲ့ကြတဲ့ ဇနီးမောင်နှံနှစ်ဦး အဖြစ် ဂျိုလီက ဗန်နက်စာနေရာမှလည်းကောင်း၊ ဘရက်ပစ်ထ်က ရိုလန်းဒ် နေရာမှလည်းကောင်း ပါဝင်သရုပ်ဆောင်ထားပါတယ်။ ယင်းရုပ်ရှင်ကို ပြီးခဲ့တဲ့သောကြာနေ့က ရုပ်ရှင်မိတ်ဆက်ပွဲပြုလုပ်ခဲ့ပြီး ပြသခဲ့ပါတယ်။

ဓင်းရုပ်ရှင်မိတ်ဆက်ပွဲမှာ ရုပ်ရှင်ကို အမြည်းသဘောအနေနဲ့ ဇာတ်ဝင်ခန်း အနည်းငယ်ကိုသာထုတ်လွှင့်ပြသခဲ့တဲ့အတွက် ဇာတ်အိမ်ကိုခြုံငုံမိခြင်းမရှိသည်နှင့်ပတ်သက်ပြီး ဂျိုလီက 'ကျွန်မရဲ့ပရိသတ်ကိုရုပ်ရှင်သစ်မိတ်ဆက်တဲ့အခါ ရုပ်ရှင်သစ်နဲ့ပတ်သက်တဲ့ သဲလွန်စလေးတွေပေးမယ်။ သူတို့ကို ရုပ်ရှင်တစ်ခုလုံးကြည့်ပြီးသွားသလိုခံစားရလာအောင်၊ ဒါမှမဟုတ်ကြည့်ရတာပျင်းရိငြီးငွေ့လာအောင်ဘယ်တော့မှ မလုပ်ချင်ဘူး။ ကျွန်မကိုယ်တိုင်ကလည်းရုပ်ရှင်တစ်ခုလုံးကို ပြသသွားတဲ့ ရုပ်ရှင်မိတ်ဆက်ပွဲတွေကိုမကြိုက်ဘူး။ မိတ်ဆက်ပြသတာကို ကြည့်ပြီးတဲ့အချိန်မှာ သိချင်တာတွေ၊ မေးခွန်းတွေကျန်ရစ်ခဲ့တဲ့ ရုပ်ရှင်မျိုးကို ကြိုက်တာ။ အခုပြသသွားတာ ကျွန်မဖြစ်ချင်တဲ့ပုံစံနဲ့ တစ်ထပ်တည်းပါပဲ"လို့ Entertainment Weekly.comကို ပြောကြားခဲ့ပါတယ်။

ယင်းမိတ်ဆက်ပွဲမှာ ပြသခဲ့တဲ့ ရုပ်ရှင်ရဲ့အစမှာ ဘရက်ပစ်ထ်ဟာ ပင်လယ်ကမ်းခြေမှာ တစ်ယောက်တည်းထိုင်နေပါတယ်။ အဲဒီနောက်မှာတော့ သူတို့ဇနီးမောင်နှံနှစ်ဦးတစ်ယောက်တစ်နေရာဆီမှာရှိနေပြီးအချိန်တွေကို ကုန်ဆုံးစေတာကိုပြသခဲ့ပါတယ်။ ဘရက်ပစ်ထ်ဟာလက်ဖက်ရည်ဆိုင်မှာအချိန်ဖြုန်းနေပြီး ဂျိုလီကတော့ သူ့အခန်းရှေ့က လသာဆောင်မှာဆေးလိပ်တစ်လိပ်ကိုရှိုက်နေပါတယ်။ ရုပ်ရှင်တစ်ခုလုံးကတော့ သနားစရာ၊ ထိတ်လန့်စရာ၊ ရန်ဖြစ်သတ်ပုတ်တာတွေနဲ့ ပြည့်နေခဲ့ပါတယ်။

အဆိုပါရုပ်ရှင် 'By the Sea'ကို အမေရိကန်နိုင်ငံတစ်ဝန်းမှာ နိုဝင်ဘာ ၁၃ရက်ကစတင်ပြီး ရုံတင်ပြသသွားမှာ ဖြစ်ကာ အင်္ဂလန်မှာတော့ ဒီဇင်ဘာ ၁၁ရက်မှာ စတင်ရုံတင်သွားမှာဖြစ်ပါတယ်။

ယခုရုပ်ရှင်ဟာ ဘရက်ပစ်ထ်တို့မောင်နှံအတွက် ဒုတိယမြောက်ရုပ်ရှင်ပါ။သူတို့မောင်နှံနှစ်ဦးဟာ ၂၀၀၅ ခုနှစ်ကထုတ်လွှင့်ပြသခဲ့တဲ့ 'Mr. & Mrs. Smith'ရုပ်ရှင်မှာလည်း ဇနီးမောင်နှံအဖြစ်အတူတွဲဖက်သရုပ်ဆောင်ခဲ့ပြီးယင်းရုပ်ရှင်ဟာ အတိုင်းအတာတစ်ခုအထိ အောင်မြင်ခဲ့ပါတယ်။

# ကိုယ်ပိုင်လေယာဉ် မတော်တဆပျက်ကျခဲ့ပြီးနောက် သတိမေ့ရောဂါခံစားလာရတဲ့ ဟယ်ရီစင်ဖို့ဒ်





ဟောလိဝုဒ်ရဲ့ အထင်ကရမင်းသားကြီးတစ်ဦးဖြစ်တဲ့ ဟယ်ရီစင်ဖို့ဒ်ဟာ ပြီးခဲ့တဲ့မတ်လအတွင်းက သူ့ရဲ့ကိုယ်ပိုင်လေယာဉ် ပျက်ကျခဲ့ပါတယ်။ လေယာဉ်ပျက်ကျခြင်းဟာ သေစေနိုင်လောက်ပေမယ့် မင်းသားကတော့ သေကံမရောက်၊ သက်မပျောက်ခဲ့ပါဘူး။ ဒါပေမယ့် ဒဏ်ရာတော်တော်ရသွားခဲ့တာမို့ ဆေးရုံတက်ရောက်ကာ ကုသမှုခံယူခဲ့ရပြီးနောက်ပိုင်းမှာလည်း သတိမေ့တဲ့ရောဂါကိုခံစားလာရကြောင်း ပြီးခဲ့တဲ့ကြာသပတေးနေ့က ပြုလုပ်ခဲ့တဲ့ ရုပ်သံအစီအစဉ်တစ်ခုရဲ့အင်တာဗျူးမှာ ဖို့ဒ်ကပြောကြားခဲ့ပါတယ်။

ဆရာဝန်တွေရဲ့ပြောကြားချက်အရ ယင်းကဲ့သို့ သတိမေ့တတ်လာခြင်းဟာ ဆေးကုသမှုခံယူခဲ့စဉ်ကအသုံးပြုခဲ့ရတဲ့ ထုံဆေးတွေရဲ့ အကျိုးဆက်ကြောင့် ဖြစ်တယ်လို့ အသက် (၇၃)နှစ်အရွယ် ဖို့ဒ်ကဆိုခဲ့ပါတယ်။

ဆက်လက်ပြီး'Star Wars' မင်းသားကြီးကသူ့အနေဖြင့် လေယာဉ်ပျက်မကျမီစက်ရပ်သွားခဲ့ပြီး သူကိုယ်တိုင် ဆက်သွယ်ရေးစခန်းသို့အကြောင်းကြားကာ အကြံဉာဏ်တောင်းခံခဲ့သည်ကိုမှတ်မိကြောင်း၊ သို့သော် နောက်ထပ်ဖြစ်သည့်အကြောင်းအရာများနှင့် မည်သို့ပျက်ကျသွားသည်ကိုမမှတ်မိတော့ကြောင်း ယင်းမတော်တဆမှုနှင့်ပတ်သက်ပြီး ပြန်ပြောင်းပြောပြခဲ့ပါတယ်။

# ဟောလိုးဝင်းပွဲတော်အတွင်း စတိဗ်ဂျော့စ်လိုဝတ်ဆင်ခဲ့တဲ့ ချာစီဝမ်



တောင်ကိုရီးယားတေးဂီတအဖွဲ့ 'Super Junior'မှ အဖွဲ့ဝင်တစ်ဦးလည်းဖြစ် သရုပ်ဆောင်တစ်ဦးလည်းဖြစ်သော ချာစီဝမ်သည် ဟောလိုးဝင်းပွဲတော်အတွင်း Apple ကုမ္ပဏီကို စတင်တည်ထောင်ခဲ့သူတစ်ဦးဖြစ်သည့် စတိဗ်ဂျော့စ်၏ ဝတ်စားဆင်ယင်မှုပုံစံအတိုင်း ဝတ်ဆင်ခဲ့ကာ သူ၏အေဂျင်စီဖြစ်သော SM Entertainment က ကျင်းပခဲ့သည့် ဟောလိုးဝင်းပွဲတော်အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ချာစီဝမ်က အောက်တိုဘာ ၃၀ရက်က ပြုလုပ်ခဲ့သော ယင်းအခမ်းအနားသို့ တက်ရောက်ရန်အသွားတွင် စတိဗ်ဂျော့စ်ကဲ့သို့ ဝတ်ဆင်ရိုက်ကူးထားသော ဓာတ်ပုံကိုသူ၏ အင်တာဂရမ်စာမျက်နှာပေါ်မှတစ်ဆင့် ဖော်ပြခဲ့သည်။

ချာစီဝမ်သည် စတိဗ်ဂျော့ပ်၏ ဝတ်စားဆင်ယင်ပုံကို တုပရန် ဆံပင်ကိုနောက်သို့လှန်ဖြီးကာ မျက်မှန်ဝတ်ဆင်ခဲ့သည်။ ထို့နောက် ဂျော့စ်၏အကြိုက်ဖြစ်သောရိုးရိုးရှင်းရှင်းအနက်ရောင်ရှပ်အင်္ကျီကို ဂျင်းဘောင်းဘီရှည်နှင့် တွဲဖက်ဝတ်ဆင်လျက် တင်းနစ်ဖိနပ်ကိုစီးခဲ့သည်။

လတ်တလောတွင် ချာစီဝမ်သည် ခေါင်းဆောင်မင်းသမီးကင်ရှင်ဟွတ်နှင့် တွဲဖက်ရိုက်ကူးခဲ့သည့် အမ်ဘီစီရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသလျက်ရှိသော "She was Pretty"ဇာတ်လမ်းဖြင့် သရုပ်ဆောင်တစ်ဦးအဖြစ်လည်းပရိသတ်၏ အားပေးမှုကိုအခိုင်အမာရရှိနေသည်။

အေးပြည့်-စုစည်းသည်

## ရုပ်မြင်သံကြားအစီအစဉ်များ

၁ - ၁၁ - ၂၀၁၅ (တနင်္ဂနွေနေ့)

### MRTV - 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၄၀ "မဟာသတိပဋ္ဌာနသုတ္တန်" (အပိုင်း-၂)တရားတော် [ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရာဘိဝံသ]
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (ဖွဲ့လုပ်ငန်းစု ဆီမီး(၉၀၀၀) ကပ်လှူပူဇော်ပွဲ အခမ်းအနား)
၈း၀၀ Cartoon Series (English Play ground)
၈း၄၀ Cartoon Series(Go Torara Go)
၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၂၁)
၉း၄၀ Weekly Sports Diary
၁၀း၅၅ Crown Couple Award 2015
၁၁း၀၅ Star တို့ရဲ့လက်ရာ
၁၁း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
၁၁း၃၀ MRTV-4 Stage
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း-၃၁+၃၂)
၂း၂၀ Sunday Talk (ပါမောက္ခ ဦးခင်မောင်ချို၊ ဦးမျိုးမြတ်သူ)
၃း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ"(အပုင်း-၁၀၀)
၄း၀၀ မြန်မာ့ရွှေနဂါး စိုက်ပျိုးရေးစွမ်းအားစု(၁၁)နှစ်ပြည့် ဂုဏ်ပြုညစာစားပွဲ
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၁၀၁)
၇း၃၀ Fashion Week(Thwin Su Htwe)
၇း၅၀ Myanmar's Got Talent
၉း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၂၂)
၁၀း၁၅ Girl Collection Feat: SEAN KINGSTON [Fashion & Music Festival Show(Part-1)]
၁၁း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း-၃၃+၃၄)
၀၀း၄၅ World of Knowledge
၃း၂၀ စိတ်၏ကကြိုး
၀၄း၄၅ တန်ခိုးကြီးမားဘုရားစေတီပုထိုးများ (ဆယ်တော်မူစေတီတော်မြတ်ကြီး)

### မြဝတီ

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၂၅ ဓမ္မပူဇာတေး
၆း၃၀ ကိုယ်လက်လှုပ်ရှား အားကစား
၆း၃၅ မျိုးချစ်တပ်မတော်
၆း၅၀ မှတ်တမ်း
၆း၄၅ မြန်မာသံစဉ်ချိုနားဝင်
၈း၁၅ စိုက်ပျိုးသုတ
၈း၂၅ DVD Hits
၈း၃၅ အင်္ဂလိပ်စာသုတ
၈း၅၅ မြန်မာပြည်တွင်ထုတ်လုပ်သည်
၁၁း၀၀ English For Myanmar
၁၁း၀၈ မျိုးချစ်တပ်မတော်
၁၁း၁၅ Lucky Door
၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - စာရေးဆရာမလေးနဲ့ ကျွန်တော်
၁၃း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာသင်္ချေ (အပိုင်း-၅)
၁၄း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
၄း၁၅ မြန်မာသံစဉ်ချိုနားဝင်
၄း၂၅ လှုပ်တစ်ပြက်
၄း၃၅ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၅၅ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂါလီမာ (အပိုင်း-၇၅)
၅း၄၀ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၁၀ ဘဝကြေးမုံ
၆း၃၅ လူစွန့်စားခရီးသွားနေသည်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂျောင်းဒိုဂွန်း အပိုင်း(၄၃)
- VOA အင်္ဂလိပ်စာသင်ခန်းစာ
- ပဟေဠိနန်းတော်
- ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ရာဇဝင်တွင်မည့်နိမိတ်သခင် အပိုင်း(၁၄)

### mitv

07:03 News
07:26 The Richly Blessed Gem Land
07:51 MONASTERY (Shwe In-Pin Kyaung)
08:03 News
08:26 The Man and The Elephant (Part-1)
08:41 The Man and The Elephant (Part-2)
08:56 Myanmar General Election 2015 "Ambassador of UK"
09:03 News
09:26 To The Land Of Countless Temples - Bagan Trip (EP-1)
09:52 Myanmar Street Food
10:03 News
10:26 A Street Vendor "Spreading Knowledge
07:03 News
07:25 Let's Cook (EP-8) Caesar Salad and Scrumptious Crackers with Assorted Toppings
07:50 Today Myanmar: Technology in Election
08:03 News
08:26 Sai Htee Hseng Or An Exceptional Music Star From Shan Plateaus (Ep-3)
08:53 Myanmar Masterclass "Aung Thiha"

| နိုဝင်ဘာ ၁/၂ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ | | |
|---|---|---|
| **ပရီမီယာလိဂ် ပွဲစဉ် (၁၁)** | | |
| အဲဗာတန် - ဆန်းဒါးလန်း | | ည-၈း၀၀ |
| ဆောက်သမ်တန် - ဘုန်းမောက် | | ည-၁၀း၃၀ |
| **စီးရီးအေ ပွဲစဉ် (၁၁)** | | |
| ဖီအိုရင်တီးနား - ဖရိုစီနီ | | ည-၆း၀၀ |
| ဘိုလော့နာ - အတ္တလန္တာ | | ည-၈း၃၀ |
| ဂျီနိုအာ - နာပိုလီ | | ည-၈း၃၀ |
| ကာပီ - ဗီရိုနာ | | ည-၈း၃၀ |
| အူဒီးနီးစ် - ဆာစူအိုလို | | ည-၈း၃၀ |
| လာဇီယို - အေစီမီလန် | | နံနက်-၂း၁၅ |
| **လာလီဂါ ပွဲစဉ် (၁၀)** | | |
| အီဘား - ဗယ်လက်ကာနို | | ညနေ-၅း၃၀ |
| အက်စပန်ညို - ဂရန်နာဒါ | | ည-၉း၃၀ |
| စပို့တင်းဂီဂျွန် - မာလာဂါ | | ည-၁၁း၄၅ |
| ဘက်တစ် - ဘီဘာအို | | နံနက်-၂း၀၀ |
| **ဘွန်ဒက်လီဂါ ပွဲစဉ် (၁၁)** | | |
| စတုဂတ် - ဒမ်စတက် | | ည-၉း၀၀ |
| ဟမ်းဘတ် - ဟန်နိုဗာ | | ည-၁၁း၀၀ |
| **ပြင်သစ်လီဂူး ပွဲစဉ် (၁၀)** | | |
| နိုက်စ် - လိုင်လီ | | ည-၇း၃၀ |
| မိုနာကို - အန်ဂါးစ် | | ည-၁၀း၃၀ |

| အောက်တိုဘာ ၃၁ ရက်နေ့ အနိုင်/အရှုံးရလဒ်များ | | | |
|---|---|---|---|
| **ပရီမီယာလိဂ် ပွဲစဉ် (၁၁)** | | | |
| ချယ်လ်ဆီး | ၁ - ၃ | လီဗာပူး | |
| ဆွမ်ဆီး | ၀ - ၃ | အာဆင်နယ် | |
| ဝက်စ်ဘရွန်း | ၂ - ၃ | လက်စတာ | |
| ခရစ္စတယ်ပဲလေ့စ် | ၀ - ၀ | မန်ယူ | |
| မန်စီးတီး | ၂ - ၁ | နော်ဝှစ်ချ် | |
| နယူးကာဆယ် | ၀ - ၀ | စတုတ် | |
| ဝက်ဖို့ဒ် | ၂ - ၀ | ဝက်စ်ဟမ်း | |
| **လာလီဂါ ပွဲစဉ် (၁၀)** | | | |
| ဒီပို့တီဗို | ၁ - ၁ | အက်သလက် | |
| ရီးယဲလ်မက်ဒရစ် | ၃ - ၁ | လက်စ်ပါမက်စ် | |
| **ဘွန်ဒက်လီဂါ ပွဲစဉ် (၁၁)** | | | |
| ဖရန့်ဖတ် | ၀ - ၀ | ဘိုင်ယန်မြူနစ် | |
| ရှော်ကေး | ၁ - ၁ | အင်ဂေါ့စတက် | |
| အော့စ်ဘတ် | ၃ - ၃ | မိန့်ဇ် | |
| ဝါဒါဘရီမင် | ၁ - ၃ | ဒေါ့မွန် | |
| ကိုလုံး | ၀ - ၀ | ဟော့ဖန်ဟိမ်း | |
| ဟာသာဘာလင် | ၁ - ၄ | မိုချင်ဂလက်ဘတ် | |
| **ပြင်သစ်လီဂူး ပွဲစဉ် (၁၀)** | | | |
| ရင်းနက်စ် | ၀ - ၁ | ပီအက်စ်ဂျီ | |

[မောင်မောင်ဇော်]

# အာရှမြင်းစီးဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်ဥက္ကဋ္ဌခန့်အပ်ခံရ

**ရန်ကုန် အောက်တိုဘာ ၃၁**

(၂၈)ကြိမ်မြောက် အာရှမြင်းစီးအဖွဲ့ချုပ် (AEFF)၏ အထွေထွေညီလာခံကို ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် အောက်တိုဘာ ၂၈ ရက်က ကျင်းပခဲ့ရာ အာရှနိုင်ငံများရှိ မြင်းစီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။ အာရှမြင်းစီးအဖွဲ့ချုပ်၏ ဥက္ကဋ္ဌသစ်အဖြစ် ကိုရီးယားနိုင်ငံ ဆမ်ဆောင်းကုမ္ပဏီ၏ ဥက္ကဋ္ဌဖြစ်သူ မစ္စတာပတ်ဆန်ဂျင်အား ရွေးချယ်ခဲ့ပြီး အဖွဲ့ဝင်ပေါင်း ၁၉ ဦးဖြင့် ဗျူရိုအားအသစ်ပြန်လည်ရွေးချယ်ဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖြစ်သူ ဦးပြုံးမောင်မောင်အား ဗျူရိုအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးအဖြစ်ရွေးချယ်ခဲ့ပြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ဥက္ကဋ္ဌ အဖြစ်ပါ ပူးတွဲတာဝန်ပေးအပ်ခဲ့ကြောင်းသိရသည်။ အာရှမြင်းစီးအဖွဲ့ချုပ်တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၃၃ နိုင်ငံပါဝင်ပြီး အရှေ့အာရှဇုန်၊ အရှေ့တောင်အာရှဇုန်၊ မြောက်အာရှဇုန်၊ တောင်အာရှဇုန်၊ အရှေ့အလယ်ပိုင်းဇုန်ဟူ၍ ဇုန်ငါးဇုန်ခွဲကာ တာဝန်များ သတ်မှတ်ထားပြီး ဇုန်အလိုက်ဖွံ့ဖြိုးတိုးတက်ရေးများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးပြုံးမောင်မောင်က ပြောကြားသည်။

မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ် အနေဖြင့် ၂၀၁၆နှစ်ဆန်းပိုင်းတွင်အသက်(၁၄)နှစ်မှ (၁၅)နှစ်အရွယ် အဋ္ဌမတန်းကျောင်းသား ၃၀ ကို မြန်မာမြင်းစီးအကယ်ဒမီတွင် ရွေးချယ်ကာ သင်တန်းများစတင်ပေး သွားမည်ဖြစ်ကြောင်း၊ အဆိုပါ မြင်းစီးအကယ်ဒမီကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# ရီးယဲလ်ကိုပြန်ရောက်ဦးမှာလား မော်ရင်ဟို




ချယ်လ်ဆီးရဲ့ ရာသီအစရလဒ်ဆိုးတွေကြောင့် အနာဂတ်မရေမရာ အနေအထားတွေနဲ့ ကြုံတွေ့နေရတဲ့ နည်းပြ မော်ရင်ဟိုကို ရီးယဲလ်က ခေါ်ယူဖို့ စိတ်ဝင်စားနေပြီး တကယ်လို့မော်ရင်ဟို ချယ်လ်ဆီးနဲ့ လမ်းခွဲဖြစ်ခဲ့ရင် ရီးယဲလ်က ခေါ်ယူဖို့ ပြင်ဆင်နေပြီဖြစ်ပါတယ်။ ရီးယဲလ်က နည်းပြအန်စလော့တီထွက်ခွာသွားပြီးနောက်မှာ မော်ရင်ဟိုကို ခေါ်ယူဖို့ ပထမဦးစားပေးအဖြစ် ကမ်းလှမ်းခဲ့ပေမယ့် အဲဒီတုန်းက မော်ရင်ဟိုဟာ ချယ်လ်ဆီးနဲ့ စာချုပ်သက်တမ်းရှိနေသေးတဲ့အတွက် ရီးယဲလ်ရဲ့ ကမ်းလှမ်းမှုတွေကို ငြင်းပယ်ခဲ့ပါတယ်။

အဲဒီနောက်ပိုင်း ရီးယဲလ်က ဂျာဂင်ကလော့နဲ့ ဂျိုအာချင်လိုတို့ကို ခေါ်ယူဖို့ ကမ်းလှမ်းခဲ့ပေမယ့် သူတို့နှစ်ဦးလုံးကဖိအားများတဲ့ ရီးယဲလ်နည်းပြဘဝကိုမလုပ်လိုကြတဲ့အတွက် နောက်ဆုံးမှာ မက်ဒရစ်ဇာတိဖြစ်တဲ့ ဘင်နီတက်ဇ်ကိုသာ ခန့်အပ်ခံရတာဖြစ်တယ်လို့ ယခင်ရီးယဲလ်ဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့တဲ့ကယ်လ်ဒါရွန်က ဆိုပါတယ်။ဘင်နီတက်ဇ်လက်ထက်မှာ ရီးယဲလ်က လာလီဂါမှာ ၁၀ပွဲ ကစားပြီး ခုနစ်ပွဲနိုင်၊ သုံးပွဲသရေနဲ့ အမှတ်ပေးဇယားအဆင့်(၁)နေရာမှာရပ်တည်နေပေမယ့် ဘင်နီတက်ဇ်ရဲ့ ခံစစ်ဦးစားပေးနည်းဗျူဟာအပေါ် ရီးယဲလ်ဥက္ကဋ္ဌ ပီရက်ဇ်က နှစ်သက်ခြင်းမရှိဘဲ တကယ်လို့ မော်ရင်ဟိုနဲ့ ချယ်လ်ဆီးတို့ လမ်းခွဲဖြစ်ခဲ့ရင် အသင့်ခေါ်ယူဖို့ ခြေလှမ်းပြင်နေပြီဖြစ်ပါတယ်။

မော်ရင်ဟိုက ၂၀၁၃မှာ ရီးယဲလ်နည်းပြအဖြစ်က နုတ်ထွက်ခဲ့ပြီးနောက် ချယ်လ်ဆီးကို ပြန်လည်ကိုင်တွယ်ခဲ့ရာမှာ သူဟာ ချယ်လ်ဆီးအတွက် ထာဝရအသင့်လျော်ဆုံးနည်းပြအဖြစ်ကိုယ့်ကိုယ်ကိုယ်အမြဲဂုဏ်ယူစွာ ဆိုခဲ့သူပါ။ ဒါပေမယ့်လည်း ဒီနှစ် ရာသီအစရလဒ်တွေဆိုးရွားနေပြီး အရှုံးသံသရာထဲက ရုန်းမထွက်နိုင်သေးတာကြောင့် ချယ်လ်ဆီးနဲ့ လမ်းခွဲရတော့မယ့်အနေအထားပါ။

မော်ရင်ဟိုက သူဟာ သူ့အနာဂတ်နဲ့ ပတ်သက်ပြီး ဘယ်တုန်းကမှ စိုးရိမ်ပူပန်ခြင်းမရှိပေမယ့် ရလဒ်တွေအတွက်တော့ စိုးရိမ်စိတ်ဖြစ်မိပါတယ်လို့ ပြောကြားထားခဲ့တော့ သူက ချယ်လ်ဆီးနဲ့ လမ်းခွဲဖြစ်ရင်လည်း အခြားအသင်းတစ်သင်းကို ပြောင်းရွှေ့ဖို့ ယတိပြတ်ဆုံးဖြတ်ထားတဲ့ပုံပါပဲ။ မော်ရင်ဟိုက ချယ်လ်ဆီးကနေထွက်ခွာဖြစ်ရင် တပည့်ဖြစ်သူ အေဒင်ဟာဇက်ကိုလည်း တစ်ပါတည်းခေါ်ယူလိုတဲ့အတွက် သူတို့ဆရာတပည့်နှစ်ဦးကို တစ်ပြိုင်နက်တည်းခေါ်ယူချင်နေတဲ့ ရီးယဲလ်(သို့မဟုတ်) ပီအက်စ်ဂျီကိုသာ ပြောင်းရွှေ့ဖို့ အလားအလာများနေပါတယ်။

ဒါပေမယ့် တစ်ဖက်မှာ ဘင်နီတက်ဇ်နဲ့ ရီးယဲလ်ကလည်းစာချုပ်သက်တမ်း ကျန်ရှိနေသေးသလို ရလဒ်တွေလည်း ကောင်းမွန်နေဆဲဖြစ်တာကြောင့် ရီးယဲလ်အနေနဲ့ မော်ရင်ဟိုကိုခေါ်ယူချင်လည်း ရာသီတစ်ဝက်တစ်ပျက်နဲ့ ခေါ်ယူဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။မော်ရင်ဟိုကတော့ အသင်းတစ်သင်းကနေ အရှုံးနဲ့ မထွက်ခွာလိုတာကြောင့် ချယ်လ်ဆီးကို ဆက်လက်ကိုင်တွယ်ဖို့သာ စိတ်ဆန္ဒပြင်းပြနေပါတယ်။ ဒါပေမယ့် ရလဒ်တွေဒီလောက်ဆိုးရွားနေတဲ့ နည်းပြတစ်ဦးကို ငွေကြေးတွေပုံအောမြှုပ်နှံထားတဲ့ အသင်းပိုင်ရှင်တစ်ဦးက အသင်းကိုဆက်ပြီး ကိုင်တွယ်ခိုင်းဖို့ဆိုတာဖြစ်နိုင်ခြေနည်းသွားပါပြီ။ လီဗာပူးနဲ့ပွဲမှာ ရလဒ်ကောင်းတစ်ခုကို မဖော်ဆောင်နိုင်ခဲ့ရင် မော်ရင်ဟိုကို ထုတ်ပယ်မယ်လို့သတင်းတွေထွက်ပေါ်နေပါတယ်။

ဒါပေမယ့် လီဗာပူးကို နိုင်ခဲ့ရင်တောင် နိုင်ပွဲတစ်ပွဲရရုံနဲ့ တစ်ရာသီလုံး ယုံယုံကြည်ကြည်နဲ့ ဆက်ပြီး ကိုင်တွယ်ခိုင်းဖို့ဆိုတာ မဖြစ်နိုင်တာကြောင့် မော်ရင်ဟိုရဲ့ လားရာဟာ ရီးယဲလ် ဖြစ်ဖို့သာ အလားအလာများနေပြီဖြစ်ပါတယ်။

**ရွှင်ယန်ဟေဒင်**

# တိုက်စစ်မှူးနေမာမှာ ခေါင်းတိုက်ဂိုးမသွင်းတတ်သူဟု ပီလီ ပြောကြား

ဘရာဇီးလက်ရွေးစင်အသင်း၌ ဘာစီလိုနာတိုက်စစ်မှူး နေမာထက် စွမ်းဆောင်ရည်ကောင်းသည့် ကစားသမားအများအပြားရှိကြောင်းနှင့် တိုက်စစ်မှူးနေမာမှာ ခေါင်းကိုအသုံးပြုကာ မကာကွယ်နိုင်သည့်အပြင် ခေါင်းတိုက်၍လည်း ဂိုးမသွင်းတတ်ကြောင်း ဘရာဇီးဂန္ထဝင်ကစားသမားတစ်ဦးဖြစ်သည့် ပီလီက ၎င်း၏ ယုံကြည်ချက်ကို ဖွင့်ဟပြောကြားခဲ့သည်။



ဘာစီလိုနာတိုက်စစ်မှူး နေမာသည် ဘရာဇီးလက်ရွေးစင်အသင်းတွင် အားထားရသည့် ကစားသမားတစ်ဦး ဖြစ်သည့်အပြင် ကမ္ဘာ့အကောင်းဆုံးကစားသမားတစ်ဦးလည်း ဖြစ်လာနိုင်ဖွယ်ရှိသူဖြစ်သည်။ သို့ရာတွင် ဘရာဇီးအသင်းနှင့် ကမ္ဘာ့ဖလားသုံးကြိမ်အထိရယူဆွတ်ခူးထားနိုင်ခဲ့သည့် ပီလီကမူ တိုက်စစ်မှူးနေမာသည်လက်ရှိကစားလျက်ရှိသော ဘာစီလိုနာအသင်းတွင် ခြေစွမ်းကောင်းပြသနိုင်သည်ကို သိရှိထားကြောင်း၊ သို့ရာတွင် ကမ္ဘာ့အဆင့်ရှိ ကစားသမားတစ်ဦးအဖြစ် ယုံကြည်ထားခြင်း မရှိကြောင်း ပြောကြားခဲ့သည်။

"တိုက်စစ်မှူးနေမာဟာ ကမ္ဘာ့အကောင်းဆုံးကစားသမားအဆင့်ရှိတယ်ဆိုရင် နေမာရဲ့ဘဝတစ်လျှောက် ခေါင်းတိုက်ဂိုးသွင်းယူနိုင်ခဲ့တဲ့ သွင်းဂိုးဘယ်လောက်ရှိသလဲ"ဟု ဘရာဇီးဂန္ထဝင်ကစားသမားတစ်ဦးဖြစ်သည့် ပီလီက Placarနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားခဲ့သည်။

"နေမာဟာ တိုက်စစ်သီးသန့်ကစားသမားပါ။ သူဟာ ရှေ့မှာပဲ ကစားတတ်တယ်။ နောက်တန်းကိုဆင်းပြီး သူမကစားတတ်ဘူး။ အဲဒီလို အားနည်းချက်တွေရှိနေတာမို့ အခြား ကစားသမားတွေနဲ့ ယှဉ်နိုင်ဖို့ ခက်ခဲပါတယ်။ ဒါပေမယ့် ဘရာဇီးအသင်းမှာတော့ အသင်းရဲ့ အဓိကဇာတ်ကောင်ပါ"ဟု ဘရာဇီးဂန္ထဝင်ကစားသမားတစ်ဦးဖြစ်သည့် ပီလီက ပြောကြားခဲ့သည်။

**ငွေကြယ်**

# မန်ယူမှာကစားရတဲ့အချိန်တွေက ငရဲခန်းပါပဲလို့ ဇာဟာရင်ဖွင့်

ခရစ္စတယ်ပဲလေ့စ်တိုက်စစ်မှူး ဇာဟာက ၎င်း၏ မန်ယူကစားသမားဘဝတွင် စိတ်ပျက်ဖွယ်ရာ အဖြစ်ဆိုးများသာ ကြုံတွေ့ခဲ့ရသလို ကောလာဟလများကြောင့် စိတ်ဓာတ်ကျဆင်းမှုများ ခံစားခဲ့ရသည်ဟု ထုတ်ဖော်ခဲ့သည်။ မန်ယူ၏ ဂန္ထဝင်နည်းပြဖြစ်သူ ဆာအဲလက်စ်ဖာဂူဆန် နောက်ဆုံးခေါ်ယူခဲ့သည့် တိုက်စစ်မှူးဇာဟာမှာ နည်းပြမိုရက်စ်လက်ထက်တွင် ရာသီကြိုခြေစမ်းပွဲများ၌သာ ဝင်ရောက်ကစားခဲ့ရပြီး ဝီဂန်အားရင်ဆိုင်ခဲ့ရသည့် ကွန်မြူနတီဖလားပွဲစဉ်တစ်ပွဲတွင်သာ ဝင်ရောက်ကစားခွင့်ရခဲ့သည်။ သို့သော် ဇာဟာက ပဲလေ့စ်တွင်မူ သူ၏ အကောင်းဆုံးခြေစွမ်းရရှိနေပြီဖြစ်သလို မန်ယူမှ အိပ်မက်ဆိုးများအားလုံးကို အပြီးတိုင် အဆုံးသတ်နိုင်ခဲ့ပြီဟုလည်း အင်တာဗျူးတစ်ခုတွင်ပြောကြားခဲ့သည်။

ဇာဟာမှာ နည်းပြမိုရက်စ်၏သမီးဖြစ်သူနှင့်အတူ အိပ်စက်ခဲ့သည်ဆိုသော သတင်းများကြောင့် မန်ယူ ပရိသတ်များနှင့် မီဒီယာများ၏သားကောင်ဖြစ်ခဲ့ရပြီး နောက်ဆုံး မန်ယူကို စွန့်ခွာခဲ့ရသည်အထိ ဖြစ်ခဲ့ရသူဖြစ်သည်။ သို့သော် ဇာဟာက ၎င်းမှာ မိုရက်စ်၏ သမီးဖြစ်သူနှင့် အတူအိပ်စက်ခဲ့ခြင်းမရှိသလို စိတ်ယုတ်မာရှိသူတစ်ဦးလည်း မဟုတ်ကြောင်း ပြန်လည်ဖြေရှင်းခဲ့သည်။

**မေလှဲ့သင်း**

# အထူးဂုဏ်ပြုကျေးဇူးတင်လွှာ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပခဲ့သည့် Ooredoo MNL 2015
အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ၄ ကြိမ်မြောက်ချန်ပီယံ
ရန်ကုန်ယူနိုက်တက်အသင်းနှင့်
၂၀၁၅ မြန်မာနေရှင်နယ်လိဂ်အသက် ၂၁ နှစ်အောက် လူငယ်အမှတ်ပေးထပ်ဆင့်ချန်ပီယံ
ရန်ကုန်ယူနိုက်တက်လူငယ်အသင်းတို့အား
အဘက်ဘက်မှ ကူညီပံ့ပိုးခဲ့ကြပါသော
ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊
ရန်ကုန်တိုင်းဒေသကြီးမြို့မိမြို့ဖများ၊ ရန်ကုန်ယူနိုက်တက်ဘောလုံးအသင်းအား
ကိုယ်တိုင်ကိုယ်ကျ လာရောက်အားပေးသောအမာခံပရိသတ်များ၊
ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မှုကို ကြည့်ရှုအားပေးခဲ့ကြသော
အနယ်နယ်အရပ်ရပ်မှ ပရိသတ်များနှင့် Online မှ တစ်ဆင့် ကြည့်ရှုအားပေးခဲ့ကြသော
အဝေးရောက်ပရိသတ်များ၊ အသင်းအတွက်အကောင်းဆုံးပံ့ပိုးအားပေးခဲ့သော
Htoo Group of Companies မှ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌများနှင့် ဝန်ထမ်းများ၊
Main Sponsorအဖြစ် ကူညီပံ့ပိုးပေးခဲ့သော First National Insurance၊
Co Sponsorအဖြစ် ကူညီပံ့ပိုးပေးခဲ့သော Elite Tech၊ Mingalardon Cargo
Services၊ Apex Petroleum၊ Air Bagan Air Line၊ Elite Express၊ Panasonic၊
AGD Bank၊ Kandawgyi Palace Hotel၊ 100 Plus၊ Bagan Innovation၊
Grand Sport၊ KTM RO Drinking Water၊ Garnier Men၊
မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက၊ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ၊
ဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း • • •

ရန်ကုန်ယူနိုက်တက်ဘောလုံးအသင်း

# ယောဓလေ့ပွဲတော်တစ်ခုဖြစ်သည့် သနပ်ခါးပါးတို့ပွဲ ဆောမြို့နယ်တွင်ကျင်းပ

**ဆော အောက်တိုဘာ ၃၁**

ဂန့်ဂေါခရိုင် ဆောမြို့၌ အောက်တိုဘာ ၂၇ ရက်က ယောဓလေ့ပွဲတော်တစ်ခုဖြစ်သည့် မီးကြာလှည့်ပွဲနှင့် သနပ်ခါးပါးတို့ပွဲကျင်းပရာ အနီးပတ်ဝန်းကျင် ရပ်ကွက်၊ ကျေးရွာများမှ လူငယ်မောင်မယ် ၅၀၀၀ ကျော်တို့ ပါဝင်ဆင်နွှဲခဲ့ကြသည်။

အဆိုပါပွဲတော်ကို ဝါလကင်းလွတ်သည့်ကာလမှ တန်ဆောင်မုန်းလပြည့်နေ့အထိ သင့်တော်ရာနေ့ရက်တွင် နှစ်စဉ်ကျင်းပလေ့ရှိပြီး အဆိုပါပွဲတော်၌ ဝက်ပါလှည့်၍ ပူဇော်ခြင်း၊ ဗုဒ္ဓဆင်းတုတော်များ ဒေသစာရီ လှည့်လည်ပူဇော်ခံခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပခြင်း၊ မီးကြာလှည့်ပွဲကျင်းပခြင်း၊ စတုဒိသာကျွေးမွေးဧည့်ခံခြင်းများကိုလည်း ထည့်သွင်းကျင်းပလေ့ရှိရာ ဆောမြို့တွင်ကျင်းပသည့်ပွဲတော်ကို အောက်တိုဘာ ၂၉ ရက်ထိ ကျင်းပခဲ့ကြသည်။

ယောဓလေ့ သနပ်ခါးပါးတို့ပွဲတွင် ရွာခံအမျိုးသမီးများသည် ပတ်ဝန်းကျင်ကျေးရွာမှ မီးကြာလှည့်ပွဲဖြင့် ပါဝင်ဆင်နွှဲသည့် ပတ်ဝန်းကျင်ကျေးရွာမှ မီးကြာကိုင် လုပျိုဖြူများအား သနပ်ခါးဖြင့် ပါးကိုတို့ခြင်းဖြစ်သည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ ယောအရပ်ဒေသဖြစ်သော ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထု၊ ကျော့မြို့နယ်များတွင် နှစ်စဉ်ကျင်းပလေ့ရှိသည့် မီးကြာလှည့်ပွဲဖြင့် ဆီမီးပူဇော်ခြင်းနှင့် ရပ်ကွက်၊ ကျေးရွာလုံးကျွတ် ဆီမီးပူဇော်ခြင်းတို့မှာ လူသိများသည်။

ပတ်ဝန်းကျင်ကျေးရွာမှ မီးကြာဖြင့်စီတန်းလှည့်လည်လာသော မီးကြာကိုင်အမျိုးသမီးများ ဆီမီးပူဇော်မည့် စေတီပရိဝုဏ်အနီးသို့ ရောက်လာသည့်အခါ အသင့်စောင့်နေသည့် အိမ်ရှင်အမျိုးသမီးများက ရင်းနှီးစွာနှုတ်ဆက်စကားပြောဆို၍ မီးကြာကိုင်အမျိုးသမီးများ၏ ပါးပြင်တစ်ဖက်တစ်ချက်ကို သနပ်ခါးတို့ဖတ်ဖြင့် အသာတို့ခြင်းဖြစ်သည်။

လုလင်ပျိုနှစ်ယောက်က မှန်တစ်ချပ်ဖြင့်ဆီးတားပြီး မှန်ကိုကြည့်စေ၍ သနပ်ခါးများညီညာလှပအောင်ပြင်ဆင်စေပြီး ပြင်ဆင်ပြီးလျှင် မှန်ကိုအသာမပေးလိုက်က မှန်တန်း ၁၅ တန်းခန့် ကျော်ဖြတ်ပြီးလျှင် ဘုရားစေတီတွင် ဆီမီးပူဇော်ကြပြီး ရေစက်သွန်းချအမျှပေးဝေကြသည်။

အဆိုပါ မီးကြာလှည့်ပွဲနှင့် သနပ်ခါးပါးတို့ပွဲကျင်းပနိုင်ရန် ရောင်စုံစက္ကူနှင့် မှန်ရောင်စက္ကူတို့ကို နှီးဖြင့် ပေါင်းစပ်လျက် ကြာပွင့်သဏ္ဌာန်မီးကြာခွက်များ၊ ပန်းကြာများ၊ မုလေးပွားများ ကြက်လျှာများကို ကြိုတင်ပြုလုပ်ကြလျက် မီးကြာလှည့်ပွဲလိုက်ပါနိုင်ရန် ကြိုတင်ဖိတ်ကြားကြရသည်။

အဆိုပါ သနပ်ခါးပါးတို့ပွဲကျင်းပခြင်းဖြင့် တစ်ရွာနှင့်တစ်ရွာ ရင်းနှီးချစ်ကြည်မှု ပိုမိုစေခြင်း၊ စည်းလုံးညီညွတ်မှု ပိုမိုစေခြင်း၊ တစ်ဦးနှင့်တစ်ဦး ယဉ်ယဉ်ကျေးကျေး ဆက်ဆံတတ်ခြင်းတို့ကို ရရှိစေသည်။ **(၄၆၅)**

# အာဟာရဖြစ်ဟင်းလျာချက်ပြုတ်နည်း သရုပ်ပြခြင်းနှင့် ကလေးငယ်များအား ကြာဆန်ဟင်းတိုက်ကျွေး

**ကျောက်ပန်းတောင်း အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကလေးမိခင်များရရှိသော ဝင်ငွေနှင့် သင့်တင့်သော အာဟာရပြည့်ဟင်းလျာများ ချက်ပြုတ်စားသောက်တတ်စေရန်အတွက် ကျွမ်းကျင်သူများဖြင့် ချက်ပြုတ်နည်း လက်တွေ့သရုပ်ပြခြင်းနှင့် ကလေးများအား အာဟာရဖြည့် ကြာဆန်ဟင်းတိုက်ကျွေးခြင်းကို အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး စကားဝါမြေခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နှင်းအိခိုင်က ကလေးများကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မိခင်များ၏ ရွေးချယ်စားသောက်မှုအပေါ်တွင် တည်မှီကြောင်းနှင့် မိမိတို့၏မိသားစုဝင်ငွေနှင့် သင့်တင့်မျှတသော အာဟာရပြည့်အစားအသောက်များ ချက်ပြုတ်စားသောက်တတ်စေရန်အတွက် ယခုလိုဆောင်ရွက်ခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်နီလာစိုးက အာဟာရအုပ်စုဝင် အစားအစာများနှင့် ကလေးများနှင့် မိခင်များအတွက် ကျန်းမာရေးအထောက်အကူဖြစ်စေမည့် အစားအစာများအကြောင်းကို ရှင်းလင်းပြောကြားပြီး အချက်အပြုတ်ကျွမ်းကျင်သူများနှင့် အာဟာရပြည့်အစားအသောက်များ ချက်ပြုတ်နည်းတို့ကို လက်တွေ့ချက်ပြုတ်ပြသကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ရပ်ကွက်အသီးသီးမှ မိခင်များနှင့် ကလေးငယ်များအား အာဟာရပြည့်ကြာဆန်ဟင်းများ တိုက်ကျွေးခဲ့ကြောင်းနှင့် အဆိုပါအခမ်းအနားသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အိခိုင်နှင့် အသင်းအမှုဆောင်များ၊ ရပ်ကွက်အသီးသီးမှ အသင်းဝင်များ၊ မိခင်များနှင့်ကလေးငယ်များ စုစုပေါင်း ၁၀၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**

# ရေဘေးသင့်ကြက်မွေးမြူသူများအား ကြက်သားပေါက်များဖြန့်ဝေပေး

**မုံရွာ အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ် ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာတွင် ကြက်မွေးမြူရေးလုပ်ငန်းများလည်း အပါအဝင်ဖြစ်ရာ ပြန်လည်ထူထောင်ရေးကာလတွင် အဆိုပါပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ကြက်မွေးမြူရေးလုပ်ကိုင်သူများအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကြက်သားပေါက်များ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။



အဆိုပါ ကလေးရေဘေးသင့်ဒေသတွင် ကျေးရွာ ၂၄ ရွာမှ ကြက်ကောင်ရေ ၉၂၄၀၀ ပျက်စီးဆုံးရှုံးခဲ့ပြီး ပြန်လည်ထူထောင်ရေးကာလတွင် ကြက်မွေးမြူရေးလုပ်ကိုင်သူ ၁၉ ဦးထံသို့ အသားစားကြက်ပေါက် ၁၄၄၀၀ကို ဖြန့်ဝေထားသည်။

“ရေဘေးသင့် ကလေးဒေသမှာ ကြက်မွေးမြူသူတွေကို အသားစားကြက်နဲ့ ဥစားကြက်ပေါက်လေးတွေကို တစ်သုတ်ပြီးတစ်သုတ် ဖြန့်ဝေပေးနေပါတယ်။ ဒါအပြင် တိရစ္ဆာန်အစာတွေလည်း ၇၂ တန် ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။ ရေဘေးသင့်ကျေးရွာတွေကို သွားရောက်ပြီး ပညာပေးဟောပြောဆွေးနွေးခြင်းနဲ့ တိရစ္ဆာန်ရောဂါကာကွယ်ကုသခြင်းလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးနေပါတယ်” ဟု ကြက်သားပေါက် ဖြန့်ဝေမှုအခြေအနေနှင့် ပတ်သက်ပြီး တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကြက်မွေးမြူရေး လုပ်ကိုင်သူ ၁၉ ဦးထံသို့ ဥစားကြက်ပေါက်များအား တစ်ပတ်လျှင် ကောင်ရေ ၆၀၀၀ နှုန်းဖြင့် ကောင်ရေ ၃၉၉၂၀ အား ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# ကျေးရွာများ၌ နိုင်ငံသားကတ်မရှိသူများအား ထုတ်ပေး



**မောက်မယ် အောက်တိုဘာ ၃၁**

မိုးပွင့်အထူးစီမံချက် အမှတ် ၂ အရ မောက်မယ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများသည် မောက်မယ်မြို့နယ် ဟိုနမ့်၊ ပန်းတန်ကျေးရွာအုပ်စုရှိ ဝေးလံခက်ခဲခေါင်ပါးသော ကျေးရွာများသို့ အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်ထိ မဲစာရင်းတွင် အမည်ပါရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူများ ချက်ချင်းထုတ်ပေးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးကြသည်။

အဆိုပါ မိုးပွင့်အထူး စီမံချက်အမှတ် ၂ တွင် ဟိုနမ့်၊ ပန်းတန်ကျေးရွာအုပ်စု နေပအိုဝ်းတိုင်းရင်းသားလုပ်သားပြည်သူများ အသက် ၁၈ နှစ်ပြည့်၊ လဲလှယ်နှင့် မိတ္တူ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ၂၆၂ ဦးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **စိုင်းမျိုးသန့်(ပြန်/ဆက်)**

# ပြည်သူများ စိတ်အေးချမ်းမြေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မိုင်းခုတ်၌ မဲရုံနှင့်မဲရုံလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**မိုင်းခုတ် အောက်တိုဘာ ၃၁**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ ပြည်သူများ စိတ်အေးချမ်းမြေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲရုံနှင့် မဲရုံလုံခြုံရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲဝင် ဦးသန်းဇော်ဦးနှင့် မိုင်းဆတ်မြို့နယ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်တို့သည် အောက်တိုဘာ ၂၉ ရက်က မိုင်းခုတ်မြို့ ဖန်ပုကျေးရွာအုပ်စု၊ နမ့်ဘော်လုံကျေးရွာ၊ မုံးကျက်ကျေးရွာနှင့် လွယ်ဆောင်ကျေးရွာအုပ်စု ဘာထန်ကျေးရွာတို့၌ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မိုင်းခုတ်မြို့ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်စိုးနှင့် တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# တန်ဖိုးမြင့်သနပ်ခါးပြည်ပသို့တင်ပို့နိုင်ရန် သနပ်ခါးတန်ဖိုးမြှင့်ထုတ်ကုန် နည်းပညာသင်တန်း အရာတော်မြို့တွင်ဖွင့်လှစ်

**အရာတော် အောက်တိုဘာ ၃၁**

မုံရွာခရိုင် အရာတော်မြို့နယ်တွင် သနပ်ခါးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းအဖွဲ့တည်ထောင်ပြီး သနပ်ခါးစိုက်ပျိုးထုတ်လုပ်မှုဖြင့် အသေးစားကုန်ထုတ်လုပ်ငန်းများအတွက် အရင်းအနှီးရရှိရေးအတွက် နည်းပညာထောက်ပံ့နိုင်ရန် ကုန်ကြမ်းမှသည် ကုန်ချောဖြစ်ပေါ်စေခြင်းကြောင့် ပြည်တွင်းမှတစ်ဆင့် ပြည်ပသို့ တင်သွင်းပေးပို့နိုင်ရန် သနပ်ခါးကိုအလှကုန်ပစ္စည်းများနှင့် တိုင်းရင်းဆေးကုန်ချောထုတ်လုပ်တင်ပို့ ရောင်းချနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ထောက်ပံ့မှု၊ အသေးစားကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်တို့၏ ဦးဆောင်မှုဖြင့် အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက အရာတော်မြို့ ပိတောက်ပင်ကျောင်းတိုက်ဓမ္မာရုံ၌ သနပ်ခါးတန်ဖိုးမြှင့်ထုတ်ကုန်နှင့် အလှကုန်ပစ္စည်း၊ တိုင်းရင်းဆေးကုန်ချောထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းသို့ ကော်မတီအတွင်းရေးမှူး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မောင်းတက်ရောက်ပြီး အမှာစကားပြောကြားခဲ့သည်။

အရာတော်မြို့နယ်သည် သနပ်ခါးကို စနစ်တကျစိုက်ပျိုးထုတ်လုပ်နေသော ကျေးရွာအုပ်စု ၁၂ စုမှ သနပ်ခါးစိုက်ဧက ၈၀၀၀ ကျော် စိုက်ပျိုးထုတ်လုပ်၍ မြန်မာနိုင်ငံအနှံ့ဈေးကွက်သို့ တင်ပို့ရောင်းချနေကြသည်ကို တွေ့ရှိနိုင်ကြောင်း တိုင်းဒေသကြီးဦးစီးမှူးက ဆက်လက်ပြောသည်။

သနပ်ခါးကို စိုက်ပျိုးထုတ်လုပ်၍ ရောင်းချနေကြသော ပြည်သူများအနေဖြင့် သဘာဝအရင်းအမြစ်ကို အားကိုးပြီး ကုန်ကြမ်းအတိုင်းရောင်းချနေကြရသည့် အနေအထားမှ တစ်ဆင့်တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ပြီး ဈေးကွက်ဈေးနှုန်း ပိုမိုရရှိစေရန်အတွက် သနပ်ခါးတန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်မှုနည်းပညာပေးသင်တန်းကို ဖွင့်လှစ်ပေးတာဖြစ်ကြောင်း တိုင်းဒေသကြီးဦးစီးမှူးက ပြောသည်။

ယင်းနောက် ကော်မတီအဖွဲ့ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမိုးအောင်ကျော်က သင်တန်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ဆွေးနွေးခဲ့သည်။

မြို့နယ်အတွင်းရှိ သင်တန်းသားများနှင့်အတူ သနပ်ခါးတန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှုနည်းပညာပေးသင်တန်းကို စိတ်ပါဝင်စားစွာဖြင့် ရန်ကုန်ကပါ လာရောက်သင်ယူတက်ရောက်လျက်ရှိသည်။

စုစုပေါင်း သင်တန်းသား ၆၅ ဦးအား သိပ္ပံနည်းပညာဌာနက ပညာရှင်များက သနပ်ခါးမှတစ်ဆင့် အလှကုန်ပစ္စည်းထုတ်လုပ်မှုမျိုးစုံ၊ စစ်ဆေးမှုအဆင့်နှင့် ကုန်ချောဈေးကွက်ဝင် ပါကင်ထုတ်လုပ်မှုများပါ အသေးစိတ်တတ်မြောက်အောင် သင်ကြားပေးမည်ဖြစ်ကြောင်းနှင့် သင်တန်းကာလမှာ ငါးရက်ကြာမြင့်ဖြစ်ကြောင်း အရာတော်သနပ်ခါးအသင်းမှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။ **အရာတော်(ပြန်/ဆက်)**

ဖတ်စရာ

# အာခါတိုင်းရင်းသားတို့၏ ရိုးရာဓလေ့နှင့် ကောက်သစ်စားပွဲ

**à ဇော်ကြီး(တြိဂံနယ်မြေ)**

တာချီလိတ်မြို့ လွယ်တော်ခမ်းကျေးရွာအုပ်စု စန်းလုရွာသည် တာချီလိတ်မြို့မှ ခုနစ်မိုင်ခန့်ကွာဝေးပြီး ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ၃၀၀၀ခန့်တွင်ရှိပြီး တာချီလိတ်-မိုင်းဆတ်လမ်းမကြီး၏ ညာဘက်တွင်တည်ရှိသည်။

တောင်စဉ်တောင်တန်းမြင့်မားပြီး ယခင်က ရှုံ့ညွန်များကြားတွင် တောင်စဉ်များကို ရှုန်းတက်ရသော်လည်း နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုနှင့်အတူ စန်းလုရွာ၏ အတက်လမ်းသည် ကတ္တရာတစ်ဝက်၊ ကျောက်ခင်းတစ်ဝက်တို့ဖြင့် ခင်းကျင်းထားသဖြင့် သွားလာရ ချောမွေ့သွားသည်။

ကျွန်တော်တို့အား စန်းလုကျေးရွာ အာခါတိုင်းရင်းသား ဦးချစ်ထူ နေအိမ်၌ အာခါရိုးရာဓလေ့ကျင်းပသော ကောက်သစ်စားပွဲကို ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။ တောင်မြင့်ကြီးများဖြင့် ဖွဲ့စည်းထားပြီး မြူနှင့် မိုးနှင်းတွေက လေနှင့်အတူ လွင့်မြောနေသဖြင့် ဧည့်သည်များအား ထူးခြားသော မြင်ကွင်းအသစ်များကို ဖန်တီးပေးလျက်ရှိသည်။

အာခါတိုင်းရင်းသားများ၏ ၁၂ လရာသီပွဲများတွင် မည်သည့်အတီးအမှုတ်အကမပါဘဲ ထမင်းဝိုင်းအပြည့်ဖြင့် စားရင်းဧည့်ခံသောပွဲကို ကောက်သစ်စားပွဲ အာခါဘာသာဖြင့် "ဝိုတို့အာဖွေ့" (ခေါ်) စပါးနှံပူဇော်ပွဲဟု သိရသည်။

အဆိုပါပွဲကို ကနဦး အာခါတိုင်းရင်းသားများကိုးကွယ်သော "အာခါဇျန်း" ဘာသာ၏ ယုံကြည်ချက်ဓလေ့အရ ပြောရလျှင် မိသားစုဧည့်ခံခြင်းဟုမည်သည်။ ယနေ့ခေတ် ကာလမှာတော့ အခြားသော ကိုးကွယ်ခြင်း၊ ဘာသာကူးပြောင်းခြင်းရှိနေကြသဖြင့် ရွာအလိုက်စုပေါင်း "ကောက်သစ်စားပွဲ" ကျင်းပကြသည်လည်းရှိသည်။

ကောက်သစ်စားပွဲကို အာခါတိုင်းရင်းသားများသည် အောက်တိုဘာလ ပထမပတ် သို့မဟုတ် ဒုတိယပတ်တွင် မိမိတို့မိသားစု၏ ရက်ကောင်း ရက်မြတ်ကို ရွေးချယ်၍ပြုလုပ်ကြသည်။ ကောက်သစ်စားပွဲသည် တစ်မိသားစုနှင့် တစ်မိသားစု တူညီတာရှိသလို မတူညီတာလည်းရှိသည်။ အကယ်၍ တစ်ရွာတည်း လေးအိမ်၊ ငါးအိမ် တူညီခဲ့လျှင် တစ်အိမ်တက် တစ်အိမ်ဆင်း လှည့်လည်၍ မင်္ဂလာပေး စားသုံးကြသည်။

အာခါတိုင်းရင်းသားနေထိုင်ရာ ကျေးရွာများတွင် မိသားစုဧည့်ခံပွဲများရှိပါက ဖိတ်စာနှင့် ဖိတ်ကြားလေ့မရှိခဲ့ကြပေ။ ယင်းဓလေ့သည် ယနေ့တိုင် တောင်ပေါ်ရွာများ၌ ကျင့်သုံးကြသည်။ မိမိရွာရှိ သက်ကြီးများကို အိမ်တိုင်ရာရောက်ဖိတ်ခေါ်ကြသည်။ ဖိတ်ခေါ်ခြင်းတွင် တစ်ကြိမ်မှ သုံးကြိမ်အထိ တစ်အိမ်တက်ဆင်း ရွာလုံးကျွတ်ဖိတ်ကြားကြသည်။

အခြားရွာကို ဖိတ်ကြားလိုပါက ရိုးရာအရက်ဖြင့် သက်ဆိုင်ရာရွာမှ ဖိတ်ကြားပေးရန်စီမံပေးကြသည်။ အာခါတိုင်းရင်းသားတို့၏ အလှူပွဲများတွင် ဧည့်ခံသည့်စားပွဲဝိုင်း၌ လူစုံရောက်ရှိပါက နေမင်းကို ဦးဆုံးတွေ့ခဲ့သူ သို့မဟုတ် အသက်အကြီးဆုံးသူက ဦးဆောင်၍ မင်္ဂလာပေး စားဦးစားဖျား ပြုရသည်။

ထိုသို့ထမင်းစားချိန်တွင် ထွေရာလေးပါး တိုင်းရေးပြည်ရေး၊ ရပ်ရေးရွာရေး၊ သားရေးသမီးရေး၊ သာရေးနာရေး ဆွေးနွေးခြင်းဖြင့် စားသုံးကြသည်။ စားသုံးချိန်တွင် မိမိသဘောဖြင့် ထပြန်သွားလေ့မရှိပါ။ အကယ်၍မလွဲ မရှောင်သာရှိပါက ခွင့်ပန်ပြီးမှ ပြန်သွားလေ့ရှိကြသည်။ စားသုံးပြီးလျှင် စားဝိုင်းမှ ပုဂ္ဂိုလ်တစ်ဦးက ဒီနှစ်ထမင်းတစ်ဝိုင်းဟာ နောက်နှစ် ဆယ်ဝိုင်း ကျွေးပါစေ။ စားဝတ်နေရေး ဒီထက်မက တိုးတက်နိုင်ပါစေ စိုက်ပျိုးရေးအောင်မြင်ပါစေ၊ မွေးမြူရေးဖြစ်ထွန်းပါစေ၊ ကျန်းမာရေး ကောင်းပါစေဟု မင်္ဂလာကောင်းချီးပေးသောအခါ စားပွဲဝိုင်းရှိ စားသုံးသူအားလုံးက သဘောတူကြောင်း မင်္ဂလာပေးကြပြီး မိသားစုဝင်တစ်ဦး သို့မဟုတ် စားပွဲထိန်းက စားဝိုင်းကိုလက်တင်၍ ပေးတဲ့ဆုပြည့်ပါစေဟုပြောပြီး စားပွဲကို သိမ်းရသည်။

ကောက်သစ်စားပွဲ ကျင်းပသည့်ရက်နေ့ မိုးမလင်းမီ ထင်းရှူးဆီ မီးတုတ်ပြုလုပ်၍ တံဇဉ်နှင့် ပိတ်စတို့ယူဆောင်ပြီး ကောက်သစ်ရယူရန် စပါးခင်းသို့သွားရောက်၍ ဝင်းမှည့်နေသော စပါးခြောက်ဆုပ်ကို ရိတ်ယူရသည်။ ထိုစပါးခြောက်ဆုပ်မှ သုံးဆုပ်ကို ယာခင်းတွင် စုပုံခဲ့ရပြီး ကျန်သုံးဆုပ်ကို ခြွေလှေ့၍ယူလာသော ပိတ်စတွင် ထည့်ကာ စပါးနှံ သုံးနှံကိုလည်း ရိတ်၍ တစ်ပါတည်း အိမ်သို့ယူဆောင်လာပြီး အိမ်၌ချိတ်ဆွဲထားရသည်။ ကောက်သစ်စားပွဲ စီမံရာတွင် ပထမနံနက်ခင်းနေမထွက်ခင် မင်္ဂလာရေစီမံရသည်၊ ဒုတိယ ထမင်းစားရသည်၊ တတိယစပါးနှံကို နှီးလင်ဗန်းတွင် ထည့်ပြီး မီးဖိုစင်အပေါ်၌ထားရသည်၊ စတုတ္ထ စပါးနှံကိုလှော်ပြီး ဆုံတွင် ထည့်ထောင်းရသည်၊ ထောင်း၍ရလာသော ကောက်သစ်နှင့် ဆန်အနည်းငယ်ရော၍ ထမင်းချက်ရသည်။ အာခါတိုင်းရင်းသားတို့သည် အလှူပွဲများတွင် မပါမပြီး "ဂိုးစီ" ဟူသော ကြက်သားတင်ရန် ဝါးဖျာ၊ နှီးပုဂံ၊ ကြက်ရိုက်တုတ်၊ နှီးစားပွဲ၊ စဉ်းတီတုံး၊ အသားချိတ်ရန် ဝါးချွန်၊ မောင်း၊ နှီးခုံနှင့် ဓား အသုံးအဆောင်အားလုံးကို နံနက်စောစောခပ်ယူထားသော မင်္ဂလာရေဖြင့် ဆေးကြောသန့်စင်ရသည်။

ကောက်သစ်စားပွဲမင်္ဂလာကြက်ကို ခြေစုံ၊ တောင်ပံတို့ကို သုံးကြိမ်စီ မင်္ဂလာရေဖြင့် သန့်စင်ပြီး အမျိုးသမီးနေထိုင်သောအခန်းဘက်၌ စီမံရသည်။ ကြက်မွေးအနည်းငယ်ကို မီးလျှံဖြင့် မီးမြိုက်စေပြီး ရေနွေးဖြင့် အမွေးကို သန့်စင်ရသည်။ ထို့နောက်ပူဇော်မည့် စားပွဲတွင် လက်ဖက်ခြောက်ရည်၊ အရက်၊ ဆန်၊ ကောက်သစ်အနည်းငယ်စီ၊ ကြက်သား ငါးတုံးတို့ကို စီမံရပြီး ဟင်းချက်သောအခါ ကြက်သားအားလုံးနှင့် ဆန်၊ ဆား၊ ချင်းထည့်၍ ချက်ပြုတ်ရသည်။

ချက်ပြုတ်ခြင်းပြီးသောအခါ ပူဇော်ရန်ပြင်ဆင်ထားသောစားပွဲငယ်၌ အသားဟင်းများ စာပွဲပေါ်သို့အဆင်သင့် ဖြစ်သောအခါ ဘိုးဘွားတို့အား ပူဇော်သော "အာဖွေပေါ်လော်" ဟုခေါ်သော ပိတ်စတွင်ထည့်ကာ ခြွေလှေ့ယူလာသော စပါးသုံးဆုပ်ကိုဖြုတ်ယူပြီး သန့်စင်ချိတ်ဆွဲတက်သော စပါးနှံသုံးနှံတို့ထည့်၍ ပူဇော်စားပွဲတွင် ကောက်သစ်၊ ထမင်း၊ အသားဟင်း၊ လက်ဖက်ခြောက်ရည်၊ အရက်များထည့်၍ ဘိုးဘွားတို့အား ပူဇော်လေ့ရှိကြသည်။ အဆိုပါပူဇော်ခြင်း၌သုံးသော အသား၊ ထမင်း၊ ကောက်သစ်များရော၍ ဧည့်ခံပွဲသို့လာရောက်သော ဧည့်သည်အားလုံး ထုံးစံအရ လက်ဝါးနှစ်ဖက်ဖြန့်လျက် ဘိုးဘွားတို့နှင့်အတူ စားသောက်ခြင်းမည်သော "အာဖွေလောဂျား" ဟုခေါ်သော မင်္ဂလာ ကောက်သစ်ကို လိုက်လိုက်လဲလဲခံယူစားသုံးကြသည်။ နည်းနည်းသာထည့်ပေးသော်လည်း များများစားသည်ဟု အဓိပ္ပာယ်ရသည်။

ပူဇော်ခြင်းပြီးသောအခါ မောင်းကို သုံးကြိမ်တီး၍ အမျှဝေကြသည်။ မင်္ဂလာကောက်သစ်ကို မိမိတို့၏ မိသားစုဝင်များအား ဦးစွာမျှဝေပေး၍ မိသားစုအိမ်သို့ရောက်ရှိလာသော ဧည့်သည်များအားလုံးကို မျှဝေပေးကြသည်။ ပူဇော်ခြင်းအားလုံးပြီးပါက "အာဖွေပေါ်လော်" ကိုလည်း မူလနေရာသို့ ပြန်လည်ချိတ်ဆွဲပြီး ပူဇော်ခြင်းပြီးစီးကြောင်း မောင်းသုံးကြိမ်တီး၍ ပူဇော်ခြင်းတွင်သုံးသော ပစ္စည်းအားလုံးကို သိမ်းဆည်းရသည်။

အာခါတိုင်းရင်းသားတို့၏ ကောက်သစ်စားပွဲသည် တစ်ရက်သာကျင်းပပြီး အားလုံးပါဝင်နိုင်စေရန် ညဦးပိုင်းတွင် အထူးစီမံကြသည်။ ထူးခြားဖြစ်စဉ်ရှိပါက နံနက်နှင့်နေ့လယ်များတွင်လည်း အဆင်ပြေသကဲ့သို့ စီမံကြသည်။

အာခါတိုင်းရင်းသားတို့၏ ကောက်သစ်စားပွဲကျင်းပရခြင်းသည် လွန်လေပြီးသော ဘိုးဘွားတို့အား ပူဇော်ခြင်း၊ ရွာရှိ နေမင်းကို ဦးဆုံးတွေ့သူ သက်ကြီးသူများအား မင်္ဂလာယူခြင်း၊ မိတ်ဆွေသင်္ဂဟများအား ကျွေးမွေးဧည့်ခံခြင်းဖြင့် စိုက်ပျိုးရေးအောင်မြင်စေရန်၊ မွေးမြူရေးဖြစ်ထွန်းစေရန်၊ ကျန်းမာရေးကောင်းမွန်စေရန်နှင့် မျိုးဆက်သစ်များ၏ ဘဝအဆင်ပြေနိုင်စေရန် မင်္ဂလာယူသော ချစ်စရာဓလေ့ဖြစ်သည်ဟု အာခါတိုင်းရင်းသားများ လက်ခံကြသည်။

**အဆိုပါပွဲကို ကနဦး အာခါတိုင်းရင်းသားများကိုးကွယ်သော "အာခါဇျန်း" ဘာသာ၏ ယုံကြည်ချက်. . .**



## သထုံမြို့နယ်တွင် ကလေးသူငယ် အခွင့်အရေးဆိုင်ရာများ ညှိနှိုင်းဆွေးနွေး

**သထုံ အောက်တိုဘာ ၃၁**

မွန်ပြည်နယ် သထုံမြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ (TCRC)နှင့် ကလေးသူငယ်ဖွံ့ဖြိုးရေးအသင်း(CFN) တို့ ပူးပေါင်းကာ အောက်တိုဘာ ၂၉ ရက် နံနက် ၁၀ နာရီခွဲက သထုံမြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် မြို့နယ်အတွင်း ကလေးသူငယ် အခွင့်အရေးဆိုင်ရာများကို ညှိနှိုင်းစည်းဝေးခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ် (TCRC) ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် (TCRC) အဖွဲ့ဝင်များ၊ (CFC)မှ သထုံမြို့နယ် တာဝန်ခံ ဒေါ်မြတ်မျိုးသန်းနှင့် အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

တက်ရောက်လာကြသော မြို့နယ် (TCRC) အဖွဲ့ဝင်များက ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့် လိုအပ်ချက်များကို အပြန်အလှန်ညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ကလေးသူငယ်ဖွံ့ဖြိုးရေးအသင်း(CFN)သည် မြို့နယ် (TCRC)နှင့် ၂၀၁၁ ခုနှစ်မှ စတင်ချိတ်ဆက်ကာ ကလေးသူငယ် အခွင့်အရေးဆိုင်ရာများကို ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၏ ရပ်ရွာအခြေပြု ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး စီမံချက်ကို သထုံမြို့နယ်အတွင်းရှိ ပေါ်တော်မူကျေးရွာအုပ်စု၊ ဇရစ်ချောင်ကျေးရွာအုပ်စုနှင့် ထိန်ပင်ကျေးရွာ အုပ်စုတို့တွင် ဆောင်ရွက်လျက်ရှိကြောင်း (CFN) အဖွဲ့မှ သိရသည်။ **သက်ဦး(သထုံ)**

## လူထုဆက်သွယ်ရေးနှင့် အသိပညာပေးသင်တန်းပို့ချ

**ရန်ကုန် အောက်တိုဘာ ၃၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန ဌာနမှူး၏စီစဉ်မှုဖြင့်ဌာနနှင့် EU.အီတာလျံကော်ပိုရေးရှင်းရန်ပုံငွေဖြင့် ဒေသအတွင်း စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု စွမ်းရည်မြှင့်တင်ခြင်းစီမံကိန်းအား အပိုင်း သုံးပိုင်းခွဲ၍အကောင်အထည်ဖော်ဆောင်ရွက်ကာ အောက်တိုဘာ ၂၆၊ ၂၇၊ ၂၉ ရက်တွင် အလုံလမ်း My Garden ၌ လူထုဆက်သွယ်ရေးနှင့် အသိပညာပေးသင်တန်း ပို့ချခဲ့သည်။

အဆိုပါသင်တန်းအား CESVI အဖွဲ့ Torino City Amiat မှပညာရှင်များက သင်တန်းပို့ချပေးခဲ့ကြပြီးဒုတိယဌာနမှူးနှင့်လ/ထဌာနမှူးများ ဖြစ်သော ဒေါက်တာအောင်မြင့်မော်၊ ဒေါက်တာခင်နှင်းအေးနှင့် အင်ဂျင်နီယာဒေါက်တာမိုးမိုးသန့်၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အသိပညာပေးလှုံ့ဆော်ရေးမှူး ဦးမင်းနေဟန်နှင့် အဖွဲ့မှ ၁၀ ဦး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ သင်တန်းသား ၂၀ တို့ တက်ရောက်ခဲ့ကြသည်။

(၅၉၇)

# ရင်သပ်ရှုမောသစ်တောအလှ လူ့ပယောဂကြောင့် မပျက်စေလို

*မျက်မှောက်ကမ္ဘာတွင်ဖြစ်ပေါ်နေသောနိုင်ငံရေး၊စီးပွားရေး၊လူမှုရေး၊စစ်ရေးစသည့်နိုင်ငံတကာအရေးကိစ္စများကိုမျက်ခြည်မပြတ်လေ့လာနေရန်လိုအပ်ပါသည်။ထိုသို့လေ့လာနေမှသာလျှင်နိုင်ငံတကာအခင်းအကျင်းများမှရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ်တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာ သတင်းပုံရိပ်များကို ဖော်ပြအပ်ပါသည်။* **(စာတည်း)**

**à** ကိုရင်ဩ

ရန်သူမျိုးငါးပါး၌ ပါဝင်သည့် မီးဘေးသည် သူခိုး၊ ဓားပြထက်ပင် ပိုမိုဆိုးရွားလှသည့် ရန်သူဖြစ်ပြီး မလောင်ခင်တားနိုင်ကြမှသာ လောကရပ်ရွာကို ဘေးဆီးရန်ကာထားနိုင်ကြကုန်သည်ဖြစ်လိမ့်မည်တကား။

ယခုရက်သတ္တပတ်များအတွင်း ကျွန်ုပ်တို့နေထိုင်ရာ အရှေ့တောင်အာရှရပ်ဝန်း၌ နှာခေါင်းကျည်ပွေ့တွေ့ရသည့် ဖြစ်ရပ်အဖြစ် ဒေသဆိုင်ရာ နိုင်ငံများ၏ ဝေဟင်အတွင်း မီးခိုးမြူတိမ်များအလိပ်လိုက် လွင့်မျောကာ ပြည်သူ့ကျန်းမာရေးကို ဆိုးခန်ဆတ်ခန် ဒုက္ခလှလှ ပေးခဲ့လေသည်။

အင်ဒိုနီးရှားနိုင်ငံ ဆုမတြာကျွန်း၌ နှစ်လကျော်ကြာမျှ ပြောင်းဆန်အောင် လောင်ခဲ့သည့် တောမီးမှာ မြေဖုတ်ဘီလူးပမာ မီးခိုးလုံးများကို အတောမသတ် မှုတ်ထုတ်ခဲ့လေရာ အရှေ့တောင်အာရှဒေသတစ်ခွင်နှင့် ဩစတြေးလျနိုင်ငံတို့၌ လေထုညစ်ညမ်းမှု တည်းဟူသော သဘာဝဘေးတစ်ရပ် ပူးကပ်ခံခဲ့ရလေသည်။

အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာ ဟူဘိသို့ပင် ကျွန်းစုနိုင်ငံဖြစ်သော အင်ဒိုနီးရှား၌ အလျှံငြီးငြီး တောက်လောင်ခဲ့သောတောမီးသည် အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြကုန်သော မလေးရှား၊ စင်ကာပူ၊ ထိုင်းတောင်ပိုင်းဒေသ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်တို့တွင် လေထုညစ်ညမ်းမှုဖြစ်စေရန် ဟေတုအကြောင်းတရားသို့မဟုတ် အရင်းအမြစ်ဖြစ်စေခဲ့လေသည်။

အဆိပ်အတောက် ဖြစ်စေနိုင်သော အဝါရောင် တိမ်တိုက်လွှာမှာ မီးခိုးမြူဟုခေါ်တွင်ကြပြီး ဆုမတြာကျွန်းရှိ စိမ့်တောမြေကို ထောင်းလမောင်းကြေ ဖျက်ဆီးခဲ့သည့် တောမီးက ပေါ်ထွက်စေခဲ့သည်။ လေနှင်ရာ ပြေးလွှားဆော့ကစားနေသည့် မီးခိုးမြူ၏ ရောင်ပြန်ဟပ်မှုကြောင့် ဒေသဆိုင်ရာလေကြောင်းခရီးစဉ်များ ဆိုင်းငံ့ခဲ့ရပြီး စာသင်ကျောင်းများကို ခေတ္တပိတ်ထားလိုက်ရသဖြင့် မျိုးဆက်သစ် သားသားမီးမီးတို့၏ စာအန်သံများ တဒင်္ဂပဟာန် လွင့်ပါးကွယ်ပျောက်ခဲ့ရလေသည်။

ထိုစဉ်အတွင်း မီးခိုးမြူရှူရှိုက်ကြရခြင်းကြောင့် အင်ဒိုနီးရှား ပြည်သူငါးသိန်းကျော်မှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာကို ခံစားကြရပြီး ဒေသခံ ၁၇ ဦးမှာ မွန်းကျပ်ဝေဒနာဖြင့် ဘဝဆုံးပါးခဲ့ကြရရှာသည်။ မီးသတ်သမားတစ်ဦးမှာမူ မီးငြိမ်းသတ်စဉ် မတော်တဆမှုဖြင့် နှုတ်မဆက်ဘဲ ရုတ်တရက် ခွဲခွာသွားခဲ့ရသည်ဟု ကျွန်ုပ်ကြားသိရသဖြင့် အနိစ္စလက္ခဏာကို ပြေးမြင် ဆင်ခြင်ရမိပြန်လေသည်။

အင်ဒိုနီးရှားတစ်ဝန်း၌ နေရာပေါင်း ၂၃၀ ထက်မနည်းတွင် ဟိုတစ်ကွက်သည်တစ်ကွက် တောမီးလောင်နေပြီး မီးစမီးနကျရောက်မှုကြောင့် တောမီးလောင်နိုင်သည့် နေရာပေါင်းများစွာ ရှိနေသည်။ မီးသတ်တပ်ဖွဲ့ဝင် ၂၂၀၀၀ အထိ ရန်သူမီးကို လက်ရည်တစ်ပြင်တည်း ချေမှုန်းတိုက်ထုတ်နိုင်ရန် လက်ရုံးရည်ပြလျက်ရှိကြကာ ဩစတြေးလျနိုင်ငံက မီးသတ်လုပ်ငန်းကျွမ်းကျင်သူ ပညာရှင်များကိုပင် စေလွှတ်ပေးခဲ့၏။ သို့ဖြစ်စေကာမူ မီးပြင်းခိုက် ရေလိုက်မနိုင် ဖြစ်ရလေသည်။

ရှေးပဝေသဏီကပင် တည်ရှိလာခဲ့သော သစ်ရွက်ဆွေး၊ သစ်ရွက်ခြောက်တို့ကပို့ချခဲ့သည့် အနည်အနှစ်များရှိနေခြင်းကြောင့် မီးလောင်အား ပိုကောင်းခဲ့ပြီး ပူပြင်းခြောက်သွေ့သည့် ကာလတွင် လောင်မြိုက်သော တောမီးဖြစ်ခြင်းကြောင့် ငြိမ်းသတ်သူများ ဒေါင်ချာစိုင်းရလောက်အောင်ပင် သစ်တောမြေကို ဝါးမြိုခဲ့လေသည်။

ဤနေရာ၌ ကျွန်ုပ်တွေးတောမိသည်ကား လူခိုးလျှင် မပြောင် မီးခိုးမှ ပြောင်ဟူသော ဆိုရိုးစကားဖြစ်၏။

အလင်းနှင့် တေဇောစွမ်းအင်ကိုပေးစွမ်းသော 'မီး' သည် မနုဿလူသားတို့၏ မိတ်ဆွေဖြစ်ပြီး တော်တည့်မှန်ကန်စွာ အသုံးချတတ်သူအတွက် ကောင်းကျိုးအထွေထွေရနိုင်လင့်ကစား လွဲမှားချွတ်ချော်စွာ အသုံးချတတ်သူအတွက် ဆိုးကျိုးပင်လယ်ဝေနိုင်ပေသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ကုန်းမြေ ၁၄ ရာခိုင်နှုန်းခန့်မှာ တောချုံပေါက်သော စိမ့်မြေအရပ်ဖြစ်သည်။ မြေမျက်နှာပြင်အတွင်းသို့ မီတာ ၂၀ အနက်အထိ တိုးဝင်နေသောဆွေးမြည့်နေသည့် အပင်ဒြပ်ထုတည်ရာ စိမ့်တောများသည် မြေထုအတွင်း ကိန်းအောင်းနေသော အစိုဓာတ်ရှိခြင်းကြောင့် ယေဘုယျအားဖြင့် မီးလောင်ခံရရန် ခဲယဉ်းသည်။

သို့ရာတွင် သစ်တောပြုန်းတီးခြင်းနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အကြောင်းပြု၍ အစိုဓာတ်ခမ်းခြောက်လာခြင်းတို့ကြောင့် ခြောက်သွေ့သော စိမ့်မြေအဖြစ်သို့ ကူးပြောင်းရောက်ရှိလာခဲ့သည်။ ရေဓာတ်ခမ်းခြောက်နေသော စိမ့်တောမြေအရပ်၌ မီးလောင်သည့်အခါ ကျောက်မီးသွေးမီးလောင်သည့်နှယ် မီးခိုးတအူအူထွက်ပေါ်တတ်ပြီး မြူဆိုင်းနေသည့် လေထုလွှာအတွင်း မီးခိုးဝင်ရောက်သည့်အခါ မီးခိုးမြူတိမ်တိုက်ကြီးဖြစ်ပေါ်လာရသည်။

မြေထုအတွင်းသို့ နက်နက်ရှိုင်းရှိုင်း ဝင်ရောက်နေသော သစ်ရွက်ဆွေးခြောက်တို့ ရှိနေခြင်းကြောင့် တငွေ့ငွေ့ တအီအီ ကာလရှည်လောင်တတ်ပြီး ငြိမ်းသတ်ရန်လည်း ခဲကတ်လှသည်ဟု ကျွန်ုပ်လေ့လာသိရှိရလေသည်။

အင်ဒိုနီးရှားနိုင်ငံသည် မလေးရှားနိုင်ငံနှင့်အတူ ကမ္ဘာ့ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းတွင် ထိပ်တန်းနိုင်ငံဖြစ်သည်။ ကမ္ဘာ့ ဆီအုန်းထုတ်လုပ်မှု ပမာဏ၏ ၈၄ ရာခိုင်နှုန်းခန့်ကို ယင်းနှစ်နိုင်ငံက ရယူထားသည်။ တစ်နှစ်လျှင် ဆီအုန်းထုတ်လုပ်သောလုပ်ငန်းမှ ရောင်းချရမှု အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံအထိ မြင့်တက်နေသည်။

ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းကို ပုဂ္ဂလိက ကုမ္ပဏီများက ရယူထားပြီး စိုက်ခင်းများထူထောင်ရာတွင် တောခုတ်မီးရှို့သည့်လုပ်ငန်းစဉ်ကို ဆောင်ရွက်ရသည်။ ဆီအုန်းစိုက်ပျိုးရန် တောင်ယာကွက်များကို တိုးချဲ့ဖော်ထုတ်ကြရာမှ ရှေးပဝေသဏီကာလကပင်လျှင် တည်ရှိလာခဲ့သော မိုးသစ်တောများ ပျက်စီးပြုန်းတီးခဲ့ရခြင်းမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် အနုတ်လက္ခဏာပြခြင်းပင်ဖြစ်ပေလိမ့်မည်။

တောပြုန်းလျှင် မြေဆီလွှာပါ ပြုန်းတီးရ၏။ သစ်တော၏ အကာအကွယ်ရနိုင်မှသာ မြေဆီလွှာကို ထိန်းသိမ်းနိုင်၏။

ဇီဝလောင်စာထုတ်လုပ်ရေးလုပ်ငန်း အလားအလာ ကောင်းမွန်သည်နှင့်အမျှ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် ပွဲကြီးပွဲကောင်းတွေ့တော့သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့အရေး ဖွတ်မေ့ပုတ်မေ့ မေ့ကြသည်။ အကျိုးရလဒ်ကား ဗရချာလိုက်လာသည့် သဘာဝပတ်ဝန်းကျင်မှာ နေဝင်ချိန်ရောက်ရန် ဦးတည်လေပြီ။

အင်ဒိုနီးရှားနိုင်ငံ၌ တောမီးဘေးအန္တရာယ် မကျရောက်စေရေးအတွက် အစိုးရအဖွဲ့က ဥပဒေစည်းမျဉ်းများဖြင့် ထိန်းချုပ်ထားသည့်ကြားမှ တောမီးလောင်မှုဖြစ်ရပ်များနှစ်စဉ်ပင် ဖြစ်ပေါ်ခဲ့ရသည်။

ယခုနှစ်တွင် တောမီးလောင်မှုကြောင့် ဒေါ်လာ ၁၄ ဘီလီယံဖိုး စီးပွားရေးအရ ဆုံးရှုံးရနိုင်သည်ဟု ခန့်မှန်းရသည်။

ကာဗွန်ဓာတ်မြင့်မားသော နေရာဒေသ၌ တောမီးလောင်ခြင်းကြောင့် ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့ထုတ်လွှတ်မှုက ကမ္ဘာ့လေထုလွှာအတွင်းသို့ ထုတ်ချင်းခပ်ဝင်ရောက်လာသည်။ မကြာသေးမီရက်များ အတွင်း အင်ဒိုနီးရှားနိုင်ငံ၏ ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့ထုတ်လွှတ်မှုသည် အမေရိကန်ပြည်ထောင်စုရှိ စီးပွားရေးနယ်ပယ် ကဏ္ဍကြီးတစ်ရပ်လုံး၏ တစ်ရက်တာဓာတ်ငွေ့ထုတ်လွှတ်မှု ပမာဏထက်ပင် ကျော်လွန်သွားသည်ဟု သိပ္ပံပညာရှင်များက ရင်ဘတ်ကိုဖိရင်း စုတ်သပ်ခဲ့ကြရသည်။

နဖူးတွေ့ဒူးတွေ့ တွေ့နေရသော တောမီးမှာ သဘာဝအလျောက် ဖြစ်ပေါ်ခြင်းမဟုတ်၊ မြေယာစီမံခန့်ခွဲမှု၊ တရားဥပဒေအာဏာ သက်ဝင်မှုတို့အရ အားနည်းချက်များရှိနေခြင်း၏ ရလဒ်တစ်ခုအဖြစ် ပညာရှင်များက သုံးသပ်ကြသည်။

ဆီအုန်းစိုက်ခင်းများ တိုးချဲ့နိုင်ရေးအတွက် မြေယာခုတ်ထွင်ရှင်းလင်းသည့် လုပ်ငန်းကို ဆောင်ရွက်ရာတွင်လည်း မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် ထိရောက်သော ပြင်ဆင်ဆောင်ရွက်မှုမရှိခြင်းကြောင့် တောမီးလောင်ရသည်ဟု အပြစ်တင် ပြောဆိုမှုများ ပေါ်ထွက်လာခဲ့သည်။

ထိုစဉ်အတွင်း တစ်ကမ္ဘာလုံးအတိုင်းအတာအရ ရာသီဥတုပုံစံများ ကမောက်ကမဖြစ်စေမည့် အယ်လ်နီညိုဖြစ်စဉ် ဝင်ရောက်လာခဲ့ရာ အင်ဒိုနီးရှားနိုင်ငံ၌ ပူပြင်းခြောက်သွေ့သည့်ကာလ ရှည်ကြာစေပြီး တောမီးလောင်မှုကို ပိုမိုဆိုးရွားစေလေသည်။

တောမီးလောင်မှုကို အကြောင်းပြု၍ အင်ဒိုနီးရှားစီရင်စု ခြောက်ခုတွင် အရေးပေါ်အခြေအနေကြေညာခဲ့ရသည်မှာ တစ်လကျော်ကြာမြင့်ခဲ့ပြီဖြစ်သည်။ တစ်နိုင်ငံလုံး အတိုင်းအတာအထိ အရေးပေါ်အခြေအနေ ကြေညာရန် သင့်၊ မသင့် အစိုးရအဖွဲ့က စဉ်းစားခဲ့ရသည်ဆို၏။

အယ်လ်နီညို ရာသီဥတုပုံစံ၏ အကျိုးသက်ရောက်မှုအဖြစ် အင်ဒိုနီးရှားနိုင်ငံ၏ စီရင်စု ၃၄ ခုအနက် ၂၀ တွင် ယခုအခါ ဆိုးဆိုးရွားရွား မိုးခေါင်သည့်ဒဏ်ကို တွေ့ကြုံခံစားနေရလေသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ဥပဒေမဲ့ သစ်တောခုတ်ထွင်ရှင်းလင်းမှုများကြောင့် တောမီးလောင်ရသည်ဟု ယူဆရပြီး ဆုမတြာနှင့် ကာလီမင်တန်ဒေသတို့၌ တောမီးရှို့သည်ဟု မသင်္ကာရသော ကုမ္ပဏီများကို အရေးယူနိုင်ရန် ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိလေသည်။

ဆုမတြာနှင့် ဘော်နီယိုကျွန်းတို့၌ ဥပဒေမဲ့ တောခုတ်မီးရှို့ရာမှ တောမီးလောင်ရခြင်းဖြစ်သဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေအား ချိုးဖောက်သည့် ကုမ္ပဏီများကို ထိရောက်စွာ အရေးယူရန် နိုင်ငံရေး တက်ကြွလှုပ်ရှားသူများက တောင်းဆိုလျက်ရှိကြလေသည်။

အင်ဒိုနီးရှားနိုင်ငံ သမိုင်းတွင် ၁၉၉၇ ခုနှစ် နောက်ပိုင်း အဆိုးရွားဆုံး တောမီးလောင်မှုအဖြစ် ဆိုစမှတ်ပြုကြရပြီး အစိုးရနှင့် ပြည်သူတို့အတွက် စီးပွားရေးအရရော၊ လူမှုရေးအရပါ ထိခိုက်ဆုံးရှုံးရမှုများ ခံစားကြရလေသည်။

ယနေ့ကာလတွင် အင်ဒိုနီးရှားနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ၌ သစ်တောပြုန်းတီးမှုပြဿနာကို တွေ့ကြုံခံစားနေကြရ၏။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့မှု၊ မြို့ပြဒေသများ ကျယ်ပြန့်လာမှုတို့ကြောင့် တောပြုန်းမှုများဖြစ်ပေါ်လာရပြီး သစ်တောပြုန်းမှု၏ အကျိုးဆက်အဖြစ် ရေလည်းပျက်၊ မြေလည်းပျက်ကာ ဥတုရာသီပါ ဖောက်ပြန်စေပေသည်။

သစ်တောဟူသည် အမိမြေဝသုန်၏ အဆုတ်များဟု တင်စားခေါ်ဝေါ်နိုင်ပြီး သစ်တောပြုန်းလျှင် လူတို့မွန်းကျပ်သေဆုံးကြရဖွယ်ရှိလေသည်။

တောပြုန်းမှုကြောင့် မြေဆီလွှာ ပျက်လျှင် စိုက်ပျိုးရေးလုပ်ငန်းကိုပါ ပျက်စေမည်သာမက ဇီဝမျိုးစုံလင်မှုကိုပါ ထိခိုက်ရပြီး ဂေဟစနစ်ပျောက်ကွယ်ရပေမည်။

"အမိမြေသည် လူသားတိုင်း၏ လိုအပ်ချက်အတွက်သာ ဖြည့်ဆည်းပေးနိုင်ပြီး လူတို့၏ လောဘရမ္မက်ကို ကျေနပ်အောင် ဖြည့်ဆည်းပေးနိုင်ခြင်းမရှိ" ဟု မဟတ္တမဂန္ဒီက ဆိုမိန့်ခဲ့သည်ကို ကျွန်ုပ်ပြန်ပြောင်းသတိရမိ၏။

သစ်တောတည်းဟူသော သဘာဝသယံဇာတဟူသည် လုံမငယ်တို့၏ နှုတ်ခမ်းနီဆိုးဆေးတောင့်ပမာပင် နေ့စဉ်သုံးစွဲလာခြင်းဖြင့် တစ်တိတစ်တိ ကုန်ခမ်းတတ်သည့် သဘောတရားရှိပေရကား လူ့ပယောဂကြောင့် ရင်သပ်ရှုမောဖွယ် သစ်တောကြီးများ မပျက်သုဉ်းရလေအောင် ဝိုင်းဝန်းကြိုးပမ်းစွမ်းဆောင်ကြရမည်မှာ လူသားတာဝန်တစ်ရပ်ဖြစ်သည်ဟု ကျွန်ုပ်တွေးတောမိပါသတည်း။ ။



# သမိုင်းဝင် မြသလွန်စေတီတော်ကြီး သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ သစ်သီး၊ ဆွမ်း၊ ဆီမီး၊ ပန်း၊ နံ့သာ ပူဇော်



**မကွေး အောက်တိုဘာ ၃၁**

သမိုင်းဝင် မြသလွန်စေတီတော်ကြီး သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀၊ နံ့သာ ၉၀၀၀ပူဇော်ပွဲကို နှစ်စဉ်နှစ်တိုင်း ကျင်းပခဲ့ပြီးဘုရားပွဲတော်အဖြစ် သီတင်းကျွတ်လဆန်း ၁၀ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက် အထိကျင်းပခဲ့ရာ ယခုနှစ်တွင် ဘုရားပွဲတော်ကို တစ်ပတ်ခန့်စော၍ ဖွင့်လှစ်ခဲ့သဖြင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

မကွေးမြို့၏ သမိုင်းဝင်စေတီတော်ဖြစ်သည့် မြသလွန်စေတီတော်မြတ်ကြီး ၂၅၇၉ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီး သီတင်းကျွတ်လပြည့်နေ့တွင် သစ်သီးဆွမ်းနှင့်ပန်း ၉၀၀၀ ကပ်လှူပွဲကိုနံနက် ၅ နာရီက ကျင်းပခဲ့သည်။

ညပိုင်းတွင် ဆီမီး ၉၀၀၀ နှင့် နံ့သာ ၉၀၀၀ ကို ဆက်ကပ်လှူဒါန်းပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဘုန်းမော်ရွှေနှင့်ဇနီးတို့က ဆီမီး ၉၀၀၀ ပူဇော်ပွဲဖွင့်လှစ် ထွန်းညှိပူဇော်ကာ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဘုရားဖူးလာပြည်သူများမှ နံ့သာ ၉၀၀၀ ကပ်လှူပူဇော်ပြီး စေတီတော်ကြီးတွင် ဆီမီးများပူဇော်ခဲ့ကြသည်။

ယင်းနောက် ဘုရားဖူးလာပြည်သူများက မီးရှူးမီးပန်းများပစ်လွှတ်ပူဇော်ခဲ့ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စေတီတော်မြတ်ကြီးတွင် ဆီမီးများထွန်းညှိပူဇော်ထားမှုကို ဧရာဝတီမြစ်ကြောင်းအတွင်းမှ သင်္ဘောဖြင့် လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ကြသည်။

**သန်းနိုင်ဦး(ငဖဲ)**

## အောင်မြင်ဇေယျစေတီတော် ဆီမီး၊ ပန်း ၅၀၀၀ ပူဇော်

**တောင်တွင်းကြီး အောက်တိုဘာ ၃၁**

နှစ်စဉ်ကျင်းပမြဲဖြစ်သော မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ ရှေးဟောင်းသမိုင်းဝင် အောင်မြင်ဇေယျစေတီတော်မြတ်ကြီးတွင် အောက်တိုဘာ ၂၇ ရက်နှင့် ၂၈ ရက် (သတင်းကျွတ်လပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက်) တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မို့မို့ထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့ပေါ် ၁၀ ရက်ကွက်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ အလှူရှင်မိသားစုများက သတင်းကျွတ်မီးထွန်းပွဲတော် ဆီမီး ၅၀၀၀၊ ပန်း ၅၀၀၀၊ နံ့သာ ၅၀၀၀ တို့ဖြင့် ပူဇော်ကန်တော့ခဲ့ကြသည်။

အလားတူ ဇေယျမင်္ဂလာရွှေအင်းတောင်စေတီ၊ ရွှေမောဓောစေတီ၊ ဖောင်တော်ဦးစေတီ၊ တရုကောစေတီတို့တွင်လည်း ဆီမီး၊ ပန်း၊ နံ့သာများဖြင့် ထွန်းညှိပူဇော်ကန်တော့ကြကြောင်း သိရသည်။ **(၅၈၀)**

## ကိုးထပ်ကြီးဘုရား၌ ဆီမီး ၉၀၀၀ ပူဇော်ပွဲ ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၃၁**

ရန်ကုန်(အနောက်ပိုင်း)ခရိုင် စမ်းချောင်းမြို့နယ် ဗားဂရာလမ်းပေါ်၌ တည်ထားကိုးကွယ်တည်ရှိတော်မူသော အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီးဘုရားရင်ပြင်တော်၌ အောက်တိုဘာ ၂၉ ရက် ညနေ ၆ နာရီခွဲတွင် ဆီမီး ၉၀၀၀ ပူဇော်ပွဲကို ကျင်းပခဲ့သည်။

ဘုရားကြီး၏ ပရဝုဏ်အတွင်းရှိ ဘာသာရေးအသင်းအဖွဲ့တို့မှ ကိုးထပ်ကြီးဂေါပကအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကောဇာသက္ကရာဇ် ၁၃၇၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်တွင် ဆီမီး ၉၀၀၀ ပူဇော်ပွဲအား ကျင်းပရာ ဘုရားဖူးများ လာရောက်ကြည်ညိုပူဇော်ခဲ့ကြကြောင်း သိရသည်။

**ရွှေတိုင်လွင်**

## ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်မီးလင်းရေး ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများပေးအပ်

**မုံရွာ အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မုံရွာမြို့နယ်အတွင်းရှိ အက်တော ကျေးရွာအုပ်စု ကံသာကျေးရွာကျေးလက်မီးလင်းရေး ဆိုလာပြားနှင့်ဆက်စပ်ပစ္စည်းများ ပေးအပ်ပွဲကို စက်တင်ဘာ ၂၆ ရက်က ကံသာကျေးရွာတွင် ကျင်းပခဲ့သည်။

ယင်းသို့ပေးအပ်ရာတွင် တံခွန်တိုင်ကျေးရွာ၊ မြင်သာကျွန်းကျေးရွာ၊ မြင်သာကျေးရွာ၊ ထီးတော်တင်ကျေးရွာ၊ အောင်သိဒ္ဓိကျေးရွာနှင့် ကံသာကျေးရွာများ၌ ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဆိုလာပြားများဖြင့် ကျေးလက်မီးလင်းရေးအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ကျေးလက်မီးလင်းရေး ဆိုလာပြားနှင့်ဆက်စပ်ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ကျေးရွာရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

**ပညာရွှေအိုး လူမခိုး**


### " ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက် "

**JNBK Corporation Pte. Ltd.** No.1, Kaki Bukit Rd, 1 Enterprise One # 04-02, Singapore 415934 သည် " **NiBK** " ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ မူပိုင်ပိုင်ရှင်ဖြစ်ပြီး၊ အဆိုပါကုန်အမှတ်တံဆိပ်ပါ မော်တော်ယာဉ်အပိုပစ္စည်းများကို မြန်မာနိုင်ငံအတွင်းတရားဝင်ဖြန့်ဖြူးရောင်းချရန်အတွက် **NINE Automobile Asia Co., Ltd.** အား တစ်ဦးတည်းဖြန့်ချိရေးအရောင်းကိုယ်စားလှယ်အဖြစ်ခန့်အပ်ထားပြီးဖြစ်ပါသည်။

**Reg; No.IV-5926/2013**

**NINE Automobile Asia Co., Ltd.** သည် အထက်ဖော်ပြပါ " **NiBK** " ကုန်အမှတ်တံဆိပ်ပါ " Brake pads for vehicles, brake shoes for vehicles, brake lining for land vehicles, suspension parts for vehicles " မော်တော်ယာဉ်အပိုပစ္စည်းများကို မှာယူတင်သွင်းပြီး၊ လိမ္မော်ရောင်နှင့်အဖြူရောင်စပ်ထားသော **NiBK**စာတန်းပါစက္ကူဘူးခွံဖြင့်လည်းကောင်း၊ အတွင်းမှ Brake pads, Brake shoes များကို ခရမ်းရောင်ဖြင့်လည်းကောင်း၊ ငွေရောင်၊ လိမ္မော်ရောင်တို့ဖြင့်ပေါင်းစပ်ထားသော သုံးဖက်မြင် **NiBK** ကုန်အမှတ်တံဆိပ်ကို hologram ဖြင့်လည်းကောင်း၊ ဆက်စပ်ပစ္စည်းများပေါ်တွင်လည်း logo စာလုံးများကို အသားတံဆိပ်ဖြင့်ရိုက်နှိပ်၍လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျိုက္ကဆံယာဉ်နှင့်ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်း၊ စံပယ်(၃)၊ အခန်း-( ၁၂ ၊ ၁၄ ၊ ၁၅ ၊ ၁၆ )ရှိ **သိန်းထိုက် ဘရိတ်အပိုပစ္စည်းဆိုင်နှင့် မြပြင်တပ်ဆင်ရေးအရောင်းဆိုင်** မှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ယခုအခါ **NiBK** ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ ကောင်းသောနာမည်ကောင်းကို အခွင့်ကောင်းယူ၍ လုပ်ငန်းရှင်အချို့သည် **NiBK** အမှတ်တံဆိပ်အားစက္ကူဘူးခွံများပေါ်တွင် ဆင်တူယိုးမှားနှင့်အရောင်တူပြုလုပ်၍ **Brake pads** နှင့်ဆက်စပ်ဘရိတ်အပိုပစ္စည်းများကို ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရှိရပါသည်။

သို့ပါ၍ **NiBK** ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားပါ မော်တော်ယာဉ်အပိုပစ္စည်းများကို **NINE Automobile Asia Co., Ltd.** ၏ သဘောတူခွင့်ပြုချက်မရှိဘဲ သုံးစွဲသူများထင်ယောင်ထင်မှားဖြစ်စေရန် ဆင်တူယိုးမှားပြုလုပ်၍ မှာယူတင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ဖြန့်ဖြူးရောင်းချရန်အလို့ငှာ လက်ဝယ် သိုလှောင်ထားရှိခြင်း လုံးဝ (လုံးဝ) မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက တည်ဆဲတရားဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**NINE Automobile Asia Co., Ltd.** ၏
လွှဲအပ်ညွှန်ကြားချက်အရ ဦးအိန္ဒစိ(တရားလွှတ်တော်ရှေ့နေ) (စဉ်-၅၃၄၁)
**YE NOOS & ASSOCIATES (Law Firm)**
အမှတ်-၁၇၆(ပထမထပ်)၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၃၉၇၂၃၄ ၊ ၃၉၇၂၃၅ ၊ ၂၉၆၀၃၂ ။



### ဦးလှဝင်းအောင် (၉/ညဥလ(နိုင်)၀၄၆၃၂၁) နှင့် အများသိစေရန် ကြေညာခြင်း

ကမာရွတ်မြို့နယ်၊ အနော်ရထာစုပေါင်းအိမ်ရာ၊ ပြည်လမ်း၊ အမှတ် (B/3)၊ အခန်း(၁)နေ San Htoo (Myanmar) Construction & Piling Co., Ltd. ၏ ဒါရိုက်တာတစ်ဦး ဖြစ်သူ ဦးလှဝင်းအောင်သည် ကျွန်ုပ်မိတ်ဆွေ၏ MHTT Co., Ltd. တွင် ကုမ္ပဏီဝန်ထမ်းအဖြစ်အလုပ်လုပ်ကိုင်ခဲ့သည့်ကာလအတွင်း၌ လုပ်ငန်းတာဝန်အားအကြောင်းပြ၍ ကြိုတင်ထုတ်ယူခဲ့သည့် ကုမ္ပဏီပိုင်ငွေကြေးကိစ္စရပ်များအား ရှင်းလင်းပေးရန် တာဝန်ရှိကြောင်းသိရှိပါလျက် တစ်စုံတစ်ရာရှင်းလင်းခြင်းမရှိဘဲ MHTT Co., Ltd. မှမိမိသဘောဆန္ဒဖြင့် အလုပ်ထွက်ခဲ့ခြင်းဖြစ်ပါ၍ ဦးလှဝင်းအောင်မှ MHTT ကုမ္ပဏီနှင့် ရှင်းလင်းပေးရန် ကျန်ရှိနေသော ငွေကြေးကိစ္စအရပ်ရပ်အား ယနေ့မှစ၍(၇)ရက်အတွင်း အင်းစိန်မြို့နယ်ရှိ MHTT ကုမ္ပဏီသို့ ဦးလှဝင်းအောင် ကိုယ်တိုင်လာရောက်ဖြေရှင်းပေးပါရန် အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ဦးချမ်းငြိမ်းအောင် (Director) | ဒေါ်ခင်မာလွင် (LL.B, D.B.L) |
| MHTT Co., Ltd. | တရားလွှတ်တော်ရှေ့နေ |
| အမှတ်(၂၄/၂၆)၊ လမ်းသစ်လမ်း၊ | (စဉ် - ၇၆၅၂) |
| နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်။ | ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၈၅၁၈၉၆၈၉ |

## မှိုစားသုံးသူထက် ရောင်းချသူကပိုများနေ၍ မှိုရောင်းသူများ ဈေးကောင်းမရဖြစ်နေ

**အရာတော်  အောက်တိုဘာ ၃၁**

မှိုလှိုင်လှိုင်ပေါ်ချိန် ယခုရာသီတွင် မှိုတစ်ပိဿာရောင်းရငွေမှာ မှိုဥနက်တစ်မျိုးသာ ကျပ် ၈၀၀၀ ဈေးရရှိပြီး မှိုနီ၊ မှိုဖြူ၊ မှိုဥ စသည်တို့မှာ ဈေးကောင်းမရကြောင်း၊ ယခုအခါ မှိုများလှိုင်လှိုင်ပေါက်သကဲ့သို့ မှိုရှာသူတို့ များပြားလာပြီး စားသုံးသူတို့နည်းပါးလာသဖြင့် မှိုဈေးမှာ မြို့ပေါ်တွင် ငွေကျပ် ၅၀၀၀ ဈေးနှင့် ကျေးလက်ဒေသမှာ ကျပ်  ၄၀၀၀၊ ၃၀၀၀ ဈေး အတက်အကျရှိကြောင်း သိရသည်။

မိုးအကုန်ဆောင်းအကူးကာလ၌ အောက်ပိုင်းအညာဒေသဖြစ်သည့် မုံရွာခရိုင် အရာတော်မြို့နယ် ကျေးလက်ဒေသ တောတောင် လယ်ယာချုံနွယ်အပင်အောက်များ၌ တစ်နှစ်တစ်ခါပေါ်ပေါက်သည့် ရာသီစာမှိုဥနက်များ လှိုင်လှိုင်ပေါ်ပေါက်ရောက်မှုကြောင့် မှိုရှာရောင်းချသူတို့ တစ်ရက်ကိုကံကောင်းလျှင်တစ်ပိဿာ၊ တစ်ပိဿာခွဲခန့်ရရှိကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

"မှိုဥနက်ပေါ်ဦးပေါ်ဖျားအချိန်မှာ တစ်ပိဿာကို ၈၀၀၀ ဈေးရောင်းချရတဲ့အတွက် ရာသီစာဝင်ငွေ တစ်ရက် ငွေကျပ် ၈၀၀၀ နှင့် ၁၀၀၀၀ ကြားရရှိပါတယ်။ မှိုပေါ်ပေမဲ့ တစ်ရက်တစ်ပိဿာရရှိသလို တစ်ခါတလေ ၅၀ သားလောက်ပဲရတာကြောင့် ရာသီခွင်မှာ ပုံမှန်တွက်ဆမရပါဘူး" ဟု ကျေးလက်ဒေသ မှိုရှာရောင်းချသူများက ပြောသည်။

**တင့်ဝေ(အရာတော်)**



## ပန်းရောင်ကတ်ကိုင်ဆောင်သူ မြန်မာအလုပ်သမားများအား CI ထုတ်ပေးရန် ရွှေ့ဆိုင်း

**ဗန်ကောက်  အောက်တိုဘာ ၃၁**

ထိုင်း-မြန်မာ နှစ်နိုင်ငံအစိုးရ သဘောတူညီချက်အရ ထိုင်းနိုင်ငံအတွင်း လာရောက်အလုပ်လုပ်ကိုင်သူ ပန်းရောင်ကတ် ကိုင်ဆောင်ထားသည့် မြန်မာအလုပ်သမားများအား အိမ်ထောင်စုဇယားနှင့် မှတ်ပုံတင်ကတ်ပြားမရှိလျှင် Certificate of Identity (CI) ဆိုသည့် မည်သူမည်ဝါဖြစ်ကြောင်း အစိမ်းရောင်စာအုပ်ထုတ်ပေးရန် သဘောတူညီမှုရှိခဲ့ကြောင်း သိရသည်။

ယခုအခါ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၅ အောက်တိုဘာ ၂၂ ရက်စွဲဖြင့် ၎င်း Certificate of Identity (CI) စာအုပ်ထုတ်ပေးရေးကိစ္စအား ရက်ရွှေ့ဆိုင်းလိုက်ကြောင်း ထိုင်းအလုပ်သမားဝန်ကြီးဌာနမှ ဘန်ကောက်မြန်မာသံရုံးသို့ စာရေးသားအကြောင်းကြားထားကြောင်း  သိရသည်။

သို့သော် ယခင်က ဆောင်ရွက်ပေးလျက်ရှိသည့် အိမ်ထောင်စုဇယားနှင့် မှတ်ပုံတင်ကတ်ပြား ပြည့်စုံသူများအား ပတ်စ်ပို့ထုတ်ပေးရေးလုပ်ငန်းများကိုမူ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း  CTUM အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ကျော်စိုး(ကော့သောင်းပြန်/ဆက်)**

## ကျေးရွာချင်းဆက်တံတားများ ပြန်လည်ပြုပြင်

**မောက်မယ်  အောက်တိုဘာ ၃၁**

ကျေးလက်နေပြည်သူများ  လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး သွားလာမှုအဆင်ပြေစေရန်နှင့် လူမှုဘဝတိုးတက်မြင့်မားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းကြောင့် ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်း ကျေးရွာချင်းဆက်တံတားများ ဆက်သွယ်ရေးအဆင်ပြေရန်အတွက်  ပြည်ထောင်စုဘတ်ဂျက်ဖြင့် ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေဖြင့် ခွဲဝေချထားပေးပြီး မောက်မယ်-နမ့်လွတ် (၉) မိုင်လမ်းပေါ်ရှိ ပေ ၅၀ တံတားနှစ်စင်း၊ ၃၅ ပေ တံတားတစ်စင်း၊ ပေ ၃၀ တံတားတစ်စင်း၊ ပေ ၂၀ တံတားတစ်စင်းအား ပြန်လည်ပြုပြင်ရေးအတွက် အောက်တိုဘာ ၂၉ ရက်တွင် မြို့နယ်စီမံခန့် ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးဦးဆောင်၍ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ လမ်းဦးစီးဌာနမှ အင်ဂျင်နီယာတို့က သွားရောက်ကြည့်ရှုပြီး စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်နှင့်တစ်ပြေးညီပြီးစီးရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

## မုံရွာအကျဉ်းထောင်၌ အကျဉ်းသား၊ အကျဉ်းသူများ စုပေါင်းပြီး သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်း

**မုံရွာ  အောက်တိုဘာ ၃၁**

သီတင်းကျွတ်လပြည့်နေ့သည် ဘာသာရေးဆိုင်ရာပွဲတော်များအရလည်း အဘိဓမ္မာအခါတော်နေ့ဖြစ်ကာ ဥပုသ်သီတင်းစောင့်သုံးချင်သည့်သူများအတွက်လည်း ထူးခြားသည့် ဥပုသ်နေ့အခါသမယဖြစ်ရာ မုံရွာအကျဉ်းထောင်တွင် အောက်တိုဘာ ၂၈ ရက် နံနက် ၁၀ နာရီက အကျဉ်းသား၊ အကျဉ်းသူများ စုပေါင်းပြီး သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆွမ်းကပ်လှူဒါန်းမှုအခြေအနေနှင့်ပတ်သက်၍ မုံရွာအကျဉ်းထောင်တာဝန်ခံ ဦးသိန်းလွင် (ဦးစီးအရာရှိ)က "အကျဉ်းသား၊ အကျဉ်းသူများ သီတင်းကျွတ်လပြည့်နေ့လို အခါကြီးရက်ကြီးတွေမှာ ဘာသာတရားကိုင်းရှိုင်းပြီး အများနည်းတူ ကုသိုလ်ကောင်းမှုလေးတွေဆောင်ရွက်ပြီး သတင်းသီလ ဆောက်တည်နိုင်အောင် အခုလိုဆွမ်းကပ်လှူဒါန်းပွဲလေးကို ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။

သူတို့လေးတွေကို စိတ်အားငယ်မှုတွေမဖြစ်အောင် စိတ်ပိုင်းဆိုင်ရာ မြှင့်တင်ပေးချင်ပါတယ်။ သီတင်းကျွတ်လပြည့်နေ့အထိမ်းအမှတ် အကျဉ်းသား၊ အကျဉ်းသူအားလုံးကို ကြက်သားဗလာဟင်း၊ ချဉ်ရေဟင်းနဲ့ကျွေးမွေးဖို့ စီစဉ်ထားပါတယ်။ သီတင်းသီလဆောက်တည်သူတွေအပြင် သူတို့လေးတွေကို ယနေ့ပျော်ပွဲရွှင်ပွဲတွေလည်း ဆောင်ရွက်ပေးမှာပါ။ ဘယ်လိုအကြောင်းနဲ့ အကျဉ်းထောင်ထဲကိုရောက်လာသည်ဖြစ်စေ မိဘလိုသဘောထားပြီး လိုအပ်ချက်လေးတွေကို ဖြည့်ဆည်းသွားမှာ ပါ"ဟု ပြောကြားခဲ့သည်။

အဆိုပါ ဆွမ်းကပ်လှူဒါန်းပွဲတွင် အကျဉ်းသား၊ အကျဉ်းသူများအား မြို့မဂတ်ကျောင်းဆရာတော်မှ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားခဲ့ပြီး သံဃာတော်ငါးပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများလည်း ကပ်လှူခဲ့ကြကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**










ကျန်းမာရေးဆောင်းပါး

# မျက်စိကပြောပြသော သင့်ကျန်းမာရေးအကြောင်း



à ပေါက်ပေါက်

'မျက်စိက စိတ်ရဲ့တံခါးပေါက်' လို့ ဆိုကြပါတယ်။ မှန်ပါတယ်။ သို့သော် မျက်စိက လူတစ်ယောက်ရဲ့စိတ်နေသဘောထားကိုသာမက ကျန်းမာရေးအခြေအနေကိုပါ ပြောပြနိုင်တာကြောင့် သင့်ကျန်းမာရေးကို အောက်ပါအတိုင်း ပဟေဠိ အဖြေညှိကြည့်နိုင်ပါတယ်။

**(၁) စိတ်ဖိစီးမှုများခြင်း**

မကြာခဏ သမ်းဝေတာ၊ မျက်ဝန်းထဲမှာ ရည်ကြည်ဥတွေ တွဲလွဲခိုနေတာတွေဟာ စိတ်ဖိစီးမှုများခြင်းနဲ့ ဆက်စပ်နေပါတယ်။ အထူးသဖြင့် အရွယ်နှင့်မမျှ စိတ်ဖိစီးမှုများခံစားရတဲ့အခါ မျက်ရည်ယိုခြင်းနှင့် မျက်ရည်ပူကျခြင်းတွေ ဖြစ်တတ်ပါတယ်။

**(၂) သွေးတိုးရောဂါ**

အသက်ငယ်သူတွေမှာ မသိသာလှသော်လည်း အသက်ရလာသူတွေအတွက် ထင်သာမြင်သာရှိစေတဲ့ လက္ခဏာမျိုးပါ။ မျက်လုံးသွေးကြောတွေ ရောင်ရမ်းနီရဲကာ၊ မျက်ခွံတွေမို့မောက်နေခြင်းက သွေးတိုးရောဂါဖြစ်နေတာကို ဖော်ပြနေတာပဲ ဖြစ်ပါတယ်။

**(၃) အရွယ်မတိုင်မီ အနီးမှုန်ခြင်း**

အနီးမှုန်ခြင်းဟာ သက်ကြီးပိုင်းမှာဖြစ်လေ့ရှိတဲ့ မျက်စိဇရာတစ်မျိုးပါ။ သို့သော် အသက် ၂၀ လောက်မှာ အနီးမှုန်နေပြီဆိုရင်တော့ ၎င်းကို Computer Vision Syndrome (ခေါ်) ကွန်ပျူတာအကြည့်များ၍ဖြစ်တဲ့ မျက်စိရောဂါလို့ ခေါ်ပါတယ်။ ဒါကြောင့် Laptop ကွန်ပျူတာများနှင့် LED screen တီဗွီမျက်နှာပြင်တွေကို အချိန်လျှော့၍ ကြည့်ပေးသင့်ပါတယ်။

**(၄) ဆီးချို ရောဂါ**

မျက်လုံးထဲမှာ သွေးယိုစီးတာတွေ၊ မျက်စိသွေးကြောပေါက်တာတွေဟာ ဆီးချိုရောဂါဖြစ်နေကြောင်း (သို့မဟုတ်) ဆီးချိုရောဂါဖြစ်လာတော့မယ့် အရိပ်အယောင်တွေပါပဲ။ ဆီးချိုရောဂါစွဲကပ်ချိန် ကြာမြင့်လေ မျက်စိကွယ်နိုင်ချေအလားအလာ ပိုများလေဖြစ်တာကြောင့် မပေါ့ဆသင့်ပါဘူး။

**(၅) မျက်စိရောဂါ**

အနီးမှုန်၊ အဝေးမှုန် မျက်မှန်တပ်ရသူတွေအားလုံး ခြောက်လတစ်ကြိမ် မျက်စိပုံမှန် စမ်းသပ်စစ်ဆေးသင့်ပါတယ်။ ဒီလိုစစ်ဆေးခြင်းက မျက်မှန်ပါဝါ အတက်အကျ အခြေအနေကိုသိရပြီး လိုအပ်သလို ပါဝါမှန်သစ်လဲ၍ ကြည်လင်ပြတ်သွားစွာမြင်နိုင်သလို မျက်စိဆရာဝန်များက စက်ကိရိယာဖြင့်စမ်းသပ်၍ အတွင်းတိမ်၊ အပြင်တိမ်၊ မျက်ကြည်လွှာ ပြဿနာအမျိုးမျိုး၊ မျက်ရည်အိတ်ခမ်းခြောက်ရောဂါ၊ မျက်စိတီဘီ၊ မျက်စိကင်ဆာနှင့် အာရုံကြောပြဿနာတို့ကို အချိန်မီသိရှိနိုင်ပြီး ခွဲစိပ်ကုသမှုပြုနိုင်မှာဖြစ်ပါတယ်။ အကယ်၍ မျက်လုံးသွေးကြောထုံးခြင်းက လေငန်း(လေဖြတ်)ရောဂါနဲ့ပါ ဆက်နွယ်မှုရှိနေပါတယ်။ မျက်စိအဆုံး၊ နားအရှုံးဆိုတဲ့ ဆိုရိုးစကားအတိုင်း အရွယ်မတိုင်မီ ဘဝမဆုံးရလေအောင် ကျန်းမာရေးအသိဖြင့် မိမိမျက်စိကို ကာကွယ်စောင့်ရှောက်သင့်ပါသည်။

# အိမ်ရာပိုင်ဆိုင်မှုအထောက်အထား ကျေးရွာမြေငှားဂရန်များ မြင်းမူမြို့နယ်၌ ထုတ်ပေး

**မြင်းမူ အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ခွက်ခွင်းစံပြကျေးရွာမှ ကျေးလက်နေပြည်သူများ နေထိုင်သည့် နေအိမ်ဝိုင်းများအတွက် မြေငှားဂရန်များ (မြေငှားစာချုပ်) ပေးအပ်ပွဲကို အောက်တိုဘာ ၂၉ ရက်က အဆိုပါ ခွက်ခွင်းကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညိုက ကျေးလက်နေပြည်သူများ အိမ်ရာပိုင်ဆိုင်မှု အထောက်အထားများရှိလာပြီဖြစ်သည့်အတွက် မိမိပိုင် အိမ်ဝိုင်းမြေအား ရောင်းဝယ်ရာတွင် အထောက်အထား ခိုင်ခိုင်မာမာဖြင့် ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ ကျေးရွာမြေငှားဂရန်များ ရရှိလာပြီဖြစ်သည့်အတွက် အိမ်ဝိုင်းမြေပိုင်ဆိုင်မှုကို အထောက်အကူဖြစ်စေကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်မြင့်က ကျေးရွာမြေငှားဂရန်များထုတ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးမှူး ဦးခင်မောင်မြင့်၊ မြင်းမူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့် တာဝန်ရှိသူများက မြေငှားဂရန်(မြေငှားစာချုပ်)နှင့် သက်သေခံမြေပုံများကို ဒေသခံကျေးလက်ပြည်သူများထံ ပေးအပ်ရာ ခွက်ခွင်းကျေးရွာပြည်သူများ ကိုယ်စား ဦးလင်းလင်းထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

မြေငှားဂရန်များ ထုတ်ပေးရာတွင် ခွက်ခွင်းကျေးရွာရှိ အိမ်ထောင်စု ၂၀၄ စု၏ မူလကျေးရွာမြေမှ ၂၈၃ ကွက်နှင့် တိုးချဲ့ကျေးရွာမြေမှ ၁၇၅ ကွက် စုစုပေါင်း ၄၅၈ ကွက်အတွက် မြေငှားဂရန်များ ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်စိုးဖေ**

# ပဲခူးမြို့နယ် မယင်းကျေးရွာအုပ်စုတွင် မိုးစပါးစံပြကွက် ရိုပ်သိမ်းပွဲကျင်းပ

**ပဲခူး အောက်တိုဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မယင်းကျေးရွာအုပ်စု စံကွက်ရိပ်သိမ်းပွဲ အခမ်းအနားကို ကွင်းအမှတ် (၆၅၉-က) ရှိ တောင်သူဦးအောင်ကြည်ပိုင်ဆိုင်သော လယ်မြေတွင် စိုက်ပျိုးထားသည့် (မနောသုခ-၂) မျိုးစေ့ထုတ်စံကွက် ၅၀ ဧကတွင် အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ယင်းနောက် မိုးစပါးစံကွက်ရိပ်သိမ်းရာတွင် ဧကအစုံထွက် တင်း ၁၁၀ ထွက်ရှိခဲ့ပြီး အဆိုပါအခမ်းအနားသို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးလေးမြင့်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်လင်းနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူစုစုပေါင်း ၁၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပဲခူးခရိုင်(ပြန်/ဆက်)**


## မွေးနေ့ဆုတောင်း

၁-၁၁-၂၀၁၅ရက်တွင် ကျရောက်သော သားသားလေး မြတ်ဗိုလ်ဦး (ခ) ဖိုးလပြည့် (Grade-1, I.S.M)၏ (၇)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ အသက်ရာကျော်ရှည်၍ ထူးချွန်ထက်မြက်သော သားကောင်းရတနာအဖြစ် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် -

နှစ်ဖက်သော ဘိုးဘိုး ဘွားဘွားများနှင့်-

ဖေဖေ - ဦးအောင်မြတ်စိုး (**M.D**) (ဖွေးဖွေးနှင့်မိသားစုဆောက်လုပ်ရေးကုမ္ပဏီ)

မေမေ - ဒေါ်ဝင့်ဝင့်နွယ် (**Director**) (ဖွေးဖွေးနှင့်မိသားစုဆောက်လုပ်ရေးကုမ္ပဏီ)

မမ - မဖွေးဖွေး (ခ) ငြိမ်းဆုသွယ် **(Grade-10 , T.T.C)**

**ဖွေးဖွေးနှင့်မိသားစုဆောက်လုပ်ရေးကုမ္ပဏီမှဝန်ထမ်းများ**

## မုန့်ဆရာအလိုရှိသည်

ပေါက်စီ၊ ဘဲသားမုန့်၊ ဆိတ်သားပတ်(စ်) ကျွမ်းကျင်စွာ လုပ်နိုင်သော မုန့်ဆရာတစ်ယောက် အလိုရှိသည်။ နေစားစရိတ် ငြိမ်း၊ သန်လျင်တွင် အလုပ်လုပ်ရပါမည်။ ကျွမ်းကျင်မှုပေါ်မူတည်၍ လစာကို ညှိနှိုင်းပေးပါမည်။

ဖုန်း-၀၉-၅၁၂၇၃၇၊ ၀၉-၇၉၉၉၉၁၁၀၃၊ ၀၉-၄၂၅၃၆၁၆၃၃




**One Stop Solution For Food**

နံနက်စာအတွက်...တိုရှည်၊ အာလူးပူရီစားချင်သလား... FOOD ကိုသွား...

ကြက်ကလေးဟင်းဆိုတာရော စားချင်သလား... FOOD ကိုသွား...

အရသာစွဲမက်သွားစေမဲ့ လက်ဖက်ရည်နဲ့ပေါင်း သောက်ချင်သေးလား... FOOD ကိုသွား...

နေ့လည်စာနဲ့ ညစာတွေအတွက် ...

အိန္ဒိယအစားအစာ၊ မလေးအစားအစာနဲ့

ဥရောပအစားအစာများအပြင်

အရှေ့တိုင်းအစားအစာမျိုးစုံ စားချင်ပါသလား... FOOD ကိုသွား...

FOODFARE

Phone - + 959 261 326530, 261 326531

# ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဂ) ၁-၁-၂၀၁၆ရက်နေ့တွင် အသက် (၁၆) နှစ်ပြည့်ပြီး (၁၉)နှစ်ထက်မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာ စစ်ဌာနချုပ်များတွင် ၃၀-၉-၂၀၁၅ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၄-၁၂-၂၀၁၅ရက်နေ့မှ ၁၂-၁၂-၂၀၁၅ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက် သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ် ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)။

(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ။

၃။ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း)အမှတ်(၁) အရာခံနှင့် အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့်အင်္ဂလိပ်စာဘာသာရပ်တို့ကို (၂)နှစ်ကြာသင်ကြား လေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S(Diploma in Computer Studies)ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ် လစာ ၁၂၀၀၀ဝိ/-ကို လည်းကောင်း၊ ခြေလျင်တပ်သားသစ် သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၁၂၅၀၀ဝိ/-ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အဖြစ်ခန့်အပ်ပေးမည်။

၆။ လုပ်သက်(၂)နှစ်ပြည့်သည့်အခါ အဆင့်/အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ၊ စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) | ၁၇၀၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၈၄၀၀၀ |
| (ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) | ၁၇၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၈၆၀၀၀ |
| (ဂ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၁၇၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၁၈၈၀၀၀ |
| (ဃ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၀၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (င) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၃၃၀၀၀ |

**မှတ်ချက်။ ။ နှစ်တိုးလစာကို (၂)နှစ်လျှင် ၂၀၀ဝိ/-နှုန်းဖြင့် ၁၀၀၀ဝိ/-အထိ ခံစားခွင့်ရှိသည်။**

၇။ တာဝန်ထမ်းဆောင်စဉ် အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေးအတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် (၆)နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် (၈)နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

မှတ်ချက်။ ။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

ကြော်ငြာ

INVITATION FOR OPEN TENDER

(TENDER NO.4(T) MPE/MIXED LPG(1)/2015-2016)

1. Open Tender is invited for the Myanma Petrochemical Enterprise, the Ministry of Energy for the supply of Mixed LPG(1,800 MT ± 5%).
2. Tender Closing Date : 1.12.2015 at (12:00) noon.
3. Tender Opening Date : 1.12.2015 at 13:00 hrs.
4. Delivery Time : Within 14th~18th February 2016
5. Tender Documents and details information are available at the Department of Finance, Myanma Petrochemical Enterprise, Nay Pyi Taw, during office hours commencing 5.11.2015 on payment of the Myanmar Kyat One Hundred Thousand (Kyat 100,000)per set.
6. Only bid from tenderer who has purchased tender document officially from Myanma Petrochemical Enterprise will be accepted for evaluation.

**Managing Director**

**Myanma Petrochemical Enterprise**

**Contact Phone no.067-411108/411193**

---

ကျန်းမာရေးဝန်ကြီးဌာန

ကုသရေးဦးစီးဌာန

မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီး

မန္တလေးမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီး၊ မန္တလေးမြို့သို့ လာရောက်ဆေးကုသမှုခံယူသော ပြင်ပလူနာများနှင့်အတွင်းလူနာများအတွက် အသုံးပြုရန် လိုအပ်သော (FDA) အသိအမှတ်ပြုဆေးနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသောကြောင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းပါရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာများစတင်ရောင်းချမည့်ရက်-၃၀-၁၀-၂၀၁၅ရက်၊ (သောကြာနေ့) တင်ဒါလျှောက်လွှာပိတ်မည့်ရက် -၃၀-၁၁-၂၀၁၅ရက်၊ (တနင်္လာနေ့)၊ ညနေ ၄နာရီ

၃။ လိုအပ်သော တင်ဒါစည်းမျဉ်းနှင့် ဆေးပစ္စည်းများအကြောင်းကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးကော်မတီ**

**ဆေးရုံအုပ်ကြီးရုံး**

**မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါအထူးကုဆေးရုံကြီး၊ မန္တလေးမြို့**

**၂၃လမ်း၊ ၈၀×၈၁ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။**

**ဖုန်း-၀၂-၃၁၂၀၀၊ ၀၂-၂၁၁၀၆**

---

# အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

## (၁၁)ညအိပ်(၁၂)ရက်ခရီးစဉ်နှင့်(၄)ညအိပ်(၅)ရက်အထူးခရီးစဉ်

အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့သည် ယခုနှစ် ၂၀၁၅-၂၀၁၆ခုနှစ်၊ ဘုရားဖူးရာသီတွင် သံဝေဇနီယလေးဌာန(အိန္ဒိယ/နီပေါ) ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များအား ၂၀၁၅ခုနှစ်၊ စက်တင်ဘာလ နောက်ဆုံးပတ်မှစတင်၍''အောင်ချမ်းသာမှသင့်ဆန္ဒပြည့်ဝစေရမည်'' ဟူသောဆောင်ပုဒ်နှင့်အညီတစ်ပတ်ခြားတနင်္လာနေ့တိုင်းထွက်ခွာရန် စီစဉ်ထားရှိသည့်(၁၁)ညအိပ်(၁၂)ရက်ခရီးစဉ်အပြင်အထူးခရီးစဉ်အဖြစ်ကျန်းမာရေးအတွက်ကြောင့်ခရီးရှည်မသွားနိုင်သောသူများနှင့်အချိန်မပေးနိုင်သောသူများအတွက်(၄)ညအိပ်(၅)ရက်အထူးခရီးစဉ်ကိုစီစဉ်ထားရှိပါသည်။ခရီးစဉ်မှာ ဗုဒ္ဓဂယာ(၂)ည၊ဗာရာဏသီ(မိဂဒါဝုန်)(၁)ည၊အပြန်ဗုဒ္ဓဂယာ(၁)ညဖြစ်ပါသည်။ထွက်ခွာမည့်ရက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။(၄)ညအိပ်(၅)ရက်အထူးခရီးစဉ်များမှာ-

ခရီးစဉ်(၁)၂၁-၁၂-၂၀၁၅ မှ ၂၅-၁၂-၂၀၁၅၊(၂)၄-၁-၂၀၁၆ မှ ၈-၁-၂၀၁၆၊(၃)၁၈-၁-၂၀၁၆ မှ ၂၂-၁-၂၀၁၆

ပုံမှန်(၁၁)ညအိပ်(၁၂)ရက်ခရီးစဉ်များမှာ-

| | | | |
|---|---|---|---|
| (၁)၂၈-၉-၂၀၁၅ (ရောက်ရှိ) | (၅)၂၃-၁၁-၂၀၁၅ (ပြည့်ပြီး) | (၉)၁၈-၁-၂၀၁၆ (၂၀)ဦးလို | (၁၃)၁၄-၃-၂၀၁၆ (၁၅)ဦးလို |
| (၂) ၁၂-၁၀-၂၀၁၅ (ရောက်ရှိ) | (၆) ၇-၁၂-၂၀၁၅ (ပြည့်ပြီး) | (၁၀) ၁-၂-၂၀၁၆ (၁၀)ဦးလို | (၁၄) ၂၈-၃-၂၀၁၆ (၂၀)ဦးလို |
| (၃)၂၆-၁၀-၂၀၁၅ (ထွက်ခွာ) | (၇) ၂၁-၁၂-၂၀၁၅ (၂၀)ဦးလို | (၁၁)၁၅-၂-၂၀၁၆ (၅)ဦးလို | (၁၅)၁၁-၄-၂၀၁၆ (ပြည့်ပြီး) |
| (၄) ၉-၁၁-၂၀၁၅ (ပြည့်ပြီး) | (၈) ၄-၁-၂၀၁၆ (၂၅)ဦးလို | (၁၂) ၂၉-၂-၂၀၁၆ (၂၅)ဦးလို | (သင်္ကြန်ပိတ်ရက်) |

အထက်ပါခရီးစဉ်များပြောင်းလဲခြင်းမရှိပါ။မိမိသွားလိုသောခရီးစဉ်များကိုရွေးချယ်၍ **Power Palace Hotel** အမှတ်-၁၆၊ပြည်သာယာလမ်း၊ဘောက်ထော်၊ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၀၁-၅၅၉၇၁၉၊၀၁-၅၄၄၂၈၇၊၀၁-၄၀၀၈၁၆၊ ၀၉-၇၃၁၅၂၈၆၀၊ ၀၉-၇၃၁၅၁၃၁၃၊ ၀၉-၅၁၂၈၆၂၁သို့အမြန်ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။ **သင်မြင့်အောင်**

---

အာရှနဂါး

Asia Dragon ကျိုက်ထီးရိုး

ချောင်းသာ / ငွေဆောင်

Ph : 703790, 09-861-9008

707062, 09-861-7770

---

တိုက်ခန်းရောင်းမည်/ငှားမည်

မရမ်းကုန်းမြို့နယ်၊ ဗဟိုလမ်းမ၊

မုဒိတာကွန်ဒို(၁)၊ 4th floor (840)sq,

1MBR, 2BR, AC, WH, Lift, Carpark

ရောင်း-သိန်း ၄၈၀၊

ငှား- ၄. ၃သိန်း

Ph-09790869930

(ပွဲစားမလို)

---

အလက (၂) ရန်ကင်း (စိန့်ဇေးဗီးယား)

(၁၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲ (၁၉၆၃-၂၀၀၄)

၁၉၆၃ မှ ၂၀၀၄ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့သော ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ၂၀၁၆ ဇန်နဝါရီလ (၁၀) ရက် (တနင်္ဂနွေနေ့) နံနက် (၈း၃၀) နာရီတွင် အလက (၂) ရန်ကင်း၌ ကျင်းပမည်ဖြစ်၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ ကျောင်းသား၊ ကျောင်းသူများလည်း မပျက်မကွက်တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| မသူဇာမောင်ကြီး | ၀၉ ၇၉၉၅၈၅၀၂၂ | ကိုစန်းဘိုဦး | ၀၉ ၇၃၀၁၉၈၇၀ |
| မနီနီ | ၀၁ ၄၀၀၄၆၀ | ကိုအေးဖြိုး | ၀၉ ၇၃၀၁၉၈၅၅ |
| မရီရီသိန်း | ၀၁ ၅၇၂၅၄၆ | ဒေါက်တာမြတ်မွန်ခိုင် | ၀၉ ၅၁၄၂၅၁၀ |
| မလှလှငွေ | ၀၉ ၇၃၂၀၁၇၈၇ | မအိအိသွင် | ၀၉ ၂၅၄၀၁၇၀၂၉ |
| မမိုးအောင်ဆန်း | ၀၉ ၅၀၀၈၇၇၀ | မယမင်းဝင်းမြင့် | ၀၉ ၅၄၀၅၆၀၂ |
| မကြည်ကြည်ဆွေ | ၀၉ ၅၁၇၇၃၈၃ | မစုမြတ်မွန် | ၀၉ ၅၄၁၂၁၈၄ |
| မမိမိအေး | ၀၉ ၇၃၀၇၅၈၇၇ | မအိသီရိကြူ | ၀၉ ၇၃၁၆၄၉၂၅ |
| ကိုအောင်မိုးထွန်း | ၀၉ ၇၉၈၄၇၄၉၀၉ | ဒေါက်တာမင်းလှ | ၀၉ ၅၀၅၇၉၀၀ |



## ကြော်ငြာ


# IT COMPUTER TRAINING CENTER အိုင်တီ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ သင်တန်း

**ENGLISH Language** | **AutoCAD - 3ds Max** | **VIDEO EDITING** | **Computer Basic** | **LCCI I-II**

**MOBILE PHONE SOFTWARE HARDWARE** | **DESKTOP PUBLISHING** | **Service Technician** | **GRAPHIC DESIGN**

HOT LINE - 383893, 253293, 09492983778

10%

UK Teaching Qualifications in Myanmar

အမှတ်(၂၁)၊ (၄)လွှာ၊ ရွှမ်းကုန်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။
Tel: 09421008412

SIS Education Services
"Teaching for society"

November 14 ဖွင့်မည်။



Diploma in TESOL (Batch 9)

London Teacher Training College (UK) နှင့် SIS Education Services တို့ ပူးပေါင်းဖွင့်လှစ်သော နိုင်ငံတကာအသိအမှတ်ပြုအင်္ဂလိပ်စာ သင်ကြားရေး Diploma ဖြစ်ပါသည်။
International School များတွင် Teacher Training များပေးခဲ့သော Certified TESOL Trainer **ဆရာဦးထင်အောင်ကျော်** B.A (Eng;), Dip-ELTM, M.A (EFL) ကိုယ်တိုင်သင်ကြားပါမည်။
ယခင် Batch များနည်းတူ (၆)ဦးသာလက်ခံမည်ဖြစ်၍ ကြိုတင်ငွေသွင်းအပ်နှံနိုင်ပါပြီ။

* Foreigners can also join this class.*

TOKYO BBQ DINING
MANPUKU



စိတ်လှုပ်ရှားဖွယ် Promotion အစီအစဉ်များကို တစ်လတစ်ခါ မထပ်အောင် စီစဉ်ပေးလျက်ရှိပါသည်။

No.(30), Sagawar Street, Dagon Township, Yangon.
TEL: 09-970137546
09-8300426
09-5046736

ဂျပန်စားဖိုမှူးကြီး MR.Naoki Watanabe ကိုယ်တိုင်ချက်ပြုတ်စီမံ၍ နိုင်ငံကျော် ရုပ်ရှင် မင်းသား၊ မင်းသမီး အဆိုတော်များ အထူးကြိုက်နှစ်သက် အားပေးလျက်ရှိသော **ဂျပန်အသားကင်ဆိုင်**


**ပျောက်ဆုံးကြောင်း**
ကျွန်တော် ခိုင်ကျော်၏ Passport (A-၂၅၀၃၉၄)သည် ခရီးသွားနေစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း- ၀၉-၄၂၀၆၈၃၅၁

**ဖြည့်စွက်ခေါ်ဆိုပါရန်**
ကျွန်တော် မပတ KMW-၀၂၄၃၂၉ ကိုင်ဆောင်သူ မ-၃၀၅ နှယ်နီလမ်း၊ ဒေါပုံမြို့နယ်နေ ဦးဖာဂျာမွတ်အား ဦးဖာဂျာမွတ် (ခ) ဦးစိုးအောင်ဟု ဖြည့်စွက်ခေါ်ပါရန်။

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်




ကြော်ငြာ

## ရေနံအင်ဂျင်နီယာဘွဲ့ရ ကျောင်းသားဟောင်းများနှင့် P.E ကျောင်းသား/သူများသို့ဖိတ်ကြားခြင်း

မြန်မာနိုင်ငံ အင်ဂျင်နီယာသမိုင်းတွင် BE(Petroleum) များ ပထမဆုံး မွေးထုတ်ပေးခဲ့သည့် (၁၉၆၅)ခုနှစ်မှ စတင်ရေတွက်လျှင် ယခုနှစ်သည် နှစ်(၅၀) ပြည့်မြောက်သည့်နှစ်ဖြစ်ပါသည်။

ရေနံအင်ဂျင်နီယာ ကျောင်းသားဟောင်းများ / ယခုတက်ရောက်နေသော ကျောင်းသားများ၏ ရွှေရတုတွေ့ဆုံပွဲကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် ဆရာကန်တော့ပွဲ ၊ စာတမ်းဖတ်ပွဲ နှင့် ပြခန်းများကို ရန်ကုန်နည်းပညာတက္ကသိုလ်တွင်လည်းကောင်း၊ မိတ်ဆုံညစာစားပွဲကို MICT Park မြက်ခင်းပြင်တွင်လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရေနံအင်ဂျင်နီယာ ဘာသာရပ်ဖြင့် အင်ဂျင်နီယာဘွဲ့ ရရှိထားသူများ နှင့် P.E ကျောင်းသား/သူများ အနေဖြင့် ပါဝင်တက်ရောက်ပေးနိုင်ပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။ အလှူငွေများ ထည့်ဝင်လိုပါက အောက်ပါ ကျောင်းသားဟောင်းများထံ ဆက်သွယ်လှူဒါန်း နိုင်ပါသည်။

| | | | |
|---|---|---|---|
| (၁) | ဦးသန်းဝင်း | ၀၉၄၂၀၂၅၄၅၁၆ | (၇၅) |
| (၂) | ဦးသိန်းနိုင် | ၀၉၇၈၅၁၇၈၂၉၀ | (၇၆) |
| (၃) | ဦးထွတ်ဆွေ | ၀၉၇၃၀၆၀၁၈၄ | (၈၃) |
| (၄) | ဦးသူညို | ၀၉၂၀၀၅၉၉၀ | (၈၃) |
| (၅) | ဦးလှဝင်းဆွေ | ၀၉၉၇၇၂၆၄၈၀၀ | (၈၃) |
| (၆) | ဦးစောအောင် | ၀၉၃၀၂၅၆၂၄၄ | (၈၇) |
| (၇) | ဦးမင်းမင်းစိုး | ၀၉၅၀၄၃၀၅၇ | (၉၅) |

ကမ္ဘောဇဘဏ်ငွေစာရင်း ၊ စာရင်းအမှတ် – 045-302-04502108801 ၊ စာရင်းအမည် – ဦးသိန်းနိုင်+ဦးမြင့်နိုင်













# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၂၈ရက်(ဗုဒ္ဓဟူးနေ့)တွင် မြိတ်မြို့၌ ဖွင့်လှစ်သော HOTEL GRAND JADE, GRAND JADE SHOPPING MALL နှင့် GRAND JADE BALL-ROOM အောင်မြင်စွာဖွင့်လှစ်ခဲ့ပါသဖြင့် အထူးဂုဏ်ယူ ဝမ်းမြောက်ပါသည်။

**ဦးကြူးခင်-ဒေါ်ငံရွှေမိသားစု**


# ကာတီယာစိန်တိုက်

မိတ်ဟောင်း၊ မိတ်သစ်များ ဖိတ်ကြားပါသည် ပျော်ရွှင်ချမ်းမြေ့ကြပါစေ...




လက်ထပ်မင်္ဂလာဆောင်နှံကြမည့်
သတို့သား၊ သတို့သမီး များအတွက်

စေ့စပ်လက်စွပ်၊ လက်ထပ်လက်စွပ် Design ဆန်းများကို အထူး Discount များဖြင့်ရောင်းချပေးနေပါသည်၊

1ct အောက်မှ 10ct အထက်ထိ စိန်ပွင့်ကြီးများကို သက်သာသော နှုန်းထားများဖြင့်ရောင်းချပေးနေပါသည်၊

တဆင့်ပြန်လည်ရောင်းချလိုသူများအတွက် စိန်ထည်များနှင့်စိန်အကြွေထိုင်စုံကိုလည်းရောင်းချပေးနေပါသည်၊

"အို...ပိုက်ဆံများရှိလို့ကတော့...
ကာတီယာစိန်တိုက် ကစိန်တွေကိုဝယ်ပြီး တစ်ကိုယ်လုံးကို စိန်စီပစ်လိုက်မှာ..."

Show Room(I) No.137 ရွှေဘုံသာလမ်း(အောက်)လမ်း
Tel : 246838, 384905, 241929

Show Room(II) No.52 အရှေ့ဘက်အပြင်တန်း
ဗိုလ်ချုပ်အောင်ဆန်းဈေး၊ Tel : 253308,



**သည်းခြေအိတ်ကျောက်တည်ရောဂါ၊ အသည်းအဆီဖုံးရောဂါနှင့်**
**ကျောက်ကပ်ကျောက်တည်ရောဂါ၊ ကျောက်ကပ်ပျက်စီးပြီး**
**ဆေးနေရသောရောဂါများပျောက်ဆေးနည်း အခမဲ့ပေးမည်။**

၁။ သည်းခြေအိတ်ကျောက်တည်ရောဂါ၊ အသည်းအဆီဖုံးရောဂါအတွက် တစ်ရက်လျှင် ပန်းသီး(၅)လုံးစီ (၅)ရက်စားပြီးနောက်၊ (၆)ရက်မြောက်နေ့တွင် ဆေးဝင်ရှက်ရန်ရှိသည်များကို တိကျစွာဆောင်ရွက်ခြင်းဖြင့် (၇)ရက်မြောက်နေ့တွင် သည်းခြေအိတ်ထဲမှ ကျောက်များ၊ အသည်းမှာ ဖုံးနေသော အဆီဖတ်များ ဝမ်းနှင့်အတူ ထွက်ကျလာသည်ကို မိမိကိုယ်တိုင်မြင်တွေ့ရပါမည်။ ကိုယ်တွေ့ဖြစ်ပြီး သည်းခြေအိတ်ကို လုံးဝ(လုံးဝ)ခွဲစိပ်ထုတ်စရာမလိုပါ။

၂။ ကျောက်ကပ်ကျောက်တည်ရောဂါ၊ ကျောက်ကပ်ပျက်စီးရောဂါများအတွက် **ပန်းသီး၊ ဖရဲသီးနှင့်ကညွှတ်** အပါအဝင် သဘာဝပစ္စည်း(၅/၇)မျိုးကို စနစ်တကျ(၆)ပတ်စားပြီးနောက် ဆက်လက်ဆောင်ရွက်ခြင်းဖြင့် ကျောက်ကပ်ကျောက်များ ပျော့ ကြေ၍ အရည်ပျော်ပြီး ဆီးနှင့်အတူ ထွက်ကျလာပါမည်။ ကျောက်ကပ်ကျောက်များ လုံးဝ(လုံးဝ)ခွဲစိတ်ထုတ်စရာမလိုပါ။ ကျောက်ကပ်ပျက်စီးပြီး ဆေးနေရသော ရောဂါကိုသိသာစွာ သက်သာပျောက်ကင်းစေပါသည်။

ဆေးနည်းအပြည့်အစုံသိရှိလိုပါက **ဦးသန်းဝင်း၊ အာဆီယံ အင်ဂျင်နီယာ အင်ဂျင်နီယာမှူးကြီး(ငြိမ်း) Ph: 095070157** ကို ကာယကံရှင်ကိုယ်တိုင်ဆက်သွယ်ပါ။





# မဏိစန္ဒာ

**အမျိုးသမီးအဝတ်ချုပ်သင်တန်း**





# Y🌐UTH® INTERNATIONAL COLLEGE

**Alternate Education for your Success**

- The First Cisco Official Learning Partner in Myanmar
- Pearson VUE Test Center
- Edexcel Approved Center No.95942

edexcel
**Approved Centre No.95942**

## HND Diploma in Computing သင်တန်းသားသစ်များ ခေါ်ယူခြင်း


❖ အဆင့်မြင့်ပညာရေး Higher Education သင်ခန်းစာများသင်ကြားရမည်ဖြစ်ပြီး ၂ နှစ်တက်ရောက်ရပါမည်။ သင်တန်းပြီးဆုံးလျှင် မိမိဘဝအတွက် အာမခံချက်အပြည့်အဝပေးနိုင်သော အင်္ဂလန်နိုင်ငံ Edexcel အသိအမှတ်ပြု Higher National ဒီပလိုမာ ရရှိပါမည်။

❖ ၄င်း HND ဒီပလိုမာသည် နိုင်ငံတကာအသိအမှတ်ပြုဖြစ်သော်ကြောင့် အလုပ်အကိုင်ကောင်းများရရှိရန်လွယ်ကူသည့်အပြင် ယနေ့ခေတ်လုပ်ငန်းခွင် များတွင် Standard တစ်ခုသကဲ့သို့ လိုအပ်ချက်ဖြစ်လာသော Cisco CCNP ကိုပါ YOUTH International College မှ ပြည့်စွက်ထည့်သွင်း သင်ကြားပေးထားသောကြောင့် သင်တန်းသားများလုပ်ငန်းခွင်ဝင်ရန် အသင့်ဖြစ်စေပါမည်။ ထို့အပြင် တတိယနှစ်ကို မြန်မာနိုင်ငံမှာဖြစ်စေ၊ နိုင်ငံခြားမှာ ဆက်လက်တက်ရောက်ပါက နိုင်ငံတကာ အသိအမှတ်ပြု B.Sc (Hons) Computing ဘွဲ့ ကိုရရှိမည်ဖြစ်ပါသည်။

Winter Intake
*Admission Open!*

**အနာဂတ်ဆီးဒါင်းဆောင်များဖြစ်ကြသည့် ရည်မှန်းချက်ကြီးမားသော လူငယ်များကို အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားစေနိုင်မည့် ဗိုမိုကောင်းမွန်သော Learning Environment ဖြစ်သည့် YOUTH International College (MICT Campus) မှ နွေးထွေးစွာဖြင့်လက်ကမ်းကြိုဆိုနေပါသည် . .**



City Campus :Room 6A, Pansodan Office Tower, Pansodan Middle Block, Ph: 01 254893, 09 500 3596,
MICT Campus: Room 605, Building 16, MICT Park, Ph: 09 3156 0855.

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ရဟန်း၊ကျောင်း၊ ဓမ္မာရုံ အလှူဒါယိကာမကြီး**
**ဒေါ်ကြင်စိန်**
**အသက်(၇၉)နှစ်**

တောင်ကြီးမြို့၊ စဝ်စံထွန်းရပ်ကွက်၊ မင်းကွန်းကျောင်းလမ်း၊ အမှတ် (စ/၃၁)နေ (ဦးတင်အောင်)၏ ဇနီး၊ ဦးလှဌေး-ဒေါ်အေးမြမြစိုး (စင်ဒရဲလား Mobile & Electronic)(Executive Director of M9 Group Co.,Ltd.)၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်ကြင်စိန် အသက်(၇၉)နှစ်သည် ၂၉-၁၀-၂၀၁၅ (ကြာသပတေးနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**M9 GROUP COMPANY LIMITED**
**Chairman, M.D, Board of Director**
**အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ**




## ငွေချက်ထုတ်ရန်သမ္မန်စာ
**တရားမကျင့်ထုံးကိုဒုပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅**
**ဝါးခယ်မမြို့နယ်တရားမရုံး၌**
**၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂၀**

ကိုအေးလွင် (တရားလို) နှင့် မနီလာ (တရားခံ)

ဝါးခယ်မမြို့၊ မီးစက်ရုံရှေ့၊ စာရေးကုန်းရပ်ကွက်နေ မနီလာ(ဘ)ဦးလှအေး သိစေရမည်။

သင့်အပေါ်၌ ကိုအေးလွင်က လက်လှည့်သုံးချေးငွေ (၂၆၀၀၀၀ိ/-) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ၁၉ရက် (၁၃၇၇ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ် စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုတ်ချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဥက္ကာလင်း)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ဝါးခယ်မမြို့နယ်**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**
**ဒေါ်တင်စိန်**
**အသက်(၉၃)နှစ်**

ဦးစိုးဝင်း (ညွှန်ကြားရေးမှူး-ငြိမ်း၊ နိုင်ငံတော်သမ္မတရုံး)-ဒေါ်မြင့်မြင့်သန်း၊ ဦးခင်ဝင်း (MD.M G B Group Co.,Ltd.)-ဒေါ်သန်းသန်းဌေးတို့၏ မိခင် ဒေါ်တင်စိန် အသက်(၉၃)နှစ်သည် ၂၈-၁၀-၂၀၁၅ ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးသန်း-ဒေါ်နီလာညွန့်**
**Kha Yay Trading Co.,Ltd**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ အထူးကုဆေးရုံကြီး၊ ဆီးနှင့်ကျောက်ကပ်ဆေးကုဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာဒေါ်ခင်သီတာသွင်၏ ကျေးဇူးရှင်မွေးမိခင် ဒေါ်ကြည်ကြည်မြင့် အသက်(၈၈)နှစ် သည် ၂၉-၁၀-၂၀၁၅ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါက်တာခင်မောင်ကျော်(ဆီးနှင့်ကျောက်ကပ်အထူးကုဆရာဝန်ကြီး)-**
**ဒေါ်သန်းသန်းနွယ်နှင့် ဆရာဝန်၊ ဆရာမများ**
**ဆီးနှင့်ကျောက်ကပ်ဆေးကုဌာန**
**အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

ညီရဲခေါင်၏ဖခင် ဦးအေးသိန်း(ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)သည် ၂၃-၁၀-၂၀၁၅ ရက် ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**i CARS TRADING Co.,Ltd. မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးညီညီနိုင်(အကြီးတန်းအင်ဂျင်နီယာ)**
**အသက်(၅၉)နှစ်**

သူငယ်ချင်းဦးညီညီနိုင် ကွယ်လွန်သွားသဖြင့် (86)Batch B,E (Civil) ဘွဲ့ရ သူငယ်ချင်းများအားလုံးမှ အထူးဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ကောင်းရာ သုဂတိလားပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**86 Batch B.E (Civil) သူငယ်ချင်းများ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ အမှတ် (၁၁၉)၊ ကျွန်းသာယာနယ်မြေ (၄)၊ သံလမ်းနေ ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ မောင်မင်းမင်း [၇/ပခန(နိုင်)၃၀၀၁၂၃]သည် မိဘနှင့် ညီအစ်ကိုမောင်နှမများ ခွင့်မလွှတ်နိုင်သည့်ကိစ္စများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝ အား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**(အဖ) ဦးစံတင် [၇/ပခန(နိုင်)၁၂၇၉၅၄]**
**(အမိ) ဒေါ်အေးသန်း [၇/ပခန(နိုင်)၁၂၇၉၇၈]**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး**
**ဒေါ်ကြည်ကြည်မြင့်**
**အသက် (၈၉) နှစ်**
**(မော်လမြိုင်)**

ဒေါက်တာဒေါ်ခင်သီတာသွင်(ပါမောက္ခ/ဌာနမှူး ဆီးနှင့်ကျောက်ကပ်ဆေးကုဌာန၊ ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်)၏ မိခင် ဒေါ်ကြည်ကြည်မြင့် (မော်လမြိုင်)သည် ၃၀-၁၀-၂၀၁၅ရက် နံနက် ၀၀း၃၀နာရီတွင် ကွယ် လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆရာဝန်အသင်း**
**(ဆေးပညာအဖွဲ့)**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်သောင်းသောင်းရွှေ**
(B.A-B.L)
**တရားလွှတ်တော်ရှေ့နေကြီး**
**(ညောင်လေးပင်)**
**အသက်(၈၀)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်းသွယ်၊ သူရိန်ရိပ်မွန်၊ အမှတ် (B1/R-201)နေ(ဦးသိန်းအောင်)၏ဇနီး အမှုဆောင်နာယကကြီး ဒေါ်သောင်းသောင်းရွှေ သည်၂၆-၁၀-၂၀၁၅(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါက်တာဦးမြတ်စိုး**
**အသက်(၈၁)နှစ်**

ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန် ဒေါက်တာဒေါ်ခင်မြတ်စိုး၏ဖခင် ဒေါက်တာဦးမြတ်စိုး အသက်(၈၁)နှစ်သည် ၂၇-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်

**ဆေးရုံအုပ်ကြီးနှင့်ဝန်ထမ်းမိသားစု**
**ရန်ကုန်မျက်စိအထူးကုဆေးရုံကြီး**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ခင်မေကြည်**
**B.Com (A.A)1967**
**အထပြ(ငြိမ်း)၊ နတ်တလင်းမြို့**
**အသက်(၆၈)နှစ်**

နတ်တလင်းမြို့နေ သူငယ်ချင်း ကိုခင်အေး B.Com(A.A) ၏ ဇနီး မခင်မေကြည်သည် ၂၇-၁၀-၂၀၁၅ရက်တွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်စီးပွားရေးတက္ကသိုလ် ၁၉၆၇ခုနှစ်ဘွဲ့ရသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးကျော်မျိုးဝင်း(ခ)ကိုကျော်**
**အသက် (၄၅) နှစ်**

ဒေါ်ကြည်ကြည်စန်း(MD၊ S.BUSINESS ခရီးသွားကုမ္ပဏီလီမိတက်) ၏ မောင်ဖြစ်သူ ဦးကျော်မျိုးဝင်း(ခ)ကိုကျော်သည် ၁၂-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာများ**
**S-BUSINESS CO.,LTD**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးအောင်ဟိန်းမင်း(ခ)သူကြီး**
**အသက်(၃၄)နှစ်**

ညီအစ်ကိုရင်းသဖွယ် ချစ်ခင်လေးစားရပါသော ကိုအောင်ဟိန်းမင်း (Admin)MPC သည် ၂၈-၁၀-၂၀၁၅ရက် ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

**Myanmar Pajero Club မှ**
**ညီအစ်ကိုများ**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ တကောင်း(၅)လမ်း၊ အမှတ်(၈၅) အေ၊ ၅လွှာ၊ပေ(၁၈×၅၂)အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင်ယင်းတိုက်ခန်း၌ဆက်စပ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသူ ကန်ထရိုက်တာ ဦးတင်ထက်အောင် [၁၂/ဒဂတ(နိုင်)၀၂၉၂၈၅](CPT Construction) ထံမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အောက်ပါဖုန်းနံပါတ်သို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို တရားဝင်ပြီးဆုံး သည်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း အများ သိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ဥမ္မာထွေး**
**[၈/ခမန(နိုင်)၀၄၆၁၇၆]**
**ဖုန်း-၀၉-၅၁၉၁၆၈၀**

## ကန့်ကွက်နိုင်ကြောင်းကြေငြာခြင်း

ဒေါ်သိန်းသိန်းမော်(၉/တသန(နိုင်)၁၃၉၁၅၄ပိုင်ဆိုင်သော၊ ရန်ကုန်၊ လမ်းမတော်မြို့နယ်၊ ၃/ရပ်ကွက်၊ ၇-လမ်း၊ အမှတ်-၃၆၊ မြေအမှတ် -၂၂၊ (၇)လွှာတိုက်ခန်း ပေ(၁၂½×၅၀)ကို အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးထားပြီးဖြစ်ပါ၍ အထက်ပါ တိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မသီတာဝင်း(၁၂/ပဘတ(နိုင်)၀၀၀၄၇၀
Ph:09 2611 20881

## မိတ္ထီလာမြို့ ရတနာမာရ်အောင်ရပ်၊ ဘန်ဂါလီဗလီ
## ဝတ်ကျောင်းတော်၊ ဂေါပကအဖွဲ့သစ်နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ မန္တလေးမြို့ ၊ ချမ်းအေးသာစံမြို့နယ်၊ (၈၁)လမ်း၊ (၂၈×၂၉)လမ်းကြား အမှတ်(၃၁၇) နေ စံပယ်ဖြူတာယာဆိုင်ပိုင်ရှင် ဦးသန်းထိုက်[၉/မထလ(နိုင်)၀၀၄၂၀၁]၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်မှာ မိတ္ထီလာမြို့၊ ရတနာမာရ်အောင်ရပ်ကွက်ရှိ ဘန်ဂါလီဗလီ ဂေါပကအဖွဲ့ဥက္ကဌဟောင်း တစ်ဦးဖြစ်ပြီး ၂၀၀၀ပြည့်နှစ်၊ မတ်လ ၂၀ရက်မှ ၂၀၁၃ခုနှစ်၊ မတ်လ၂၀ရက်အထိ ဂေါပကတာဝန်များ ထမ်းဆောင်ခဲ့ရာ ၂၀-၃-၂၀၁၃ရက် နောက်ပိုင်း ဗလီပိုင်မော်တော်ယာဉ် ၄ခ/၃၈၅၅ ကားနှင့် ကားနှင့်ပတ်သက်သော စာရွက်စာတမ်းများ၊ ဗလီပိုင်ဝိုင်းမြေကွက်များ၏ စာချုပ်စာတမ်းများ၊ ဘဏ်စာအုပ်များ၊ ဘောက်ချာစာအုပ်များကို ဂေါပကအဖွဲ့သစ်သို့ အပ်နှံလိုကြောင်းနှုတ်ဖြင့် အကြိမ်ကြိမ်ပြောဆိုခဲ့ပြီးနောက် ၁-၁၀-၂၀၁၅ရက်နှင့် ၈-၁၀-၂၀၁၅ရက်များတွင် ဂေါပကအဖွဲ့သစ်မှ အထက်ဖော်ပြပါ ဗလီပိုင်ပစ္စည်းများအပ်နှံရန် ဂေါပကအဖွဲ့ဟောင်းသို့ မေတ္တာရပ်ခံစာ ထုတ်ပြန်ခဲ့ပါသည်။

မူလဂေါပကအဖွဲ့ဟောင်း၏ ရည်ရွယ်ချက်အတိုင်း ဘန်ဂါလီဗလီပိုင်ပစ္စည်းအရပ်ရပ်အား ပြန်လည်အပ်နှံမည်ဖြစ်ပါသဖြင့် ဂေါပကအဖွဲ့သစ်အနေဖြင့် မိမိတို့သည် ဘန်ဂါလီဗလီ၏ ဂေါပကအဖွဲ့သစ်ဖြစ်ကြောင်း သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူး၏ထောက်ခံစာဖြင့် ဦးသန်းထိုက်နေထိုင်ရာနှင့် အထက်ပါပစ္စည်းများရှိနေသည့် မန္တလေးမြို့၌ လာရောက်လက်ခံရယူနိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်သူ**
**ဦးသန်းထိုက်**
**[၉/မထလ(နိုင်)၀၀၀၄၂၀]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးတင့်[B.A(Law):LL.B]**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၂၄၂၂(၃၁-၁၀-၁၉၈၃)**
**အိမ်အမှတ်-၆/၃၆၁၊ သာယာကုန်း(၁)၊ နန်းတော်ကုန်းရပ်၊ မိတ္ထီလာမြို့။**

## ဒေါ်အေးအေးမူနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ရှင်စောပုလမ်း၊ အမှတ်(၁၂)၊ (၄-လွှာ)နေ ဦးမောင်မောင်ညွန့်[၁၂/သဃက(နိုင်)၀၈၃၃၃၂]၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်အေးအေးမူ[၁၂/စခန(နိုင်)၀၀၈၀၄၄]နှင့် အများသိစေရန် အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

၁။ ဦးမောင်မောင်ညွန့်နှင့် ဒေါ်အေးအေးမူတို့သည် ယခုကြော်ငြာသည့်နေ့အထိ တရားဝင်အကြင်လင်မယားများ ဖြစ်ကြပါသည်။ ဒေါ်အေးအေးမူကို ဆေးကုသရန် ကျန်ညီအစ်မများမှ အခြားသို့ခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။ ဒေါ်အေးအေးမူအမည်ဖြင့် ဝယ်ယူရရှိထားသော တိုက်ခန်း(၃)ခန်းရှိပါသည်။ ၎င်းတို့မှာ-

(၁) ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ရှင်စောပုလမ်း၊ အမှတ်(၁၂)၊ (၄-လွှာ)

(၂) ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ သုခမိန်လမ်း၊ အမှတ်(၁)၊ (၂-လွှာ)၊ အခန်းအမှတ်(A-2)

(၃) ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ သုခမိန်လမ်း၊ အမှတ်(၁)၊ (၇-လွှာ)၊ အခန်းအမှတ်(A-7)

၂။ အထက်ပါတိုက်ခန်းများသည် ဦးမောင်မောင်ညွန့်နှင့်ဇနီး ဒေါ်အေးအေးမူတို့ လင်မယားပူးတွဲပိုင်ဆိုင်သော တိုက်ခန်းများဖြစ်ပါသဖြင့် ဦးမောင်မောင်ညွန့်၏ တရားဝင်သိရှိသဘောတူညီမှုမရှိဘဲ အခြားသူများသို့ လွှဲပြောင်းရောင်းချခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းဖြင့်လွှဲပြောင်းခြင်းများ မပြုရန် ကြိုတင်သတိပေးတားမြစ် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးကျင်ငွေ(စဉ်-၂၄၂၅)** | **ဒေါ်ခင်ဝင်းဖြူ(စဉ်-၉၂၈၄)** | **ဒေါ်ဝင်းဝင်းခိုင်(စဉ်-၁၀၃၉၄)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |
| ၀၉-၅၁၄၇၄၃၂ | ၀၉-၇၃၀၀၂၂၄၆ | ၀၉-၅၁၈၈၉၀၁ |

**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြမြအုန်း(အလိမ္မာ) (၇၃)နှစ်

**တရားလွှတ်တော်ရှေ့နေ (BA.,Law, LLB)**

**Director (King & Queen International Co.,Ltd.)**

**Director(Knowledge & Qualification International Services Co.,Ltd.)**

**မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးဝင်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ ကျိုက္ကဆံဘုရားလမ်း၊ အမှတ်(၁၈)နေ ဦးဘမြင့် Director (King & Queen International Co.,Ltd.), Director(Knowledge & Qualification International Services Co.,Ltd.), Managing Director(Natural Grace Travels)၏ဇနီး၊(ဦးသန်းစိန်)-ဒေါ်ခင်ငြိမ်း တို့၏ညီမ၊ ဦးကျော်လှ-ဒေါ်တင်တင်နု၊ (ဦးကျော်ရင်)-ဒေါ်မြမြသန်း၊ ဦးအောင် ထွန်းခိုင်-ဒေါ်အေးအေးသန်း တို့၏ အစ်မကြီး၊ ဦးနေမျိုးဇော် Managing Director (King & Queen International Co.,Ltd.), Managing Director (Knowledge & Qualification International Services Co.,Ltd.), Director (Natural Grace Travels), Principal K & Q Japanese Language Centre မနွယ်နီလွင်၊ မမာလာမြင့် တို့၏ မိခင်၊ ဒေါက်တာဇော်ဝေယံဘို၊ မယုသန္တာနိုင်၊ မဝသန်မျိုးတို့၏ အဘွား သည် ၃၁-၁၀-၂၀၁၅(စနေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၅ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အေးအေး**

**အသက်(၇၇)နှစ်**

သူငယ်ချင်းဒေါက်တာ ဒေါ်နီနီစိုး(AGM-CHDဘဏ်)၏မွေးသမိခင် ဒေါ်အေးအေး (၇၇)နှစ်သည် ၁၁-၁၀-၂၀၁၅(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**(1985)BVS မှ သူငယ်ချင်းများ**

---

### ဝမ်းနည်းကြေကွဲခြင်း

မြန်မာ့လက်ရွေးစင်ဘောလုံးသမား ရန်အောင်ကျော် (ရန်ကုန်ယူနိုက်တက်)၏ဖခင် ဦးကျော်လှိုင် (၆၇)နှစ်သည် ၂၆-၁၀-၂၀၁၅ ရက်တွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်အဖွဲ့ဝင်များ**

**မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဇီဇီမာ(ခ)မဘေဘီ (ခ) Rita Goldberg**

**အသက်(၆၃)နှစ်**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA)ဗဟို စည်းမျဉ်းနှင့် ကျင့်ဝတ်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင် ဦးအောင်သူမြိုင်၏ဇနီးဖြစ်သူ ဒေါ်ဇီဇီမာ(ခ)မဘေဘီ(ခ)Rita Goldberg သည် ၂၉-၁၀-၂၀၁၅ (ကြာသပတေးနေ့) နံနက် ၀၀း၄၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA)**

---

အသုဘ

ဘုရား၊ သိမ်၊ ကျောင်း၊ ရေတွင်း ရေကန် ဒါယိကာမကြီး

## ဒေါ်ခင်ညွန့် (၈၆)နှစ်

**(ငါးသိုင်းချောင်း)**

ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နေ (ဦးဖိုးစိန်-ဒေါ်မယ်သိန်)တို့၏သမီး၊ (ဦးဘိုးမြ-ဒေါ်မယ်ကျင်)တို့၏သမီးချွေးမ၊ ကသာမြို့နေ (ဦးမြသိန်း)-ဒေါ်အုံးစိန်တို့၏ညီမ၊ (ဦးကျော်ဝင်း-ဒေါ်သန်းသန်း)၊ (ဦးမောင်ဝင်း-ဒေါ်ရင်ကျူ)၊ ဦးဖိုးထောင်-ဒေါ်မြင့်မြင့်၊ (ဦးသန်းညွန့်)-ဒေါ်ငွေငွေတို့၏အစ်မ၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ် (က/၆၆)၊ နွယ်သာကီ (၁)လမ်းနေ ဦးထွန်းလှိုင်(ဌာနမှူး၊ ပစ္စည်းစီမံရေးရာဌာန၊ M.E.P.E ငြိမ်း)၏ ဇနီး၊ ဦးမြင့်သိန်း(ကျွမ်းကျင်-၁၊ ဝါးတရာ ပင်မဓာတ်အားခွဲရုံ၊ ရွှေပြည်သာ)-ဒေါ်ခင်မျိုးလှိုင်၊ (ဦးအေးကို-ဒေါ်ခင်ခင်လှိုင်)၊ ဦးရဲထွဋ်-ဒေါ်သိန်းသိန်းရီ၊ ကော့မှူးမြို့နေ ဦးသိန်းထွဋ် (ဘကိုလေးကုန်စုံဆိုင်)-ဒေါ်မြင့်မြင့်စန်း၊ လက်ပံတန်းမြို့နေ ဦးသန်းနိုင်(ကားလုပ်ငန်း)-ဒေါ်နီနီခိုင်(အမက-လွန် ၂-လမ်း) ဦးသန်းထွဋ်-ဒေါ်ခင်စိုးစိုး၊ ဦးသိန်းနိုင်ထူး (Manager, China Airlines)-ဒေါ်သီတာလှိုင်၊ မြောက်ဒဂုံနေ ဦးညွန့်မောင်-ဒေါ်ကြည်မာလှိုင်၊ ဦးထွန်းမင်းစော (Myanmar Jack way Co., Ltd)-ဒေါ်သန္တာလှိုင်၊ ဒေါ်သီရိမေစိုး (Air Bagan)တို့၏ မွေးသမိခင်၊ မြေး ၁၄ ယောက်၊ မြစ်ခြောက်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်ခင်ညွန့်သည် ၃၀-၁၀-၂၀၁၅ရက် ည ၉း၃၅နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၅ ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာသန်းထွဋ် အသက်(၆၆)နှစ်

**Winston Sein M.E.H.S**

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ အမှတ်(၁၈)၊ (၂)လမ်း၊ မြို့မရပ်ကွက်နေ (ဦးညွန့်စိန်-ဒေါ်ခင်ညွန့်မေ)တို့၏သား၊ ဒေါ်မူမူအောင်၏ခင်ပွန်း၊ ဒေါ်ခင်ခင်၏မောင်၊ ဦးသန်းဇော်အောင်-ဒေါ်ထားထားအောင်၊ ဦးဇော်ထွဋ်အောင်၊ ဒေါ်မြဒါလီထွဋ်တို့၏ဖခင်၊ မြေးတစ်ယောက်၏ အဘိုးသည် ၃၀-၁၀-၂၀၁၅ (သောကြာနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၅(တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြည်ကြည်မြင့် (၈၉)နှစ်

**(မော်လမြိုင်)**

မော်လမြိုင်မြို့နေ (ဦးသာလှ-ဒေါ်ဖွားစိန်)တို့၏ သမီး၊ (ဦးအောင်ကြွယ်-ဒေါ်ဖွားစိန်)၊ (ဦးချန်ထွန်း-ဒေါ်ရင်မေ)တို့၏ ညီမ၊ ရန်ကုန်မြို့၊ တိုက်(B)၊ အခန်း(၄)၊ဝန်ထမ်းအိမ်ရာ၊ ခုတင်(၅၀၀) အထူးကုဆေးရုံနှင့် အမှတ်(၁၅)၊ ပထမထပ်(ယာ) ကျောက်ရေတွင်းလမ်း၊ ကျောက်မြောင်းနေ ဦးအေးသွင်(စိုက်ပျိုးရေးငြိမ်း)၏ ဇနီး၊ ဒေါက်တာခင်သီတာသွင်(ပါမောက္ခ၊ ဆီးနှင့် ကျောက်ကပ်ဆေးကုဌာန၊ ခုတင် ၅၀၀ ဆေးရုံ)၊ ဦးဝင်းအောင် (ကျော်-ငွေချေးလုပ်ငန်း)-ဒေါ်ခင်စပယ်သွင်၊ ဦးခင်မောင်လွင်(Intertek, BKK)-ဒေါ်တင်ငွေမြင့်သွင်(Assumption University, BKK)၊ ဦးသန်းဇော် (လှိုင်ထိပ်ခေါင် အအေးခန်းစက်ရုံ)-ဒေါ်သူလေးသွင်တို့၏ မိခင်၊ မကေခိုင် (Huawei Device Myanmar)၊ မောင်ပြည့်ဖြိုးထွန်း(Telenor Myanmar)၊ မောင်မျိုးမင်းဦး(AIT, BKK)၊ မောင်ဉာဏ်လင်းမြင့်(UM 2)၊ မောင်နိုင်မိုးလွင်(Assumption University- BKK)တို့၏အဘွားသည် ၃၀-၁၀-၂၀၁၅ရက် နံနက် ၀၀း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ နှလုံးရောဂါဌာန၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၅ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ခုတင် ၅၀၀ ဆေးရုံနေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်သန်းစိန်(မြိတ်) အသက်(၉၆)နှစ်

**အသင်းဝင်အမှတ် (၃၉၁)**

မြိတ်မြို့၊ မြစ်ငယ်ရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၈၁/က)နေ ဦးချင်တိတ်၏ ဇနီးသည် ၃၀-၁၀-၂၀၁၅ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၅ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ကလွင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

---

## ဦးဝင်းကြည်(အလုံ) အသက်(၇၅)နှစ်

**ကုန်တိုက်(၁) (ငြိမ်း)**

ရန်ကုန်မြို့၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ စပါယ်လမ်း၊ အမှတ်(၁၂)၊ ရှစ်လွှာနေ (ဦးအိမ်-ဒေါ်မြသိန်း)တို့၏သား၊ (ဦးငွေရှိန်-ဒေါ်ကြည်)တို့၏သားသမက်၊ ဒေါ်အေးမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ဇင်ဦး-ဒေါ်ဝင်းဝင်း၊ ဦးတင်မောင်အေး-ဒေါ်ဇင်မာတို့၏ ချစ်လှစွာသောဖခင်၊ မောင်ကောင်းထက်ဇော်-မလင်းလင်းစိုး၊ မောင်ထက်အောင်၊ မဖြိုးကေသီတို့၏အဘိုး၊ မောင်ကောင်းသုတဟိန်း၏ဘိုးဘိုးသည် ၃၀-၁၀-၂၀၁၅(သောကြာနေ့) ည ၉း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၅ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ကိုအောင်မြင့်ဦး အသက် (၄၂)နှစ်

**B.A(History)**

**(East Wind Shipping Co., Ltd)**

**CDC-50479**

**(ဓမ္မဇောတိယောဂီဟောင်း)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်(၁)လမ်း၊ အမှတ်(၂၄)နေ ဦးအောင်ဖြိုး-ဒေါ်မြင့်မြင့်စိန်တို့၏ သားကြီး၊ ကိုအေးမင်းသော်-မဇင်မာအောင်၊ မအေးချမ်းသွယ်တို့၏အစ်ကို ၊ မသက်နွယ်အေး (အထက-၂၊ စမ်းချောင်း)၊ မခေတ်သဇင်၊ (အထက-၂၊ စမ်းချောင်း)တို့၏ဘကြီး ကိုအောင်မြင့်ဦးသည် ၃၁-၁၀-၂၀၁၅(စနေနေ့) နံနက် ၃း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၅(တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးလှအောင် အသက် (၈၄)နှစ်

**(သဃ္ဃလ)**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သဃ္ဃလစံပြမြို့နေ (ဦးစန်းမောင်-ဒေါ်စောခင်)၊ (ဦးမောင်ကြီး-ဒေါ်လှပွင့်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ် (၈၂/ခ)၊ သမိန်ဗရမ်းလမ်း၊ (၃/၁) ရပ်ကွက်နေ ဦးထွန်းနု-ဒေါ်နွဲ့နွဲ့ရီ၊ ဦးငွေလှိုင်၊ ဦးအေးဟန်-ဒေါ်ခင်ကြည်၊ ဦးငွေအောင်-ဒေါ်နုနုယဉ်၊ ဦးမောင်ဦး-ဒေါ်အေးအေးဖြူ၊ ဦးဝင်းထွဋ်-ဒေါ်စန်းစန်းရွှေ၊ ဦးတင်ဝင်းအောင်တို့၏ဖခင်၊ မောင်မျိုးဟိန်း၊ မထက်ဝင့်ဝင့်အောင်၊ မောင်အောင်မြတ်ကိုတို့၏ ဘိုးဘိုး၊ (ဒေါ်သန်းသန်း)၏ခင်ပွန်းသည် ၃၁-၁၀-၂၀၁၅(စနေနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၁၁-၂၀၁၅ (သောကြာနေ့)တွင် လှိုင်သာယာမြို့နယ်၊ အမှတ် (၈၂/ခ)၊ သမိန်ဗရမ်းလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ခင်စိန် အသက်(၇၃)နှစ်

**တရားလွှတ်တော်ရှေ့နေ**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း၊ အမှတ်(၈/၉)၊ (ဆ/က)ရပ်ကွက်နေ (ဦးအုန်းညွန့်-ဒေါ်အေးညွန့်)တို့၏သမီး၊ (ဦးကျော်-ဒေါ်သက်ရှင်)တို့၏သမီးချွေးမ၊ (ဗိုလ်မှူးမြင့်သိန်း)၊ (ဗိုလ်သင်တန်းအမှတ်စဉ် OTS-29)၏ ချစ်လှစွာသောဇနီး၊ ဒေါ်မြတ်ယုလွင်၊ ဦးထွန်းမင်း(ခ)ဦးဇာနည်-ဒေါ်စုစုအောင်၊ ဦးမျိုးဇော်-ဒေါ်ခင်လင်းချို၊ ဦးစန်းပြည့်ထွန်း-ဒေါ်နီလာဝင်းတို့၏ ချစ်လှစွာသောမွေးသမိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၃၀-၁၀-၂၀၁၅(သောကြာနေ့) ည ၈း၄၀ နာရီတွင် ရွှေဂုံတိုင် (SSC) ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၅ (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမောင်မောင်ကြီး(ပြည်)

**အငြိမ်းစားရုံးအုပ်ကြီး၊ အမှတ်(၁)ပရိဘောဂစက်ရုံ၊ သစ်လုပ်ငန်းအဖွဲ့**

**အသက်(၈၃)နှစ်**

ပြည်မြို့နေ (ဦးမြ-ဒေါ်ဇင်)တို့၏သားကြီး၊ တွံတေးမြို့၊ ခလောက်ချိုက်နေ (ဦးမောင်မောင်-ဒေါ်သန်းရွှေ)တို့၏ သားသမက်၊ (ဦးခင်-ဒေါ်ကြည်ဇင်)၊ ဒေါ်မြသွင်၊ (ဦးခင်မြင့်)-ဒေါ်သိန်းတင်(မြကျွန်းသာပွဲရုံ)၊ (ဦးထွန်းအုံ-ဒေါ်မြကြည်)၊ ဦးတင်သိန်း-ဒေါ်စိန်တို့၏ ညီ/မောင်/အစ်ကို၊ ဦးမြင့်ကျော်-ဒေါ်သီတာလှိုင် (မြဂန္ဓမာဈေး-သမိုင်း)၊ ဦးစိုးနိုင်-ဒေါ်အမာကြည်၊ ဒေါ်ယဉ်ယဉ်မြင့်တို့၏ ချစ်လှစွာသောဖခင်၊ တူ/တူမ ၂၆ယောက်တို့၏ ချစ်လှစွာသော ဦးလေးကြီး၊ မဝင်းသီရိစိုး (BE Final Year)၊ မောင်ကျော်ဇင်စိုး(Second Year GTC-လှိုင်သာယာ)၊ မောင်ဘုန်းမြင့်သော်၊ မြေးအယောက် ၃၀တို့၏ ချစ်လှစွာသောအဘိုး၊ (ဒေါ်တင်မြိုင်)၏ခင်ပွန်း ဦးမောင်မောင်ကြီးသည် ၃၀-၁၀-၂၀၁၅ရက် ညနေ ၆း၄၀နာရီတွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၅)လမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၅(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးအောင်ဇံ အသက်(၇၆)နှစ်

**(ဥက္ကဋ္ဌ၊ အနာဂါမ်ဆရာသက်ကြီးတန်ဆောင်း)**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ် ဒါယကာကြီးဖြစ်သော ဒလမြို့နယ်၊ ပျော်ဘွယ်ကြီးစံပြကျေးရွာ၊ အနာဂါမ်ဆရာ သက်ကြီးတန်ဆောင်းဂေါပကအဖွဲ့ဥက္ကဋ္ဌဖြစ်သူ ဒါယကာကြီးဦးအောင်ဇံသည် ၃၀-၁၀-၂၀၁၅ (သောကြာနေ့) နံနက် ၀၀း၂၀ နာရီတွင် ကွယ်သွားပါသဖြင့် ၃-၁၁-၂၀၁၅ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရွာသုသာန်သို့ ပို့ဆောင် သဂြိုဟ်မည်ဖြစ်ပါသည်။ [၅-၁၁-၂၀၁၅ (တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်အေးကြူ(ခ)လေတုား(မော်ကျွန်း) အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်း၊ အင်လျားရိပ်သာလမ်းသွယ်၊ အမှတ်(၉/က)နေ (ဦးခုံလင်း-ဒေါ်တင်ငွေ)တို့၏သမီးကြီး၊ ဦးကိုကိုလတ်၏ဇနီး၊ ဆန်ဖရန်စစ္စကို U.S.A နေကိုမျိုးမင်းထွန်း-မစန်းသီတာမြင့်(မပူစူး)တို့၏မွေးမိခင်၊ မောင်အာကာမင်းထွန်း၏အဘွား၊ ဦးအုန်းမြင့်-ဒေါ်ညွန့်ညွန့်ဝင်းတို့၏ ညီမ၊ (ဒေါက်တာအုန်းကြိုင်)-ဒေါက်တာဒေါ်မြရီနှင်း (LA)၊ ဒေါ်သိန်းသိန်း၊ ဦးစိုးလွင်-ဒေါ်ရီရီငွေ၊ ဒေါ်သင်းသင်းနွယ်(မင်္ဂလာဈေး)၊ ဦးမျိုးလွင်-ဒေါ်ဝင်းရီတို့၏ အစ်မသည် ၃၀-၁၀-၂၀၁၅ရက် နံနက် ၈ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၅ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက်၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်ပြုံးကြည် (မိုးကုတ်) အသက်(၆၅)နှစ်

မိုးကုတ်မြို့၊ ရှမ်းစုရပ်နေ ဦးအောင်သိန်း-ဒေါ်လုံးတင်တို့၏သမီး၊ ဦးကိုလေး-ဒေါ်ပြုံးရီတို့၏ညီမ၊ ဦးထွန်းထွန်း-ဒေါ်မြမြသိန်း၊ ဦးတူးမောင်-ဒေါ်ထားထားအေး၊ ဦးသန်းဆက်ဝင်း-ဒေါ်စိန်အေး၊ ဒေါက်တာဦးကျော်ခိုင်-ဒေါ်စိန်ထွေးတို့၏အစ်မ၊ ကိုကြည်စိုး-မချောအိသိန်း၊ ကိုမျိုးမင်းသိန်း-မအိရွှေစင်၊ ကိုတင်မျိုးလွင်-မအိကေကေမျိုးတို့၏မိခင်၊ ဦးခင်မောင်သိန်း၏ဇနီးသည် ၂၇-၁၀-၂၀၁၅ (အင်္ဂါနေ့) မွန်းလွဲ ၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၁၁-၂၀၁၅(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ဗဟန်းမြို့နယ်၊ အရှေ့ဗဟိုလမ်းနှင့် နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံလမ်းကြား၊ အမှတ်(၁၉)၊ တတိယထပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်မီမီကို(ဗဟန်း) (၅၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ကျေးတမာလမ်းနှင့် ဖိုးခေါင်လမ်းထောင့်၊ တိုက်အမှတ်(၂၄၆/၂)၊ အခန်း(B)၊ တတိယထပ်နေ ဦးအေးကို-ဒေါ်မြစိန် တို့၏ သမီး၊ ဦးသန့်ဇင်-(ဒေါ်တင်လှ)တို့၏ သမီးချွေးမ၊ ဒေါ်စီစီကို၊ (ဦးဝင်းကို)တို့၏ ညီမ၊ ဒုတိယဗိုလ်မှူးကြီးတင်ကိုကို(ငြိမ်း) (ညွှန်ကြားရေးမှူး စီမံခန့်ခွဲရေးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)၏ ဇနီး၊ မသန်းနွယ်ကိုကို (စတုတ္ထနှစ်မြို့ပြ Y.T.U)၊ မောင်ခန့်ထည်ကိုကို (S.C.B.I, M.CC)တို့၏မွေးသမိခင် ဒေါ်မီမီကိုသည် ၃၁-၁၀-၂၀၁၅ ရက် နံနက် ၀၀း၀၅ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၅ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါ သည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ကိုခင်ဇော်မြင့် (၃၉)နှစ်

မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၆)လမ်း၊ အမှတ်(၅၇၈)နေ ဦးအောင်မြင့် (ဥက္ကဋ္ဌ-ငြိမ်း) (ဆန်းသိဂ်ီစက်မှုလက်မှုအထွေထွေကုန်ထုတ်သမလီမိတက်၊ ရမ်းဗြဲမြို့နယ်အသင်းနာယက)-(ဒေါ်တင်လှိုင်)တို့၏ သားငယ်၊ ကိုဆန်းဦး (MARUBINI CORPORATION)၊ မသန်းသန်းမြင့် (YCDC ပန်းဥယျာဉ်ဌာန)၊ တကက/စရ ခင်ဇော်(OTT)၊ မစန်းစန်းမြင့် (သမဦးစီး၊ မရမ်းကုန်းမြို့နယ်)၊ မသန္တာမြင့်တို့၏ ညီ/မောင်၊ မခင်စုမြတ်၊ မောင်အောင်ကျော်ဘို၊ မောင်ပိုင်သန့်ကိုကို၊ မောင်စည်သူဇော်၊ မသွန်းနဒီအောင်တို့၏ ဦးလေးသည် ၃၀-၁၀-၂၀၁၅ (သောကြာနေ့) နံနက် ၁၀း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၅-၁၁-၂၀၁၅ (ကြာသပတေးနေ့)တွင် မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၆)လမ်း၊ အမှတ်(၅၇၈) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးဝင်းမြင့်အောင် (၅၁)နှစ်

**NOBEL Oil ကုမ္ပဏီ**

မင်္ဂလာဒုံမြို့နယ်၊ အထက (၂) အောင်ဆန်းသူရိယလှသောင်း ကျောင်းအုပ်ကြီး(ဦးမြအောင်)-[အင်းစိန်မြို့နယ်၊ အမက(၄)ကျောင်းအုပ်ကြီး ဒေါ်စန်းမြင့်]တို့၏သား၊ ရွှေပြည်သာမြို့နယ်၊ လှော်ကား၊ အိမ်အမှတ်(၁၆၉၄)၊ (၁၆)ရပ်ကွက်နေ ဒေါ်ကြည်ကြည်စိန်၏ခင်ပွန်း၊ မောင်အောင်မင်းထက်(Air Con ပြုပြင်ရေး)၊ မတင်မာလာထွန်း(နဝမတန်း-B၊ အထက-၅၊ မရမ်းကုန်း)၊ မောင်ကြယ်စင်ဝင်း (အဋ္ဌမတန်း-B)တို့၏ ဖခင်၊ ဦးနိုင်ထွန်းအောင်(AE၊ ဆိပ်ဖြူတံတားစီမံကိန်း)၊ ဦးရန်နိုင်အောင် (တွင်ခုံလုပ်ငန်း)တို့၏ချစ်လှစွာသော အစ်ကိုကြီးသည် ၃၀-၁၀-၂၀၁၅ (သောကြာနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၅ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ကြင်စိန်**

**အသက်(၇၉)နှစ်**

**(တောင်ကြီးမြို့)**

တောင်ကြီးမြို့နေ ဦးလှငွေ-ဒေါ်နန်းအေးမြမြစိုး (Cinderella Electronic)တို့၏မိခင်ကြီး ဒေါ်ကြင်စိန် အသက်(၇၉)နှစ် သည် ၂၉-၁၀-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**5Network မိသားစု**

**Family Entertainment Group Co., Ltd.**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ကြည်ကြည်မြင့်(မော်လမြိုင်)**

**အသက်(၈၉)နှစ်**

သူငယ်ချင်း ဒေါက်တာခင်သီတာသွင် (ပါမောက္ခ၊ ဌာနမှူး ဆီးနှင့်ကျောက်ကပ်ဆေးကုဌာန၊ ခုတင်-၅၀၀၊ အထူးကုဆေးရုံ)၏မိခင်သည် ၃၀-၁၀-၂၀၁၅ ရက်တွင် ကွယ်လွန်သွားပါသဖြင့် သူငယ်ချင်း၏ မိသားစုဝင်များနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၄ ခုနှစ် ဆေးတက္ကသိုလ်(၁)ကျောင်းဆင်း သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ကြည်ကြည်မြင့် (မော်လမြိုင်)**

**အသက်(၈၉)နှစ်**

ဒေါက်တာခင်သီတာသွင် (ပါမောက္ခ၊ ဆီးနှင့်ကျောက်ကပ်ဆေးကုဌာန၊ ခုတင်-၅၀၀၊ ဆေးရုံ)၏မိခင် ဒေါ်ကြည်ကြည်မြင့်သည် ၃၀-၁၀-၂၀၁၅ရက် နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ**

**အာရှတော်ဝင်ဆေးရုံ**

---

### ဝမ်းနည်းကြေကွဲခြင်း

AIR KBZ Limited; Flight Operations Department မှ မချောစုအေး (အကြီးတန်းလေယာဉ်မယ်)၏ ဖခင်ဖြစ်သူ ဦးဖိုးအေးကြီး အသက်(၆၂)နှစ်သည် ၃၀-၁၀-၂၀၁၅ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းရပါသည်။

**Flight Operations Department**

**AIR KBZ Limited**

Hot Line No-0930500100

# မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးစွာဆက်ဆံခဲ့ရာမှ ပေါ်ထွက်လာသည့် ချစ်ကြည်ရေး၊ နည်းပညာပူးပေါင်းဖလှယ်ရေးတို့၏ ရလဒ်ဖြစ်

**မန္တလေး အောက်တိုဘာ ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံချစ်ကြည်ရေးနှင့် နည်းပညာပူးပေါင်းဖလှယ်ရေးအစီအစဉ်ဖြင့် တည်ဆောက်ခဲ့သည့် မြန်မာ့သတင်းအချက်အလက်နည်းပညာတက္ကသိုလ်(မန္တလေး)၏ ပင်မ(၆)ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ ကျောင်းဆောင်ရှေ့မျက်နှာစာ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ဖွင့်လှစ်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီးမစ္စတာ ဂေါတမ်မိုခိုပါဒရာ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (မန္တလေး)၊ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း၊ ပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပင်မ (၆)ထပ်ကျောင်းဆောင်သစ်ကို ထူးချွန်ကျောင်းသား ကျောင်းသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မြန်မာ့သတင်းအချက်အလက်နည်းပညာတက္ကသိုလ်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❒**

## အထူးကဏ္ဍ အချပ်ပိုလေးမျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ဒီမိုကရေစီနိုင်ငံတော်သစ်(၅)နှစ်တာကာလ ``ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ'' အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိပါသည်။

## တနင်္ဂနွေအထူးထုတ်ကဏ္ဍ ခေတ္တရပ်နား

**ကြေးမုံသတင်းစာတွင် အပတ်စဉ်ပါရှိသော တနင်္ဂနွေအထူးထုတ်ကဏ္ဍ အချပ်ပိုစာမျက်နှာအား ခေတ္တရပ်နားထားမည်ဖြစ်ပါကြောင်း စာဖတ်ပရိသတ်အား အသိပေးအပ်ပါသည်။ (စာတည်း)**



# နည်းပြ ဂျာဂန်ကလော့လက်ထက် လီဗာပူးအသင်း ပထမဆုံး ပရီမီယာလိဂ်နိုင်ပွဲရရှိ

ဌေးကြွယ်

ပရီမီယာလိဂ်ပွဲစဉ်(၁၁)၏ စနေနေ့ညအစောပိုင်းပွဲစဉ်တစ်ပွဲဖြစ်သည့် ချယ်လ်ဆီးအသင်းနှင့် လီဗာပူးအသင်းတို့၏ ပွဲစဉ်တွင် လီဗာပူးအသင်းက ချယ်လ်ဆီးအသင်း၏ အိမ်ကွင်းစတမ်းဖို့ဘရစ်ချ်တွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိ ခဲ့သည်။

လီဗာပူးအသင်းသည် ယခုပွဲစဉ်အနိုင်ရရှိလိုက်ခြင်းကြောင့် နည်းပြဂျာဂန်ကလော့လက်ထက် ပထမဆုံးပရီမီယာလိဂ်နိုင်ပွဲရရှိခဲ့ခြင်းလည်းဖြစ်သည်။ ချယ်လ်ဆီးအသင်းနှင့် လီဗာပူးအသင်းတို့၏ ပွဲစဉ်တွင် ချယ်လ်ဆီးအသင်း နည်းပြမော်ရင်ဟိုအတွက် အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်မခံရရေးအတွက် အရေးပါသည့်ပွဲစဉ်တစ်ပွဲဖြစ်ခဲ့သည့်အပြင် နည်းပြဂျာဂန်ကလော့အတွက်လည်း လီဗာပူးအသင်းကို ကိုင်တွယ်ခွင့်ရရှိလာချိန်တွင် ပထမဆုံးအနေဖြင့် ပရီမီယာလိဂ်နိုင်ပွဲရရှိရန် ပစ်မှတ်ထားနေသည့်ပွဲစဉ်လည်းဖြစ်သည်။ မော်ရင်ဟိုသည် ယခုပွဲအနိုင်မရရှိခဲ့ခြင်းကြောင့် ချယ်လ်ဆီးအသင်းက ထုတ်ပယ်မည်ဆိုပါက ၎င်းအနေဖြင့် အသင်းဟောင်းရီးယဲလ်မက်ဒရစ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ကိုင်တွယ်မည်ဆိုသည့်သတင်းများလည်း ထွက်ပေါ်ထားခဲ့သူဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ချယ်လ်ဆီးအသင်းသည် ဒီယေဂိုကော်စတာ၊ ဝီလီယံ၊ ဟာဇက်၊ အော်စကာ၊ ရာမီရက်စ်၊ အက်ပီလီကူတာ၊ တယ်ရီ၊ ကာဟေးလ်၊ ဇူးမား စသည့်ကစားသမားများကို ၄-၂-၃-၁ ကစားကွက်ဖြင့်

**စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ■**

# မြန်မာလက်ဝှေ့သမားများ ထိုင်းလက်ဝှေ့သမားသုံးဦးကို အလဲထိုး

**မန္တလေး အောက်တိုဘာ ၃၁**

မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး အောင်သမာဓိစိန်ရွှေရတနာဆိုင်က အဓိကကူညီပံ့ပိုးကာ ဦးဒဿ စီစဉ်သည့် မြန်မာ-ထိုင်းရိုးရာလက်ဝှေ့ ငါးချီစိန်ခေါ်ပြိုင်ပွဲ ၁၁ ပွဲကို အောက်တိုဘာ ၃၀ ရက် ညနေ ၆ နာရီခွဲက မန္တလေးမြို့ အောင်မြေမန္တလာအားကစားခန်းမ၌ ကျင်းပရာ ပြိုင်ပွဲ ၁၁ ပွဲတွင် ငါးပွဲက ပူးတွဲသရေကျခဲ့ပြီး ခြောက်ပွဲမှာ အနိုင်အရှုံး ပေါ်ခဲ့ကြောင်းနှင့် လက်ဝှေ့အားကစားဝါသနာရှင်များ ရုံပြည့်အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်တွင်း ငါးချီစိန်ခေါ်ပွဲတို့မှ သူရလိပ်(စွမ်းကေကေ)နှင့် ကျော်စွာဝင်း(မန္တလေးယူနိုက်တက်)၊ မင်းနိုင်ထွန်း(တောင်ကလေး)နှင့် စောရာဇာ(ငြိမ်းချမ်းရေး)၊ သိန်းနိုင်ထွန်း(ယူနိုက်တက်)နှင့် အံ့ဘွား(ကောလင်း)၊ ကျားဗဟိန်း(မြို့တော်စည်ပင်)နှင့် စောဌေးတင်(ငြိမ်းချမ်းရေး)တို့ ပွဲစဉ်ပြိုင်ပွဲများတွင် အနိုင်အရှုံးမပေါ်ဘဲ ပူးတွဲသရေကျခဲ့သည်။

မန္တလေးတိုင်းဒေသကြီး လက်ဝှေ့ကျော်တာရာအောင်(ဗထူး-မြန်မာသိုင်း)က ဖိုက်ကေ(ကျားရဲ)ကို တတိယအချီတွင်လည်းကောင်း၊ မဲကြီး(မြဇမ္ဗူကလပ်)က မန်းလက်ဝှေ့ကျော် မိုက်သွေး(ရတနာပုံ)ကို စတုတ္ထအချီတွင်လည်းကောင်း၊ မန်းလက်ရွေးစင် ဗထူးမောင်(ဗထူး-ရတနာပုံ)က ကျော်ဇင်(သထုံ)ကို ပထမအချီ၌လည်းကောင်း အသီးသီး အလဲထိုးအနိုင်ရရှိကြသည်။

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ○**



## ယနေ့ မာတိကာ

မှန်မှန်ကန်ကန် လှုပ်ရှားဆောင်ရွက် — စာမျက်နှာ - ၂

ခရီးသည် ၂၂၄ ဦးလိုက်ပါလာသည့် ရုရှားလေယာဉ်တစ်စင်း ဆိုင်းနိုင်းကျွန်းဆွယ်တွင် ပျက်ကျ — စာမျက်နှာ - ၄

မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲသော ဒီမိုကရေစီတစ်ရပ်ဖော်ဆောင်ခြင်း — စာမျက်နှာ - ၈


ထွန်းရွှေဝါ
တိုင်းရင်းဆေးမျိုးစုံဘူး
တိုင်းရင်းဆေး (၂၁) မျိုး





ဆက်သွယ်ရန် - (ရန်ကုန်) ဖုန်း - ၀၉ - ၂၆၀၇၀၇၁၇၁၊ ၀၉ - ၂၆၀၇၀၇၁၇၂၊ ၀၉ - ၇၃၁၁၃၉၆၇၇၊ (မန္တလေး) ၀၂ - ၆၄၉၄၀၊ ၀၉ - ၉၁၀၂၄၇၂၆


themirror.npt@gmail.com
www.facebook.com/themirrordaily

ကြေးမုံ The Mirror
ဒီမိုကရေစီနိုင်ငံတော်သစ် (၅) နှစ်တာကာလ
ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ
အထူးကဏ္ဍအချပ်ပို
နိုဝင်ဘာ ၁ ရက်၊ ၂၀၁၅ ခုနှစ် (တနင်္ဂနွေနေ့)

## ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်ခဲ့

မိမိတို့အစိုးရ တာဝန်ယူစဉ်ကတည်းက လုပ်ဆောင်စရာအများကြီးအနက်မှ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ရွေးချယ်ပြီး မူဝါဒလုပ်ငန်းစဉ်များ ချမှတ်ခဲ့ပါတယ်။ သိသာမှုများ၊ မြင်သာထင်သာမှုများအနက် မြစ်မ်းရောင်စီမံချက်၊ ကမ္ဘာ့ဘဏ်ရဲ့ CDD စီမံချက်တွေဖြစ်ပါတယ်။ ထို့အတူ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း တွေ့နိုင်ပါတယ်။

**(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့ နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီအစည်းအဝေးတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

သာသနာရေးဝန်ကြီးဌာန

# ရှေးမြန်မာမင်းကောင်းမင်းမြတ်တို့၏ ကောင်းမြတ်သောအစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်

**ကောင်းမြတ်သော အစဉ်အလာ**

နိုင်ငံတော်အစိုးရသည် ရှေးမြန်မာမင်းကောင်းမင်းမြတ်တို့၏ ကောင်းမြတ်သောအစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်ချီးမြှောက်သည့်အနေဖြင့် နှစ်စဉ်လွတ်လပ်ရေးနေ့တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များအပ်နှင်းကြောင်း ကြေညာ၍ တပေါင်းလပြည့်နေ့တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲအခမ်းအနားကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော် သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပသည်။

**သံဃာ့အစည်းအဝေးပွဲ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပဉ္စမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ၁၁-၅-၂၀၁၄ ရက်မှ ၁၃-၅-၂၀၁၄ ရက်ထိ ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးကြီးသို့ နိုင်ငံတော်အဆင့် သံဃာ့အဖွဲ့အစည်းများမှ ဆရာတော်ကြီးများ၊ ဂိုဏ်းပေါင်းစုံမှ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ် သံဃနာယကဆရာတော်များနှင့် သီးခြားပင့်ဖိတ်ထားသည့် ဆရာတော်စုစုပေါင်း ၂၅၅၈ ပါးတို့ ကြွရောက်တော်မူကြသည်။



**မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ ဆရာတော်များ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲဖြေဆိုနေစဉ်။**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီအစည်းအဝေးကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ တစ်နှစ်လျှင် သုံးကြိမ်ကျင်းပပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အစည်းအဝေးကို ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ တစ်နှစ်လျှင် တစ်ကြိမ် နှစ်စဉ်ကျင်းပလျက်ရှိသည်။

**ပရိယတ္တိစာမေးပွဲများ**

အစိုးရပါဠိပထမပြန်စာမေးပွဲကို ယခင်က တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျင်းပခဲ့ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်မှစ၍ ဗဟိုမှပြီးစီး၍ မတ်လကုန်နှင့် ဧပြီလ ပထမပတ်များတွင် တစ်နိုင်ငံလုံးစာဖြေဌာန ၂၃၈ ဌာနတို့၌ တစ်ပြိုင်နက်တည်း နှစ်စဉ်ကျင်းပပေးလျက်ရှိသည်။ ဓမ္မာစရိယစာမေးပွဲကို နှစ်စဉ်မတ်လကုန်နှင့် ဧပြီလပထမပတ်များတွင် ကျင်းပပေးပြီး တစ်နိုင်ငံလုံး၌ စာဖြေဌာန ၅၀ ဖြင့် တစ်ပြိုင်နက်တည်း ကျင်းပလျက်ရှိသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို နှစ်စဉ် ဒီဇင်ဘာလနောက်ဆုံးပတ်မှ ဇန်နဝါရီလအထိ ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ၃၃ ရက်ကြာ ကျင်းပပြီး **စာမျက်နှာ ၂ သို့ »»**

နယ်စပ်ရေးရာဝန်ကြီးဌာန

# နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေး ဆောင်ရွက်



နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဂဟေဆော်တန်းတွင် လက်တွေ့သင်ကြားနေစဉ်။

**နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးခဲ့မှုများ**

(၁) ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် ၃၂၆၈၇၂ ဒသမ ၅၄ သန်း၊ (၂) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ရန်ပုံငွေမှ ငွေကျပ် ၄၄၆၄၄ ဒသမ ၉၃၅ သန်း၊ စုစုပေါင်း ငွေကျပ်သန်းပေါင်း ၃၇၁၅၁၇ ဒသမ ၄၇၅သန်း။

**၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များ**

(၁) ငွေကျပ် ၃၂၆ ဒသမ ၈၇၃ ဘီလီယံဖြင့် မြေလမ်း မိုင်၂၂၇၂ ကျော်၊ လမ်းတာချဲ့ခြင်း မိုင် ၁၅၀ ကျော်၊ ကျောက်လမ်း မိုင် ၁၈၄၀ ကျော်၊ ကတ္တရာခင်းလမ်း ၃၁၅ မိုင်၊ ကတ္တရာထောက်ပံ့ခြင်း ၄၁၁၆ တန်၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း ၄၃၄ မိုင်၊ ဆိုင်ကယ်စီးမြေလမ်း ၅၁၅ မိုင်၊ ကွန်ကရစ်လမ်း ၁၃ မိုင်ခန့်၊ ကွန်ကရစ်တံတား ပေ (၁၀၀) အထက် ၉၅ စင်း၊ ပေ (၁၀၀) အောက် ၁၉၂၂ စင်း၊ ကြိုးတံတား ၆၈ စင်း၊ သစ်သားတံတား ၆၈ စင်း၊ ဘေလီတံတား ၃၅ စင်း၊ မူလတန်းကျောင်း ၂၇၃ ကျောင်း၊ အလယ်တန်းကျောင်း ၂၆ ကျောင်း၊ အထက်တန်းကျောင်း ၁၄ ကျောင်း၊ (၁၆) ခုတင်ဆံ့ ဆေးရုံ ၉ ရုံ၊ ဆေးပေးခန်း ၂၀၊ မွေးမြူရေးခြံ ၂၁ ခြံ၊ စိုက်ပျိုးမြေဖော်ထုတ်ခြင်း ၄၁၂၅ ဧက၊ စိုက်ပျိုးရေ ရရှိရေးလုပ်ငန်း ၃၄ ခု၊ စိုက်ပျိုးရေသွယ်ယူခြင်း ၁၉၁ မိုင်၊ သောက်သုံးရေရရှိရေး လုပ်ငန်း ၃၁၇ ခု၊ ရေကန် ၉၇ ကန်၊ ရေအားလျှပ်စစ်လုပ်ငန်း ၁၀၀၊ လျှပ်စစ်မီးသွယ်တန်းခြင်း ၁၈ ခု၊ ဆိုလာစနစ် ၃၈၄၉၅ စုံ၊ ရုပ်/သံ ထပ်ဆင့်လွှင့်စက်ရုံ ၆၆ ရုံ၊ စက်တာဝါနှင့် ဆက်စပ်ပစ္စည်း ၁၃ စုံ၊ စာကြည့်တိုက် ၂၈ ခု၊ ဘုန်းကြီးကျောင်း ၆၅ ကျောင်း၊ ဝန်ထမ်းအိမ်ရာ ၁၇၂ လုံး၊ တန်ဖိုးနည်းအိမ်ရာ ၁၆၃ လုံးနှင့် ကျေးလက်ကျန်းမာရေးဌာန၊ ကွန်ကရစ်ရေပြွန်၊ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ စက်ရေတွင်း (တွင်းတိမ်)၊ စက်ရေတွင်း (တွင်းနက်)၊ လက်တူးတွင်း၊ သိမ်၊ ဓမ္မာရုံ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ အခြားသာသနိကအဆောက်အအုံ၊ ဘော်ဒါဆောင်နှင့် မြို့နယ်ခန်းမများကို ဆောင်ရွက်ပေးခဲ့သည်။

**စာမျက်နှာ ၃ သို့ »»**

»»» အထူးကဏ္ဍ အချပ်ပို စာမျက်နှာ ၁ မှ

တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲကိုလည်း အဆိုပါလိုဏ်ဂူတော်ကြီး၌ပင် ကျင်းပသည်။

နိကာယ်စာမေးပွဲများကို မြန်မာတစ်နိုင်ငံလုံး၌ စာဖြေဌာန ၇၀ ဖြင့် ကျင်းပပေးလျက်ရှိပြီး ကျမ်းပြီး အထူးအောင်သံဃာတော်များကို မဟာဘွဲ့နှင်းသဘင်အခမ်းအနား၌ အောင်လက်မှတ် ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများကို နှစ်စဉ် ဒီဇင်ဘာလတွင် စာဖြေဌာန ၁၄၅ ခုတို့၌ ကျင်းပပေးလျက်ရှိပြီး ပြည်ပစာဖြေဌာနများအနေဖြင့် အင်္ဂလန်နှင့် စင်ကာပူနိုင်ငံတို့တွင် ဖွင့်လှစ်ထားရှိသည်။

တစ်နိုင်ငံလုံး ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများကို မဟာဘွဲ့နှင်းသဘင် အခမ်းအနားတွင် အောင်လက်မှတ်များ ချီးမြှင့်အပ်နှင်းခဲ့သည်။

**ဗုဒ္ဓစွယ်တော်မြတ်**

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓမြတ်စွာဘုရား၏ စွယ်တော်မြတ်ကို နိုင်ငံတော်အစိုးရ၏ အစီအစဉ်ဖြင့် အများပြည်သူ ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့ ကြည်ညိုဖူးမြော်နိုင်ရန်အတွက် မြန်မာနိုင်ငံသို့ စတုတ္ထအကြိမ်အဖြစ် ၆-၁၁-၂၀၁၁ ရက်မှ ၂၄-၁၂-၂၀၁၁ ရက်အထိ ၄၈ ရက်ကြာ ပင့်ဆောင်အပူဇော်ခံခဲ့သည်။

ဗုဒ္ဓစွယ်တော်မြတ်သည် ၆-၁၁-၂၀၁၁ ရက်မှ ၂၂-၁၁-၂၀၁၁ ရက်အထိနေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် လည်းကောင်း၊ ၂၂-၁၁-၂၀၁၁ရက်မှ ၈-၁၂-၂၀၁၁ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူအတွင်း၌ လည်းကောင်း၊ ၈-၁၂-၂၀၁၁ ရက်မှ ၂၄-၁၂-၂၀၁၁ ရက်အထိ မန္တလေးတိုင်းဒေသကြီး၊ အတုမရှိကျောင်းတော်ကြီးတွင် လည်းကောင်း ကိန်းဝပ်စံပယ်တော်မူခဲ့သည်။

**မဟာစိနပဘာရွှေတိဂုံပုံတူစေတီတော်ကြီး**

နိုင်ငံတော်သမ္မတကြီး၏ ၂၀၁၁ ခုနှစ် မေ ၂၈ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ပေကျင်းမြို့ရှိ ဗုဒ္ဓစွယ်တော်မြတ်အား သွားရောက်ဖူးမြော်စဉ် စွယ်တော်တိုက်ဆရာတော်နှင့် မြင်းဖြူကျောင်းဆရာတော်တို့၏ မေတ္တာရပ်ခံချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လော့ယန်မြို့ မြင်းဖြူကျောင်းအတွင်း၌ ဉာဏ်တော် ၁၀၈ ပေအမြင့်ရှိသော မဟာစိနပဘာရွှေတိဂုံပုံတူစေတီတော်အား တည်ထားကိုးကွယ်ရန် စီစဉ်ခဲ့ခြင်း ဖြစ်သည်။

စေတီတော်ကြီးတည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၁ ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်မြန်မာနိုင်ငံသို့ ပင့်ဆောင်အပူဇော်ခံစဉ် အလှူခံရရှိသောအလှူငွေများ၊ ရွှေ၊ ငွေ၊ ရတနာပစ္စည်းများ၊ ဗုဒ္ဓစွယ်တော်တိုက်ဆရာတော်ကြီးနှင့် တရုတ်ဗုဒ္ဓဘာသာအသင်း၊ တရုတ်ပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

စေတီတော်ကြီးထီးတော်တင်လှူပွဲနှင့် သာသနိကအဆောက်အအုံများ ရေစက်ချမင်္ဂလာအခမ်းအနားကို ၃၀-၆-၂၀၁၄ ရက်တွင် မြင်းဖြူကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့သည်။

**ဗုဒ္ဓစွယ်တော်ရွှေကျောင်းဆောင်သုံးဆောင်**

မြန်မာပြည်သူပြည်သားများ၏ စေတနာသဒ္ဓါတရားထက်သန်မှုအတွက် ဗုဒ္ဓစွယ်တော်တိုက်ဆရာတော်က လှူဒါန်းသော ဗုဒ္ဓစွယ်တော် ရွှေကျောင်းဆောင် သုံးဆောင်အား အများပြည်သူကြည်ညိုနိုင်စေရန် အောက်ပါနေရာများတွင် ပူဇော်ခံထားရှိသည်။

(၁) နေပြည်တော် ဥပ္ပါတသန္တိစေတီတော်လိုဏ်ဂူတော်အတွင်း အရှေ့မြောက်ဘက် ဗုဒ္ဓရုပ်ပွားတော်ရှေ့၊

(၂) ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အနောက်မြောက်ထောင့်ရှိ စေတနာသမ္မာရဝတ်အသင်းတန်ဆောင်း၊

(၃) မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီး၊ ဗုဒ္ဓပြတိုက်(၁)။

ဗုဒ္ဓစွယ်တော်ရွှေကျောင်းဆောင် လှူဒါန်းပွဲအခမ်းအနားကို ၂၁-၆-၂၀၁၃ ရက်တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၌လည်းကောင်း၊ ၂၄-၆-၂၀၁၃ ရက်တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တွင် လည်းကောင်း၊ ၂၉-၆-၂၀၁၃ ရက်တွင် မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီးတွင်လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

**ဗုဒ္ဓစွယ်တော်ပွားနှင့်**
**ရွှေကျောင်းဆောင် ပင့်ဆောင်ပူဇော်**

နိုင်ငံတော်သမ္မတကြီးသည် ၂၇-၆-၂၀၁၄ ရက်တွင် ပေကျင်းမြို့ ဗုဒ္ဓစွယ်တော်တိုက်ကျောင်းသို့ရောက်ရှိစဉ် စွယ်တော်တိုက်ဆရာတော် Ven.Shi Chang Zheng က ဧရာဝတီတိုင်းဒေသကြီးတွင် အများပြည်သူ ပူဇော်နိုင်ရန် ဗုဒ္ဓစွယ်တော်ပွားတစ်ဆူအား ဓမ္မလက်ဆောင်အဖြစ် ပေးအပ်လှူဒါန်းခဲ့သည်။

**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်**
**၂၀၁၁- ၂၀၁၂ ပညာသင်နှစ်မှ ၂၀၁၄- ၂၀၁၅ ပညာသင်နှစ်အတွင်းမွေးထုတ်ပေးနိုင်ခဲ့သော**
**ဒီပလိုမာ(ဗုဒ္ဓဓမ္မ)၊ ဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ)၊ မဟာဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ)၊ ပါရဂူဘွဲ့ (ဗုဒ္ဓဓမ္မ)ရရှိသူများစာရင်းချုပ်**

| စဉ် | ပညာသင်နှစ် | ဒီပလိုမာဘွဲ့(ဗုဒ္ဓဓမ္မ) | | | ဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ) | | | မဟာဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ) | | | ပါရဂူဘွဲ့ (ဗုဒ္ဓဓမ္မ) | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပြည်ပ | ပြည်တွင်း | ပေါင်း | ပြည်ပ | ပြည်တွင်း | ပေါင်း | ပြည်ပ | ပြည်တွင်း | ပေါင်း | ပြည်ပ | ပြည်တွင်း | ပေါင်း |
| ၁။ | ၂၀၁၁ -၂၀၁၂ | ၁၉ | ၃၄ | ၅၃ | ၂၂ | ၂၅ | ၄၇ | ၂ | ၁၁ | ၁၃ | - | ၆ | ၆ |
| ၂။ | ၂၀၁၂ -၂၀၁၃ | ၂၆ | ၃၂ | ၅၈ | ၁၇ | ၂၀ | ၃၇ | ၃ | ၁၀ | ၁၃ | ၁ | ၃ | ၄ |
| ၃။ | ၂၀၁၃ -၂၀၁၄ | ၃၃ | ၂၅ | ၅၈ | ၁၆ | ၃၁ | ၄၇ | ၄ | ၁၂ | ၁၆ | - | - | - |
| ၄။ | ၂၀၁၄ -၂၀၁၅ | ၃၃ | ၁၆ | ၄၉ | ၁၆ | ၂၆ | ၄၂ | - | - | - | - | - | - |
| | စုစုပေါင်း | ၁၁၁ | ၁၀၇ | ၂၁၈ | ၇၁ | ၁၀၂ | ၁၇၃ | ၉ | ၃၃ | ၄၂ | ၁ | ၉ | ၁၀ |




**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ကို ၂၀၁၁ ခုနှစ်က မြန်မာနိုင်ငံသို့ ပင့်ဆောင်အပူဇော်ခံစဉ်။**



အဆိုပါ ဗုဒ္ဓစွယ်တော်ပွားအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့မှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးသို့ မော်တော်ယာဉ်ဖြင့် ပင့်ဆောင်ခဲ့ရာ ၂၂-၉-၂၀၁၄ ရက်တွင် ဗုဒ္ဓစွယ်တော်ပွားရွှေကျောင်းဆောင်လွှဲပြောင်းပေးအပ်ပွဲနှင့် ဗုဒ္ဓဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနားကို ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီတော်၌ ကျင်းပခဲ့သည်။

**အပြည်ပြည်ဆိုင်ရာ**
**ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်**

အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို ၉. ၁၂. ၁၉၉၈ ရက်တွင် စတင်ဖွင့်လှစ်ပြီးခဲ့ပြီး ဒီပလိုမာ(ဗုဒ္ဓဓမ္မ)၊ ဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ)၊ မဟာဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ)နှင့် ပါရဂူ(Ph.D) (ဗုဒ္ဓဓမ္မ)ဘွဲ့သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိသည်။

ဒီပလိုမာ(ဗုဒ္ဓဓမ္မ) သင်တန်းမှာ တစ်နှစ်ဖြစ်ပြီး ဒီပလိုမာအောင်မြင်သည့်ပုဂ္ဂိုလ်များသည် ဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ) ဘွဲ့ နှစ်နှစ်သင်တန်းသို့ တက်ရောက်ခွင့်ရရှိသည်။

ဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ) အောင်မြင်ပြီးအရည်အချင်းပြည့်မီသူများသည် မဟာဝိဇ္ဇာ (ဗုဒ္ဓဓမ္မ)ဘွဲ့ ဆက်လက်ဆည်းပူးနိုင်မည်ဖြစ်ပြီး မဟာဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ရရှိသူများသည် ပါရဂူ Ph.D သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သည်။

ကမ္ဘာအေး သုတေသနစာကြည့်တိုက်တွင်ရှိသော ဆဋ္ဌသင်္ဂါယနာမူပိဋကသုံးပုံပါဠိတော်များ၊ ပိဋကသုံးပုံမြန်မာပြန်များ၊ ပိဋကသုံးပုံ အင်္ဂလိပ်ဘာသာပြန်များ၊ အဋ္ဌကထာ၊ ဋီကာ၊ နိဿယ၊ တိပိဋက ပါဠိ-မြန်မာ အဘိဓာန်စာအုပ်များ၊ မဟာဗုဒ္ဓဝင်ကျမ်းများ၊ သာသနာဝင်ကျမ်းများ၊ ဓမ္မပဒဝတ္ထုတော်များ၊ ငါးရာ့ငါးဆယ်ဇာတ်နိပါတ်တော်များ၊ ဆဋ္ဌသင်္ဂါယနာ အမေးအဖြေစာအုပ်များ စသည့် ဗုဒ္ဓစာပေမျိုးစုံစာအုပ်ပေါင်း ၁၄၉၇ အုပ်အား e-Book အဖြစ် ပြောင်းလဲနိုင်ခဲ့သည်။

e-Library ဖွင့်ပွဲအခမ်းအနားကို ၂၁-၇-၂၀၁၅ ရက်တွင် ကျင်းပခဲ့ပြီးဖြစ်၍ စာကြည့်တိုက် Website ဖြစ်သော www.KBRL.Gov. mm ဖြင့် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ နိဿယ၊ မြန်မာပြန်၊ အင်္ဂလိပ်ဘာသာပြန်၊ တိပိဋက ပါဠိ-မြန်မာ အဘိဓာန် စသည့် ဗုဒ္ဓစာပေမျိုးစုံတို့ကို Online မှတစ်ဆင့် ရဟန်းရှင်လူပြည်သူများ ဝင်ရောက်ဖတ်ရှုလေ့လာနိုင်ပြီဖြစ်သည်။

ထို့အပြင် ပေစာဌာနတွင် စုဆောင်းထိန်းသိမ်းထားသော ပေစာထုပ်များကို ထိုင်းနိုင်ငံ ဓမ္မကာယဖောင်ဒေးရှင်းနှင့် ပူးပေါင်းပြီး ဒစ်ဂျစ်တယ်ဓာတ်ပုံမှု (Digitalization Project)ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၁ ခုနှစ် စက်တင်ဘာလမှစ၍ ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ ပေစာထုပ် ၁၇၀၆ ထုပ်၊ ကျမ်းခေါင်းစဉ် ၄၇၀၀ ကျမ်း၊ စာမျက်နှာပေါင်း ၈၄၈၄၃၂ မျက်နှာကို Digitalization ပြောင်းလဲပြီးဖြစ်သည်။

**ရေဘေးအလှူများ**

၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တိုင်းဒေသကြီး/ပြည်နယ်အချို့တွင် ရေကြီးရေလျှံ၊ မြေပြိုမှုများဖြစ်ပေါ်ခဲ့ပြီး ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း ၇၀ ပြိုကျပျက်စီးခြင်း၊ ၁၃၈ ကျောင်း အသင့်အတင့်ပျက်စီးခြင်းနှင့် ၆၄ ကျောင်း သာမန်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများ ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေနှင့် ပစ္စည်းတန်ဖိုး စုစုပေါင်းငွေကျပ်သိန်း ၅၀၆၀၊ ရေဘေးသင့်ခရစ်ယာန် ဘုရားရှိခိုးကျောင်းများပြုပြင်ရန်အတွက် ငွေကျပ် ၁၅၀၅ သိန်း စုစုပေါင်းငွေကျပ် ၆၅၆၅ သိန်းကို သာသနာရေးဝန်ကြီးဌာနမှတစ်ဆင့် စေတနာရှင်ရဟန်းရှင်လူပြည်သူများ၏ လှူဒါန်းမှုဖြင့် သက်ဆိုင်ရာဒေသများသို့ လှူဒါန်းခဲ့ကြောင်း သာသနာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များအား မှတ်တမ်းပြုရေးသားတင်ပြလိုက်ရပါသည်။ ။



**မန္တလေးမြို့တွင် ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်း ပြုလုပ်ခဲ့သည့် ထိုင်း-မြန်မာချစ်ကြည်ရေး သံဃာအပါး(၁၀၀၀၀) ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို တွေ့မြင်ရစဉ်။ ဓာတ်ပုံ-ဇေယျာဝင်း**

»»» အထူးထုတ် အချပ်ပို စာမျက်နှာ ၁ မှ

(၂) ငြိမ်းချမ်းရေးအတွက် တည်ဆောက်မှုလုပ်ငန်းများတွင် မြေလမ်း ၃၇၅ မိုင်၊ လမ်းတာချဲ့ခြင်း ၃ မိုင်၊ ကျောက်လမ်း မိုင် ၂၈၀၊ ကတ္တရာလမ်း ၆၄ မိုင်၊ ကတ္တရာထောက်ပံ့ခြင်း တန် ၄၅၀၀၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း ၅ မိုင်၊ ကွန်ကရစ်လမ်း ၁၆ မိုင်၊ ဆိုင်ကယ်စီးမြေလမ်း ၃ မိုင်၊ ကွန်ကရစ်တံတား ပေ ၁၀၀ အထက် ၁၄ စင်း၊ ပေ ၁၀၀ အောက် ၁၇၄ စင်း၊ တန်ဖိုးနည်းအိမ်ရာ ၁၃၅၀၊ သောက်သုံးရေရရှိရေးလုပ်ငန်း ၆၃ ခု၊ ရေကန် ၁၁ ကန်၊ ရေအားလျှပ်စစ်လုပ်ငန်း တစ်ခု၊ ဆိုလာ ၄၄၄၄ စုံ၊ မူလတန်းကျောင်း ၃၂ ကျောင်း၊ အလယ်တန်းကျောင်း ခြောက်ကျောင်း၊ အထက်တန်းကျောင်း လေးကျောင်း၊ စိုက်ပျိုးမြေဖော်ထုတ်ခြင်း ၄၃၄ ဧက၊ ရော်ဘာပျိုးပင် ငါးဧက၊ ရော်ဘာစိုက်ပျိုးခြင်း ဧက ၂၅၀၀၊ ပီလောပီနံစိုက်ပျိုးခြင်း ဧက ၅၀၊ နွေစပါးအတွက် ရေသွင်းမြောင်းဖောက်လုပ်ခြင်း ပေ ၄၃၉၀၀၊ စပါး/ငါးကန် ၁၇ ဧက၊ ကွန်ကရစ်ရေပြွန် ၂၉၉ ခုနှင့် သစ်သားတံတား၊ ကြိုးတံတား၊ ဘေလီတံတား၊ စက်ရေတွင်း (တွင်းတိမ်)၊ စက်ရေတွင်း(တွင်းနက်)၊ လက်တူးတွင်း၊ ဘုန်းကြီးကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ သီလရှင်ကျောင်း၊ ဆွမ်းစားဆောင်၊ မူလတန်းကြိုကျောင်း၊ မီးစက်၊ မီးသွယ်တန်းခြင်း၊ ဘော်ဒါဆောင်၊ ဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်း၊ ရုပ်/သံထပ်ဆင့်လွှင့်စက်ရုံ၊ စာကြည့်တိုက်များကို ဆောင်ရွက်ပေးခဲ့သည်။

**မိဘမဲ့၊ မိမဲ့၊ ဘမဲ့များ ကူညီထောက်ပံ့**

နယ်စပ်ဒေသရှိ ဝေးလံခေါင်းပါးပြီး ပညာသင်ကြားရန် ခက်ခဲသော မိဘမဲ့၊ မိမဲ့၊ ဘမဲ့၊ ဆင်းရဲနွမ်းပါးသော တိုင်းရင်းသားလူငယ်များကို အလယ်တန်းပညာရပ်မှ အထက်တန်းပညာရပ်အထိ သင်ကြားနိုင်ရန် နေထိုင်စားသောက်ရေးနှင့် ပညာသင်စရိတ်များကို နိုင်ငံတော်မှ ကျခံဆောင်ရွက်သည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်းများကို ၁၉၉၂ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ စုစုပေါင်း ၂၈ ကျောင်းဖွင့်လှစ်ခဲ့သည်။

၂၀၁၂ ခုနှစ်၌ လောက်ကိုင်မြို့၊ ၂၀၁၄ ခုနှစ်၌ နမ့်ဆန်မြို့၊ ပင်းတယမြို့၊ ပင်လောင်းမြို့၊ နန်းယွန်းမြို့၊ ၂၀၁၅ ခုနှစ်၌ ဘောလခဲမြို့၊ ပလက်ဝမြို့၊ သထုံမြို့၊ မင်းပြားမြို့၊ မောင်တောမြို့နှင့် ဘိုကလေးမြို့များ၌ လူငယ်သင်တန်းကျောင်း ၁၁ ကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့သဖြင့် စုစုပေါင်း ၃၉ ကျောင်း ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

၂၀၁၁ ခုနှစ်၌ ၂၉၆၄ ဦး၊ ၂၀၁၂ ခုနှစ်၌ ၃၀၈၆ ဦး၊ ၂၀၁၃ ခုနှစ်၌ ၃၃၁၄ ဦး၊ ၂၀၁၄ ခုနှစ်၌ ၃၄၇၇ ဦး၊ ၂၀၁၅ ခုနှစ်၌ ၅၄၃၂ ဦး နှင့် စုစုပေါင်း ၁၈၂၇၃ ဦး အဆိုပါ သင်တန်းကျောင်းများတွင် တက်ရောက်ပညာသင်ကြားခဲ့သည်။

**အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ကြား**

သင်တန်းကျောင်းများမှ ဒသမတန်းအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူ ၈၁၁ ဦးသည် တက္ကသိုလ်အသီးသီးတွင် အဆင့်မြင့်ပညာရပ်များ သင်ကြားလျက်ရှိသည်။

ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်စစ်ကိုင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း)နှင့် ဗဟိုလေ့ကျင့်ရေးကျောင်းများကို ဖွင့်လှစ်ထားပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)ကို ၁-၄-၂၀၁၂ ခုနှစ်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ နယ်စပ်ရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ၄၂၇ ဦး၊ ၂၀၁၃ ခုနှစ်တွင် ၇၃၀၊ ၂၀၁၄ ခုနှစ်တွင် ၉၇၁ ဦး၊ ၂၀၁၅ ခုနှစ်တွင် ၇၇၃ ဦး၊ စုစုပေါင်း ၂၉၀၁ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။



အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတွင် သိုးမွေးစက်ဆွဲသင်တန်း သင်ကြားနေစဉ်။

**၂၀၀၀ မှ ၂၀၁၄ အထိ ၉၅၀၀ ကျော်**

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) တို့ကို ၂၀၀၀-၂၀၀၁ ပညာသင်နှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ဝိဇ္ဇာ၊ သိပ္ပံနှင့် အင်ဂျင်နီယာ ပညာရပ်များ နိုင်ငံတော်စရိတ်ဖြင့် အခမဲ့ ဆက်လက်သင်ကြားပေးလျက်ရှိသည်။

၂၀၀၀ ပြည့်နှစ်မှ ၂၀၁၀ ခုနှစ်အထိ ၅၄၈၈ ဦး တက်ရောက်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ၈၁၈ ဦး၊ ၂၀၁၂ ခုနှစ်တွင် ၉၅၉ ဦး၊ ၂၀၁၃ ခုနှစ်တွင် ၉၃၄ ဦးနှင့် ၂၀၁၄ ခုနှစ်တွင် ၁၃၀၇ ဦး စုစုပေါင်း ၄၀၁၈ ဦး တက်ရောက်ခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန လက်အောက်ရှိ ဌာနအသီးသီးမှ ဝန်ထမ်းများအား ဝန်ထမ်းကောင်းများဖြစ်လာစေရန်နှင့် စွမ်းဆောင်ရည်မြင့်မားစေရန် ဗဟိုလေ့ကျင့်ရေးကျောင်းတွင် စီမံခန့်ခွဲရေးသင်တန်း၊ စာရေးဝန်ထမ်းသင်တန်း၊ ဘဏ္ဍာရေးစည်းမျဉ်း အထူးသင်တန်း၊ အိမ်တွင်းမှုနည်းပြသင်တန်း၊ အုပ်ချုပ်မှုနည်းပြသင်တန်း၊ ပစ္စည်းထိန်းသင်တန်း၊ ခေါင်းဆောင်မှုစွမ်းရည်တိုးမြှင့်ရေးသင်တန်း၊ အထူးနည်းပြသင်တန်း၊ အဆင့်မြင့် စက်ချုပ်အထူးသင်တန်းများ ဖွင့်လှစ်ပေးသည်။

၂၀၁၁ ခုနှစ်တွင် ၅၀၂ ဦး၊ ၂၀၁၂ ခုနှစ်တွင် ၄၁၄ ဦး၊ ၂၀၁၃ ခုနှစ်တွင် ၃၅၉ ဦး၊ ၂၀၁၄ ခုနှစ်တွင် ၁၃၀၃ ဦး၊ ၂၀၁၅ ခုနှစ်တွင် ၆၉၇ ဦး တက်ရောက်ခဲ့သည်။

နယ်စပ်ဒေသနှင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေနိုင်ရန်အတွက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများကိုလည်း ဖွင့်လှစ်ထားသည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း ရှစ်ကျောင်းကို ၂၀၀၆ ခုနှစ်မှ စတင်ဖွင့်လှစ်ပေးခဲ့ပြီး လက်သမား၊ ပန်းရန်၊ သံချည်သံကွေး၊ စက်ပြင်သင်တန်းနှင့် လျှပ်စစ်ဂဟေဆက်သင်တန်းများကို သင်ကြားပေးသည်။

၂၀၀၆ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ မိုင်းလား၊ ပန်ဆန်း၊ လောက်ကိုင်မြို့များတွင် ၆၂၆ ဦး တက်ရောက်ခဲ့သည်။

၂၀၁၁ ခုနှစ်တွင် ၉၀၊ ၂၀၁၂ ခုနှစ်တွင် ၅၅ ဦး၊ ၂၀၁၃ ခုနှစ်တွင် ၁၉၅ ဦး၊ ၂၀၁၄ ခုနှစ်တွင် ၃၁၃ ဦး၊ ၂၀၁၅ ခုနှစ်တွင် ၃၆၄ ဦး၊ စုစုပေါင်း ၁၀၁၇ ဦး တက်ရောက်ခဲ့ပြီးဖြစ်သည်။

**စစ်တွေ၊ လေရှီး၊ နန်းယွန်းနှင့် ဖလမ်း လက်သမားနှင့် အခြေခံလျှပ်စစ်သင်တန်း**

တိုင်းရင်းသားလူငယ်များဘဝ ရပ်တည်မှုခိုင်မာစေရန်အတွက် နယ်လှည့်သင်တန်းနှင့် ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ကျရောက်ခဲ့သည့် ရေဘေးသင့်ဒေသများရှိ လူငယ်များအား ဘဝရပ်တည်မှုအတွက် စစ်တွေတွင် ၂၈၀၊ လေရှီးတွင် ၃၀၊ နန်းယွန်းတွင် ၂၀၊ ဖလမ်းတွင် ၅၀ စုစုပေါင်း ၃၈၀ တို့အား လက်သမားသင်တန်းနှင့် အခြေခံလျှပ်စစ်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများကို ၁၉၉၂ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ရာ ၂၀၁၀ ခုနှစ်အထိ စုစုပေါင်း ၃၄ ကျောင်းဖွင့်လှစ်ခဲ့ပြီး အခြေခံအိမ်တွင်းမှုသင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ အခြေခံလက်ရက်ကန်းသင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်းတို့ကို သင်ကြားပေးသည်။

၂၀၁၁ ခုနှစ်တွင် ခန္တီး၊ မြိုင်ကြီးငူ၊ ၂၀၁၄ ခုနှစ်တွင် လောက်ကိုင်မြို့တွင် ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့သည်။

၁၉၉၂ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ သင်တန်းသူ ၃၈၅၀၀ တက်ရောက်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ၄၇၆၁၀ ဦး၊ ၂၀၁၂ ခုနှစ်တွင် ၄၉၀၈ ဦး၊ ၂၀၁၃ ခုနှစ်တွင် ၅၅၇၃ ဦး၊ ၂၀၁၄ ခုနှစ်တွင် ၅၉၅၃ ဦး၊ ၂၀၁၅ ခုနှစ် ပထမအကြိမ်အထိ ၂၁၆၅ ဦး၊ စုစုပေါင်း ၂၃၃၆၀ တက်ရောက်ခဲ့သည်။

ဒေသအလိုက် အမျိုးသမီးငယ်များ၏ အသိမြင့်မားရေး၊ ဘဝရပ်တည်မှုခိုင်မာစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး အထောက်အကူပြုနိုင်ရန်အတွက် နယ်လှည့်အိမ်တွင်းမှုသင်တန်းဖြင့် ဒေသလိုအပ်ချက်အရ ပြည်နယ်/တိုင်းဒေသကြီး အသီးသီးတို့တွင် သင်တန်း (၆၆) ကြိမ်ဖြင့် ၃၁၇၁ ဦးကို အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခဲ့သည်။


**ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံ ၁၆ ရုံတွင် အလုပ်ခန့်အပ်**

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအဖွဲ့ချုပ်နှင့် Public Private Partnership အစီအစဉ်ဖြင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်း ၃၇ ကျောင်းနှင့် နယ်လှည့်သင်တန်းများမှ အခြေခံအိမ်တွင်းမှုသင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပြီးသော တိုင်းရင်းသူလေးများအား ခေတ်မီမော်တာစက်ချုပ်သင်တန်းကို ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးရာ အမှတ်စဉ် (၁)မှ အမှတ်စဉ် (၁၁)အထိ စုစုပေါင်း သင်တန်းသူ ၁၄၄၆ ဦး တက်ရောက်ခဲ့ပြီး သင်တန်းသူများအား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားအသိအမှတ်ပြု လက်မှတ်ပေးအပ်၍ ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံ ၁၆ ရုံတွင် အလုပ်ခန့်အပ်ပေးခဲ့သည်။


နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရေးအတွက် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လိုအပ်ချက်များနှင့်အညီ အခြေခံအဆောက်အအုံများ၊ တိုင်းရင်းသားလူငယ်များနှင့် အမျိုးသမီးငယ်များ၏ အသိမြင့်မားရေး၊ ဘဝရပ်တည်မှုခိုင်မာရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

❑❑❑

**၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ၃၀-၉-၂၀၁၅ ရက်ထိ ဆောင်ရွက်ပေးခဲ့သော ပညာရေးအဆောက်အအုံ ဆောက်လုပ်မှုလုပ်ငန်းများ**




**၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ၃၀-၉-၂၀၁၅ ရက်ထိ ဆောင်ရွက်ပေးခဲ့သော ကျန်းမာရေးအဆောက်အအုံများ ဆောက်လုပ်မှု**





ရခိုင်ပြည်နယ် မောင်တောမြို့နယ် ရွှေရင်အေးကျေးရွာ၌ တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပေးထားသည်ကို တွေ့ရစဉ်။

# လက်မှုလယ်ယာမှ စက်မှုလယ်ယာဆီသို့ အရှိန်အဟုန်မြှင့် ကူးပြောင်းဖော်ဆောင်

သိမ့်သိမ့်မိုး(မြန်မာ့အလင်း)၊
ဇူလိုင်မိုး(မြန်မာ့အလင်း)

မြန်မာနိုင်ငံသည်စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သည့်နိုင်ငံဖြစ်ရာ နိုင်ငံ၏ ပင်မစီးပွားရေး ကုန်ထုတ်လုပ်ငန်းကြီးတွင် လယ်ယာကဏ္ဍသည် အခြေခံကျသည့် ကဏ္ဍကြီးဖြစ်သည်။

နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်ပြီး လယ်ယာသားငါးကဏ္ဍဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိသဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးမှုသာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ပြီး ဆင်းရဲမှုကိုလည်း လျော့ကျစေမည်ဖြစ်သည်။

ထို့ကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အရှိန်အဟုန်ဖြင့် ကူးပြောင်းဆောင်ရွက်ရေးမှာလည်း အဓိကအခန်းကဏ္ဍတစ်ရပ်အဖြစ်ပါဝင်လျက်ရှိရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲကျင့်သုံးရေးလုပ်ငန်းစဉ်များ ချမှတ်အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လယ်ယာလုပ်ငန်းများတွင် လုပ်ငန်းစဉ်အများအပြားရှိပြီး မြေယာဖော်ထုတ်ခြင်းမှစ၍ မစိုက်ပျိုးနိုင်သည့် မြေရိုင်းများကို လယ်ယာမြေများ ဖော်ထုတ်ခြင်းလုပ်ငန်းများရှိကြောင်း၊ လယ်ယာမြေများဖော်ထုတ်ရာတွင် မြေပြန့်၌ ဖော်ထုတ်သည့်လုပ်ငန်းနှင့် ကုန်းမြင့်တွင် ဖော်ထုတ်သည့် လုပ်ငန်းများရှိကြောင်း၊ အဆိုပါကုန်းမြင့်များတွင် လှေကားထစ်လယ်ယာမြေများ ဖော်ထုတ်သည့်လုပ်ငန်းများပါဝင်ကြောင်း စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးခွန်အေးနိုင်ထံမှ သိရသည်။

မြန်မာတစ်နိုင်ငံလုံးရှိ လယ်ကွက်ပုံစံများမှာ လယ်မြေတွင်စိုက်ပျိုးနိုင်ရန်အတွက် မြေသားညီညာသည့် မြေနေရာများတွင် ကန်သင်းဖွဲ့၍ စိုက်ပျိုးကြသည့်အတွက် ပုံသဏ္ဍာန်အရွယ်အစားမှာ အမျိုးမျိုးရှိနေကြသည်ကို တွေ့မြင်ရသည်။ မိရိုးဖလာ ကတည်းက မြေညီသည့်အပိုင်းများတွင် ကွက်၍ လယ်ကန်သင်းရိုးများ ပြုလုပ်စိုက်ပျိုးလာကြသောကြောင့် လယ်ကွက်ပုံစံမှာ အဝိုင်း၊ အချွန်၊ လေးထောင့် စသည်ဖြင့် ပုံသဏ္ဍာန်အမျိုးမျိုးဖြစ်နေကြောင်း သိရသည်။

"ကျေးလက်တွေမှာ ကန်သင်းလမ်းတွေအတိုင်း သွားနေကြတဲ့အခါကျတော့ တကယ်တမ်း ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ဆိုရင် ဒီလမ်းတွေကို ဝင်ထွက်သွားလာမယ့် ကုန်ထုတ်လမ်းလေးတွေလို ကျေးလက်လမ်းတွေမရှိကြဘူး။ တောင်သူတစ်ဦးက စိုက်ထားတယ်ဆို နောက်တစ်ယောက်က ဖျက်လိုက်ရင် ပြဿနာတွေဖြစ်ကုန်ကြရော။ တစ်ဦးက ကိုယ့်လယ်ကွက်က သီးနှံမှည့်လို့ ရိတ်ချင်ပေမယ့် နောက်တစ်ဦးလယ်ကွက်မမှည့်တော့ ရိတ်မရတဲ့ ပြဿနာတွေရှိခဲ့တယ်။ အရင် မဖွံ့ဖြိုးသေးတဲ့ ကာလကပေါ့။ အဲဒါတွေကို စနစ်တကျဖြစ်လာအောင် အဆင့်မြှင့်ပေးတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီလိုလုပ်ပေးခြင်းအားဖြင့် တောင်သူတွေက စက်ယန္တရားတွေသုံးလာကြတယ်။ အရင်ကလိုဖြစ်နေမယ်ဆိုရင် ကိုယ့်ထွန်စက်ကို လယ်ထဲယူသွားချင်တယ်။ သွားစရာလမ်း မရှိဘူး။ စက်နဲ့ စိုက်ချင်တယ်။ စက်နဲ့ရိတ်ချင်ရင် သွားစရာလမ်းမရှိဘူး။ အခုလို လယ်ယာတွေကို အဆင့်မြှင့်တင်ပေးလိုက်တဲ့အတွက် လယ်ကွက်တွေက တစ်သမတ်တည်း ညီညာလာမယ်။ လယ်တွေထဲကို အလွယ်တကူ ဝင်ထွက်သွားလာနိုင်မယ်။ ဒါကြောင့် တောင်သူတွေအတွက် အကျိုးကျေးဇူး အများကြီးခံစားရရှိပါတယ်"ဟု ဦးခွန်အေးနိုင်က ပြောပြသည်။



မြန်မာ့လယ်ယာဖွံ့ဖြိုးရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းလျက်ရှိရာ လယ်ယာသုံးလက်တွန်းထွန်စက်ဖြင့် မောင်းနှင်ထွန်ယက်နေသော တောင်သူတစ်ဦးကို တွေ့ရစဉ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အစိုးရသစ်လက်ထက်တွင် အမျိုးသားစီမံကိန်းလုပ်ငန်းစဉ်များကို ရေးဆွဲ၍ ဌာနအလိုက် ရည်မှန်းချက်များထားရှိဆောင်ရွက်ပြီး မြန်မာနိုင်ငံကို လက်မှုလယ်ယာကဏ္ဍမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းကျင့်သုံးရေးမှာ အဓိကရည်မှန်းချက်ပန်းတိုင်ဖြစ်ကြောင်း သိရသည်။

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရာ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းများ၊ လယ်ယာမြေများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းများ၊ လေ့ကျင့်ပညာပေးရေးလုပ်ငန်းများ၊ လယ်ယာသုံး စက်ကိရိယာ ဖြန့်ဖြူးခြင်းလုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများ စသည့် နည်းဗျူဟာခြောက်ရပ်ကို ကျင့်သုံး၍ ပြောင်းလဲမှုများ ပြုလုပ်ပေးလျက်ရှိသည်။

"လက်မှုလယ်ယာကနေ စက်မှုလယ်ယာကို ကူးပြောင်းတဲ့အပိုင်းမှာ ကျွန်တော်တို့ဌာနအနေနဲ့ နည်းဗျူဟာခြောက်ရပ် ချမှတ်ပြီး ဆောင်ရွက်နေပါတယ်။ လယ်ယာဝန်ဆောင်မှုလုပ်ငန်းတွေမှာ အဓိကအားဖြင့် ထွန်ယက်ရေးလုပ်ငန်းတွေ လုပ်ပေးတယ်။ ထွန်ယက်ရေးမှာ တောင်သူတွေကို စက်ယန္တရားတွေ ထောက်ပံ့ပေးတယ်။ တောင်သူတွေ လိုအပ်မယ့်စက်တွေကို အရစ်ကျဖြန့်ဖြူးပေးတယ်။ မြေယာပြုပြင်ခြင်းနဲ့ ရိတ်သိမ်းခြင်းလုပ်ငန်းတွေမှာ ဌာနက အငှားစနစ်နဲ့ ဝန်ဆောင်မှုတွေပေးတယ်။ အဲဒီမှာ လုပ်ကွက်ငယ်တောင်သူတွေကို ဦးစားပေးပြီး လယ်ယာဝန်ဆောင်မှုလုပ်ငန်းတွေကို ဆောင်ရွက်ပေးပါတယ်။"

"လယ်ယာမြေတွေကို အဆင့်မြှင့်တင်ပေးတဲ့ လုပ်ငန်းတွေရှိတယ်။ လယ်ယာမြေတွေကို ပြုပြင်တဲ့အခါ စနစ်ကျလယ်ယာမြေတွေ ဖော်ထုတ်ပေးတယ်။ စနစ်ကျလယ်ယာမြေဆိုတာက ဆိုဒ်အရွယ်အစားညီရမယ်။ မြေယာမျက်နှာပြင်တွေ ညီညာနေရမယ်။ အဲဒီလိုအချက်တွေနဲ့ညီအောင် ဌာနက ဆောင်ရွက်ပေးတယ်။ အဲဒါတွေကို တစ်နိုင်ငံလုံးမှာရှိတဲ့ ဧကသန်းပေါင်းမြောက်မြားစွာကို မလုပ်နိုင်သေးတဲ့အတွက် အခုအစိုးရလက်ထက်မှာ ဆည်ရေသောက် ဧရိယာတွေကို ဦးစားပေးပြီး လုပ်နေတယ်။ အရင်တုန်းကလည်း လုပ်ခဲ့တယ်။ ဒါပေမယ့် သူ့ရဲ့အင်္ဂါရပ်တွေ အပြည့်အစုံ မလုပ်နိုင်ခဲ့ဘူး။ အခုအစိုးရလက်ထက်မှာ လမ်းပါရမယ်။ ရေနုတ်မြောင်းပါရမယ်၊ မြေမျက်နှာပြင်ညီရမယ်။ ကန်သင်းတွေခိုင်ရမယ် စတဲ့ အင်္ဂါရပ်တွေ ပြည့်စုံအောင်လုပ်ပေးတယ်။ နိုင်ငံတော်က အကုန်မလုပ်နိုင်တဲ့အတွက် စံနမူနာပြအနေနဲ့ လုပ်ပြတယ်။ အဲဒါကိုမှ နောက်ပိုင်းစိတ်ဝင်စားတဲ့သူတွေ ပါလာမယ်။ ကုမ္ပဏီတွေ ပါလာမယ်။ နောက်ပြီး နိုင်ငံတကာချေးငွေအထောက်အပံ့တွေနဲ့ ဖြည်းဖြည်းချင်းသွားနေပါတယ်။

"ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ရေးလုပ်ငန်းတွေအနေနဲ့ကတော့ စိုက်ပျိုးမြေအလွန်ရှားပါးခက်ခဲတဲ့ တောင်ပေါ်ဒေသပြည်နယ်တွေဖြစ်တဲ့ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တွေမှာ ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ရေးနဲ့ စနစ်တကျ လှေကားထစ်လယ်ယာများပေါ်ထွန်းလာရေး၊ ရေရှည်တည်တံ့သော လယ်ယာသစ်တောရောနှောစိုက်ခင်း (Agro-Forestry)များ ထူထောင်နိုင်ရေးအတွက် ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။"

"ဒါ့အပြင် လေ့ကျင့်ပညာပေးရေးလုပ်ငန်းတွေလည်း ရှိပါတယ်။ တောင်သူလယ်သမားတွေကို စက်ယန္တရားတွေ မောင်းတတ်အောင်၊ အသုံးချတတ်အောင်၊ ပြင်ဆင်ထိန်းသိမ်းတတ်အောင် လေ့ကျင့်ပညာပေးလုပ်ငန်းတွေ လုပ်ရတယ်။ အရင်တုန်းက တောင်သူလယ်သမားတွေကို အခုလို လုပ်ပေးခဲ့တာမရှိဘူး။ ဌာနက ဝန်ထမ်းတွေကိုပဲ လေ့ကျင့်ပေးတာရှိတယ်။ အခုအစိုးရသစ်လက်ထက်မှာတော့ ဝန်ထမ်းတွေပဲဆို မနိုင်ဘူး။ တောင်သူလယ်သမားတွေကိုပါ သင်တန်းပေးမှဖြစ်မယ်ဆိုပြီး သင်တန်းကျောင်းနှစ်ကျောင်းကို ဖွင့်လှစ်ပေးခဲ့ပါတယ်။ သင်တန်းမှာ ထွန်ယက်နည်း၊ ထွန်စက်ထိန်းသိမ်းမောင်းနှင်နည်း၊ စပါးရိတ်သိမ်းခြွေလှေ့စက် အသုံးပြုနည်း စတာတွေကို သုံးလသင်တန်းအနေနဲ့ ဌာနကနေ စရိတ်ငြိမ်း တာဝန်ယူသင်ကြားပေးတယ်။ တချို့က သုံးလလုံးလုံး မလာနိုင်တဲ့အတွက် ရက်တိုသင်တန်းအဖြစ် မြို့နယ်စက်မှုလယ်ယာစခန်းတွေမှာ နှစ်ပတ်သင်တန်းအဖြစ် ပို့ချပေးပါတယ်။"

"လယ်ယာသုံးစက်ကိရိယာဖြန့်ဖြူးခြင်းလုပ်ငန်းအနေနဲ့ လယ်သမားတွေက အပြင်မှာလည်း စက်တွေဝယ်လို့ရတယ်။ ဌာနကလည်း အရစ်ကျစနစ်နဲ့ရောင်းချပေးတယ်။ ကျွန်တော်တို့စက်မှုလယ်ယာဌာနကတော့ တောင်သူလယ်သမားတွေ နစ်နာမှုမရှိရအောင် မြန်မာ့ရေမြေ၊ သဘာဝနဲ့လိုက်လျောညီထွေမှုရှိတဲ့ စက်တွေကို စိစစ်ရွေးချယ်ပြီးတော့မှ ပြည်ပကနေ တင်သွင်းပေးနေပါတယ်။"

"သုတေသနလုပ်ငန်းတွေ အနေနဲ့ တိုင်းပြည်ရဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် သုတေသနလုပ်ငန်းက မရှိမဖြစ်လိုအပ်ပါတယ်။ အခုက စပါးတစ်မျိုးထဲ စိုက်လို့မရဘူး။ လယ်ရော ယာရော လုပ်နေရတယ်။ စပါးကတော့ အဓိကပါ။ ဒါပေမယ့် အမယ်စုံဖြစ်အောင်"ပဲ"ကို ဘယ်လိုရိတ်သိမ်းလို့ရမလဲ ဆိုတဲ့ သုတေသနလုပ်ငန်းတွေ ပြုလုပ်နေပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးခွန်အေးနိုင်က ပြောပြသည်။

မြန်မာနိုင်ငံတွင် လယ်ယာကဏ္ဍ၌ လယ်ယာလုပ်သား ရှားပါးမှုပြဿနာကို ကြုံတွေ့နေရပြီး လယ်ယာလုပ်သားရှားပါးမှုပြဿနာကို ကုစားရန်အတွက် စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းမှုမှာ အောင်မြင်နေပြီး နှမ်းရိတ်စက်၊ ပြောင်းရိတ်စက်၊ မြေပဲ၊ အာလူးတူးဖော်သည့် စက်များကို အသုံးပြုနိုင်ရန် သုတေသနများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သုတေသနလုပ်ငန်းများမှ ရရှိလာသည့် ရလဒ်များကို ပြင်ပပုဂ္ဂလိကကုမ္ပဏီများသို့ ကြေညာပေးပြီး ယင်းကုမ္ပဏီများမှ တင်သွင်းဖြန့်ဖြူးပေးခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွဲနွားနဲ့သုံးတာကတော့ အချိန်ပိုပြီးတော့ ပေးရတယ်။ ကျွဲနွားတွေကိုထိန်းကျောင်းရတဲ့စရိတ်ကလည်းများတယ်။ စက်တွေကို အသုံးပြုရတဲ့အတွက် အချိန်တိုအတွင်းမှာ လုပ်ငန်းပြီးစီးတယ်။"

"ကိုယ်လိုချင်တဲ့ ထယ်ရေးကောင်းမွန်အောင် ဆောင်ရွက်နိုင်တယ်။ ကျွဲနွားနဲ့ လုပ်တာထက်စာရင် စက်တွေနဲ့လုပ်ရတာ ပိုပြီးအဆင်ပြေပါတယ်။ ကျွဲနွားနဲ့လုပ်တုန်းက အချိန်မရလို့ ထယ်ရေးကို စိတ်ကြိုက်ညက်အောင်၊ နပ်အောင် မလုပ်ရတာတွေရှိတယ်။ စက်နဲ့ကတော့ အချိန်တိုအတွင်း ကိုယ်လိုချင်တဲ့ သမန်းကိုညက်အောင်ထွန်ယက်နိုင်တယ်။ အဲဒီအတွက် သီးနှံအထွက်နှုန်းပါကောင်းပါတယ်။"

"အခုဆို စက်တွေကို ထွန်ယက်တဲ့နေရာမှာ သုံးတယ်။ ရိတ်သိမ်းတဲ့နေရာမှာလည်း သုံးတယ်။ အရင်ကလူနဲ့ရိတ်တယ်။ ပြီးမှ ရိတ်ခြွေစက်တွေနဲ့ခြွေတယ်။ အခုဆိုရင် ရိတ်သိမ်းခြွေလှေ့စက်တွေကို အသုံးပြုလာနိုင်တဲ့အတွက် တစ်ခါတည်းနဲ့ အဆင့်သုံးဆင့်လောက်ကို ပြီးအောင်လုပ်နိုင်တယ်။ နောက်ပိုင်းမှာ ကောက်စိုက်စက်တွေပါ တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်အောင်လို့ ဝန်ကြီးဌာနကနေ ပညာပေးသင်တန်းတွေ ဖွင့်လှစ်ပို့ချပေးနေပါတယ်"ဟု နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် တဲကြီးကုန်းကျေးရွာမှ တောင်သူ ဦးကျော်မြင့်ဦးက ပြောသည်။

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရာတွင် စက်ယန္တရားအဟောင်းများနေရာတွင် စက်အသစ်များကို အစားထိုး အသုံးပြုလာနိုင်ခဲ့သည်။

စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ၂၀၁၁ မှ ၂၀၁၅ ခုနှစ်စက်တင်ဘာလကုန်အထိ ဌာနပိုင် ထွန်စက်များဖြင့် ထွန်ယက်ပေးနိုင်မှုမှာ ဧက ၁၆၀၇၆၁၀၊ ဌာနပိုင်ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းပေးနိုင်မှုမှာ ၁၉၀၈၆၊ ထွန်စက်ကြီးများ အရစ်ကျစနစ်ဖြင့် ဖြန့်ဖြူးရောင်းချနိုင်မှုမှာ ၃၅၅ စီး၊ လက်တွန်းထွန်စက်များ အရစ်ကျစနစ်ဖြင့် ဖြန့်ဖြူးရောင်းချနိုင်မှုမှာ ၂၆၂၅၇ စီး၊ စပါးခြွေလှေ့စက်များ အရစ်ကျစနစ်ဖြင့် ဖြန့်ဖြူးရောင်းချနိုင်မှုမှာ ၁၅၈၅ စီး၊ စက်မှုလယ်ယာစနစ်ကျ လယ်မြေဖော်ထုတ်ပြီးစီးမှုမှာ ၃၆၆၄၂ ဧက၊ ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ပြီးစီးမှုမှာ ၂၇၇၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် စက်မှုလယ်ယာစခန်းပေါင်း ၁၁၇ ခု ဖွဲ့စည်း၍ တောင်သူလယ်သမားများ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရာတွင် တောင်သူလယ်သမားများ၏ လိုအပ်မှုများကို သိရှိအောင်ကြိုးပမ်းပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပံ့ပိုးကူညီဆောင်ရွက်ပေးကာ တောင်သူလယ်သမားများက ယုံကြည်အားထားရာ ဌာနတစ်ခုအဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။ ။